# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်)ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)


၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ စနေနေ့။ Saturday, 14 October 2017 (၉၀၇၇)


# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၃**

၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၁၈ ခုနှစ် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်နှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ယနေ့အစည်းအဝေးသည် ၂၀၁၈ ခုနှစ် နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများကို နိုင်ငံရေးအနှစ်သာရ ပြည့်ဝစွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ဆောင်ရွက်သည့် အစည်းအဝေးဖြစ်ပါကြောင်း။

နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားကို အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ အောင်မြင်စွာ အကောင်အထည် **စာမျက်နှာ ၃ ကော်လံ ၁ သို့**



ဒုတိယသမ္မတ ဦးမြင့်ဆွေ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။




မုံရွာမြို့တွင် ကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲတွင် ကျောက်ဆည်ဆင်အကဖြင့် ဖျော်ဖြေနေစဉ်။ ဓာတ်ပုံ-မျိုးဝင်းထွန်း(မုံရွာ)

သတင်း စာမျက်နှာ - ၅

## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)မှ ယနေ့အထိ ဆရာ ဆရာမပေါင်း ၁၂၇၉၆ ဦး မွေးထုတ်ပေးနိုင်ခဲ့

စာမျက်နှာ » ၃

## ဘက်လိုက်မှုရှိနေသော အဖွဲ့အစည်းဖြစ်နေသည်ဟုဆိုကာ အမေရိကန်နှင့် အစ္စရေးတို့ ယူနက်စကိုမှ နုတ်ထွက်မည်

စာမျက်နှာ » ၄

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာ အထူးကဏ္ဍ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။


FNI
သောကကင်းဝေး စိတ်အေးစေနိုင် FNI

မီးအာမခံ
မော်တော်ယာဉ်အာမခံ
ငွေသားအာမခံ
အသက်အာမခံ
ခရီးသွားအာမခံ
ကျန်းမာရေးအာမခံ
ရေကြောင်းအာမခံ
အခြားအာမခံ

အမျိုးမျိုးကို မြန်မာပြည်အနှံ့ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ရန်ကုန်(ရုံးချုပ်) 01-8610661~5
ရန်ကုန်(မရမ်းကုန်းရုံးခွဲ) 01-9666163
မန္တလေး 02-2844525, 09-423687900
မော်လမြိုင် 057-26538, 09-442258990~1
မုံရွာ 071-26281, 09-442258992~3
ပြည် 053-24220, 09-442258994~5
www.fnipublic.com

ကြေးမုံ

# ညီညွတ်မှုအားဖြင့် ရင်ဆိုင်ကျော်လွှား

"ပြည်သူရဲ့ထောက်ခံမှု၊ ပြည်သူရဲ့ယုံကြည်မှု၊ ပြည်သူရဲ့ညီညွတ်မှုနဲ့ နှိုင်းယှဉ်နိုင်တဲ့ ဘာအင်အားမှ မရှိပါဘူး။ ဘယ်လိုအခက်အခဲတွေနဲ့ပဲ ကြုံတွေ့ရပါစေ ပြည်သူရဲ့ညီညွတ်မှုအင်အားနဲ့ ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်" အောက်တိုဘာ ၁၂ ရက် ညပိုင်းက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာပြည်သူ ပြည်သားအားလုံးသို့ အသိပေးတင်ပြချက်မှ အနှစ်သာရတစ်ခုဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် ပြည်သူတို့အား သိသင့်သိထိုက်သည်တို့ကို အခါအားလျော်စွာ အသိပေးချပြလေ့ရှိပြီး ယခု မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်အရေးနှင့်စပ်လျဉ်း၍ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် ပြည်သူတို့အား ပါဝင်ပူးပေါင်းဆောင်ရွက်ရမည့် စိတ်ဓာတ်ခွန်အား ပေးလိုက်ခြင်းဖြစ်သည်။

ယနေ့အချိန်အခါတွင် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကြောင့် ဆက်လက်ကျယ်ပြန့်လာသည့်ပြဿနာအပေါ် နိုင်ငံတကာ၏အာရုံစိုက်မှုများ၊ မြန်မာနိုင်ငံအပေါ် ဝေဖန်စွပ်စွဲ တိုက်ခိုက်မှုများ၊ ဖိအားပေးမှုများ စသည့်စိန်ခေါ်မှုများ ရိုက်ခတ်လာသည်ကို အစိုးရနှင့်အတူ ဝန်းရံပေးကြသည့်ပြည်သူများအား ထိုသို့အသိပေးပြောကြားမှုမှာ အားတက်ဖွယ်ဖြစ်သည်။ 'စည်းလုံးခြင်းသည် အင်အား'၊ 'ညီညွတ်ခြင်းသည် အင်အား' ဆိုသကဲ့သို့ ယခုကဲ့သို့သော 'ပြည်သူတို့၏အား'ဖြင့် မည်သည့်စိန်ခေါ်မှု၊ မည်သည့်တိုက်ခိုက်မှုကိုမဆို အောင်မြင်စွာကျော်လွှားသွားနိုင်မည်သာဖြစ်သည်။

မြန်မာပြည်၏အခြေအနေ၊ မြန်မာပြည်၏ သမိုင်းကြောင်းနောက်ခံတို့ကို မြန်မာပြည်သူ ပြည်သားများသာ အသိဆုံးဖြစ်၍ ရရှိထားသော ညီညွတ်သည့် စွမ်းအားဖြင့် 'ကိုယ့်ကြမ္မာကိုယ်ဖန်တီး' ကြရမည်သာဖြစ်သည်။ အပြောမဟုတ်၊ အလုပ်ဖြင့် သက်သေပြကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံဖွံ့ဖြိုးရေး၊ မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေး၊ မြန်မာနိုင်ငံစည်းလုံးညီညွတ်ရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်ပြ သကဲ့သို့ မြန်မာနိုင်ငံအတွက် လုပ်စရာရှိသည်များ၊ လုပ်သင့်လုပ်ထိုက်သည်များအား မှန်မှန်ကန်ကန် ရဲရဲတင်းတင်း ထိထိရောက်ရောက် လုပ်ကိုင်ကြဖို့အရေးကြီးသည်။

ဤနေရာတွင် ဘာသာ၊ လူမျိုး၊ နေရာ ကွဲပြားသော်လည်း မြန်မာနိုင်ငံသား၊ မြန်မာစိတ်ဓာတ်တည်းဟူသောအသိကို တစ်သားတည်း မွေးမြူကြဖို့လိုသည်။ ပြည်တွင်းနေ မြန်မာလူမျိုးအချင်းချင်း၊ ပြည်ပနေ မြန်မာလူမျိုးအချင်းချင်း၊ ပြည်တွင်း ပြည်ပနေ မြန်မာလူမျိုးအချင်းချင်း မတူကွဲပြားမှုများကြားမှ မြန်မာချစ်စိတ်ကို ဘုံအဖြစ်ထားကာ စည်းစည်းလုံးလုံးနေထိုင်ကြဖို့ လိုအပ်မည်ဖြစ်သည်။ ယခုအခါ မြန်မာဟူသော အသိုက်အမြုံပတ်လည်တွင် သားရဲများ ဝိုင်းပတ်ကြည့်ရှု ချောင်းမြောင်းနေကြသည်။ "နွားကွဲလျှင် ကျားဆွဲမည်"ဆိုသကဲ့သို့ စိတ်ဝမ်းကွဲပြား တကွဲတပြားဖြစ်ကြလျှင် သေပွဲဝင်နိုင်သည်ကို သတိထားရမည်ဖြစ်သည်။

မကွဲမပြား တစ်တွဲတည်းထား၍ တစ်ပင်ကို တစ်ပင်ယှက် လက်ချင်းဆက်ထားကြပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တစုတစည်းတည်း၊ တစ်စိတ်တစ်ဝမ်းတည်း နေထိုင်ကြလျှင် မည်သည့်စိန်ခေါ်မှု၊ မည်သည့် အနှောင့်အယှက်၊ မည်သည့် အတိုက်အခိုက်ဟူသမျှတို့ကိုမဆို တွန်းလှန်ဖယ်ရှား အန်တုသွားနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာအခက်အခဲများအား စုပေါင်းအင်အားများကို အဓိကအားထားပြီး ဖြေရှင်းသွားနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ အစိုးရက ပြည်သူကိုအားကိုးသလို ပြည်သူကလည်း အစိုးရကို တညီတညွတ်တည်း ဝန်းရံကူညီပေးခြင်းဖြင့် ဝိုင်းဝန်းဖြေရှင်းကြရမည်ဖြစ်သည်။ မိခင်နိုင်ငံအပေါ် မေတ္တာ၊ စေတနာ၊ သစ္စာတရားဖြင့် ကူညီဆောင်ရွက်ကြရမည်ဖြစ်သည်။ အင်အားနည်းသော နိုင်ငံဖြစ်သော်လည်း ကြီးမားသော စိတ်ဓာတ်အင်အားဖြင့် အောင်မြင်မှုကို ရယူကြရမည်ဖြစ်သည်။ မည်သူခွဲခွဲ မကွဲပြားဘဲ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ဝိုင်းဝန်းတည်ဆောက်ရန်၊ ဝိုင်းဝန်းကာကွယ်သွားရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ပြည်ပဧည့်သည်များအား သီးခြားစီတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ Kempinski Hotel ၌ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စတာ ဒေးဗစ်ကာတာ့ဒ်နှင့် တွေ့ဆုံသည်။ **(ယာပုံ)**



ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတစ်ဝန်းလုံး အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေး ဆောင်ရွက်ရာတွင် အခြေခံပညာကျောင်းများ၊ မိဘ၊ ဆရာများ ပူးပေါင်းဆောင်ရွက်နိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အာဟာရဆိုင်ရာ ကျန်းမာရေး အသိပညာ မြှင့်တင်ခြင်း၊ အားကစားပြုလုပ်ခြင်း၊ အာဟာရကျွေးမွေးခြင်း စသည်တို့ ပါဝင်ဆောင်ရွက်မည်ဖြစ်ပြီး WFP အနေဖြင့် ပူးပေါင်းပါဝင်နိုင်ရန် ထည့်သွင်းပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်တွင် အာဟာရမြှင့်တင်ရေးအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နှစ်နိုင်ငံသဘောတူညီချက်အရ တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေသူများ ပြန်လည်ဝင်ရောက်လာပါက အထူးစီမံချက်အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ကမ္ဘာ့ဘဏ်မှ အာရှပစိဖိတ်ဆိုင်ရာ ဒုတိယဥက္ကဋ္ဌလာရောက်စဉ် ဆွေးနွေးထားပြီးဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်း ဆက်လက်နေထိုင်သူများကို ဆေးပညာကျွမ်းဝင်၊ ပြည်သူ့ကျန်းမာရေး ကျွမ်းဝင်များနှင့်အညီ ဘာသာ၊ လူမျိုးမခွဲခြားဘဲ တန်းတူထား၍ အာဟာရဖွံ့ဖြိုးရေးအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်နေသည်။

အလားတူ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ တိုရှီအီ မက်ဇူချီနှင့် တွေ့ဆုံသည်။ ဂျပန်-မြန်မာ အားကစား ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**




# အမက(ပတ္တမြား) တည်ဆောက်ပြီးစီးမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**တနင်္သာရီ အောက်တိုဘာ ၁၃**

တနင်္သာရီမြို့နယ် သာရဘွင်ကျေးရွာအုပ်စု ပတ္တမြားကျေးရွာတွင် ဆောက်လုပ်လျက်ရှိသော အခြေခံပညာမူလတန်းကျောင်း အဆောက်အအုံ ရာနှုန်းပြည့်ပြီးစီးမှုအခြေအနေအား မြို့နယ်တည်ဆောက်မှုကြီးကြပ်ရေးကော်မတီအဖွဲ့က အောက်တိုဘာ ၁၂ ရက် မွန်းလွဲပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ပညာရေးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၂၃၀ ဖြင့် ကလိုဆေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်လျက်ရှိသော ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည့် ကျောင်းဆောင်သစ်အား ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်ပြီး အဆိုပါကျောင်းဆောင်သည် အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေ သံဖရိန်အုတ်ညှပ် အမျိုးအစားဖြစ်ကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# မိုဘိုင်းစာကြည့်တိုက်စာအုပ်အသစ်များ ငှားရမ်း

**ရမည်းသင်း အောက်တိုဘာ ၁၃**

ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဌာနဆိုင်ရာဝန်ထမ်းများ စာပေဖတ်ရှုနိုင်စေရေး လစဉ် မိုဘိုင်းစာကြည့်တိုက် စာအုပ်အသစ်များ ငှားရမ်းခြင်းကို အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလှမ်းကွာဝေးသည့် ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးရုံတို့ကို ငှားရမ်းပေးခဲ့သည်။ **(ဇော်ဝင်းအောင်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်(ရွှေဈေး) ၉၃၇၀၀၀ - ၉၃၇၀၀၀    မန္တလေး(ရွှေဈေး) ၉၃၇၀၀၀ - ၉၃၇၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၃၀/၇၅၀ ကျပ်၊ | ၇၆၅/၇၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၈၀/၇၉၀ ကျပ်၊ | ၈၈၅/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၇၉၅/၈၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၅၀/၇၇၀ ကျပ်၊ | ၇၈၅/၇၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၈၀/၆၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၀၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၈၀/၆၉၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၁၃.၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၆.၇၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁.၁၃၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၂၂.၉၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၉၃၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၃.၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၀.၂၀ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၆.၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၆.၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ဆွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

## ပြည်တွင်းရေးရာ

✪ ရှေ့ဖုံးမှ
ဖော်နိုင်ရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၉ ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ် ၇၂/၂၀၁၇ ဖြင့် ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီကို အဖွဲ့ဝင် ၃၆ ဦးဖြင့် ဖွဲ့စည်းပေးခဲ့ပြီး ဗဟိုကော်မတီအောက်တွင် ဆပ်ကော်မတီကိုးခုကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကိုလည်း လျာထားသတ်မှတ်ပြီးဖြစ်ကြောင်း။

ယခုကျင်းပမည့် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများအား နိုင်ငံရေး အနှစ်သာရ ပြည့်ဝစွာ ကျင်းပနိုင်ရန်အတွက် အမျိုးသားရေး ဦးတည်ချက်(၅)ရပ်ကို ချမှတ်ထားပါကြောင်း၊ အမျိုးသားရေးဦးတည်ချက် (၅)ရပ်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံရေး ဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး"ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးက နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး၊ စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သည့်ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး တို့ဖြစ်ကြောင်း။

ဖွဲ့စည်းရန် လျာထားသည့် ဆပ်ကော်မတီကိုးခုမှာ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပရေး ဆပ်ကော်မတီ၊ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ၊ လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ရေးဆပ်ကော်မတီ၊ လုံခြုံရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ နိုင်ငံတော်သမ္မတ၏ လွတ်လပ်ရေးနေ့ သဝဏ်လွှာပြုစုရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီနှင့် အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီတို့ဖြစ်ကြောင်း။

အခမ်းအနားများကို နှစ်စဉ်ကျင်းပနေသည့် ပုံစံအတိုင်း နံနက်ပိုင်းအစီအစဉ်နှင့် ညနေပိုင်းအစီအစဉ်ဟူ၍ အစီအစဉ်နှစ်ပိုင်း ခွဲခြားကျင်းပသွားမည်ဖြစ်ပြီး အခမ်းအနားများသို့ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံတကာမှ သံတမန်များနှင့် ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြမည်ဖြစ်သဖြင့် လုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပွဲများ ကျင်းပရာတွင်လည်း လမ်းများပိတ်၍ ဆောင်ရွက်ခြင်းမပြုလုပ်ရန်နှင့် အများပြည်သူ အသုံးပြုသည့် အားကစားကွင်းများနှင့် စာသင်ကျောင်း အားကစားကွင်းများတွင်သာ ကျင်းပသွားရန် ပြောကြားလိုကြောင်း။

ယခင်နှစ်များက ဆောင်ရွက်ခဲ့ကြသည့် အတွေ့အကြုံများကိုအခြေခံ၍ ချို့ယွင်းချက်များနှင့် အားနည်းချက်များ မရှိစေရန် ဆပ်ကော်မတီအလိုက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန်၊ ဆပ်ကော်မတီများမှ အဖွဲ့ခေါင်းဆောင်များအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့် အခန်းကဏ္ဍအလိုက် လစ်ဟာမှုမရှိအောင် စစ်ဆေးကြပ်မတ်၍ အလေးအနက်ထား လုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ ဆပ်ကော်မတီအလိုက် သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များအလိုက် တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်စနစ်တကျရှိစေရေးအတွက် ယခုအစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီအတွင်းရေးမှူး ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်က ဆပ်ကော်မတီအသီးသီး ဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၃**
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူနှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ဆက်လက်၍ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီ၊ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ၊ လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ မီးရှူးမီးပန်းများပစ်ဖောက်ရေး ဆပ်ကော်မတီ၊ လုံခြုံရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ နိုင်ငံတော်သမ္မတ၏ လွတ်လပ်ရေးနေ့သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီနှင့် အားကစားပြိုင်ပွဲများကျင်းပရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို Power Point ဖြင့် အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ဆပ်ကော်မတီများအလိုက် အကြံပြုဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)မှ ယနေ့အထိ ဆရာ ဆရာမပေါင်း ၁၂၇၉၆ ဦး မွေးထုတ်ပေးနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၁၃**
ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို ၁၉၆၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ယနေ့အထိ မဟာပညာရေးဘွဲ့ ၉၃ ဦး၊ မဟာဒဿနဘွဲ့ ၃၅ ဦး၊ ပညာရေးဘွဲ့ ၃၄၅၄ ဦး၊ ဆရာအတတ်ပညာဒီပလိုမာ ၆၃၅ ဦး၊ အလယ်တန်းဆရာအတတ်သင် ၉၅၆ ဦး၊ အထူး မူလတန်းဆရာအတတ်သင် ၄၆၁ ဦး၊ မူလတန်းဆရာအတတ်သင် ၇၁၆၂ ဦး စုစုပေါင်း ၁၂၇၉၆ ဦးကို ၎င်းတက္ကသိုလ်ကြီးက အောင်မြင်စွာ မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ပြောကြားသည်။

ထို့အတူ တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၉၇ မျိုး သင်တန်းဆင်းခဲ့ကြပြီဖြစ်ကြောင်း၊ သင်တန်းဆင်းပြီး ကျောင်းဆင်းများအနေဖြင့် နိုင်ငံတော်၏ တာဝန်အမျိုးမျိုးကို ထမ်းဆောင်နေသည့်အပြင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များမှာ လွှတ်တော်ကိုယ်စားလှယ်များအဖြစ်နှင့် နိုင်ငံ့တာဝန်ထမ်းဆောင်နေကြကြောင်း၊ တချို့ဆိုလျှင် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် နိုင်ငံတော်ကို အလုပ်အကျွေးပြုနေကြပြီဖြစ်ကြောင်း၊ ထို့ကြောင့် မောင်တို့မယ်တို့ကလည်း ကျောင်းတော်ကြီး၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်နှင့်အညီ အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းအတွင်းမှ Long Life Learning အနေနှင့် ယခုထက်ပိုမိုမြင့်မားသည့် မဟာပညာရေးဘွဲ့၊ ပါရဂူဘွဲ့သင်တန်းများကို နိုင်ငံ့တာဝန်များ ထမ်းဆောင်ရင်း ဆက်လက်ဆည်းပူး ကြိုးစားစေလိုကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် မဟာပညာရေးဘွဲ့နှစ်နှစ် သင်တန်းအမှတ်စဉ် (၁၄)၊ (၁၅)နှင့် ပညာရေးဘွဲ့(B.Ed) ငါးနှစ်သင်တန်း အမှတ်စဉ်(၁)တို့၏ ဘွဲ့နှင်းသဘင်အခမ်းအနား၊ ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း အမှတ်စဉ်(၈)၏ သင်တန်းဆင်းပွဲများကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါတက္ကသိုလ်ဘွဲ့နှင်းသဘင် ခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ပြောကြားခဲ့ခြင်းဖြစ်သည်။



ဆက်လက်၍ ကျောင်းဆင်း မောင်တို့မယ်တို့ကို ဘွဲ့ရပြီးသည်နှင့် အလုပ်တာဝန်တစ်ခါတည်း ခန့်အပ်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့တတ်မြောက်ထားသည့် ပညာရပ်များကို လက်တွေ့ကျကျ အသုံးချပြီး တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကိုပါ ပူးတွဲတာဝန်ထမ်းဆောင်ကြရမည်ဆိုသည်ကို နားလည်သိရှိသဘောပေါက်ပြီး မိမိရောက်ရှိတာဝန်ထမ်းဆောင်သည့် ဒေသခံအုပ်ချုပ်ရေးအဖွဲ့၊ ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန်မှာကြားလိုကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန် တိုင်းရင်းသား လူငယ်များထဲက ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များစွာ ပေါ်ထွန်းရန် လိုအပ်သည့်အတွက် တိုင်းရင်းသားလူငယ်များ ပညာသင်ယူလိုစိတ်ဖြစ်ပေါ်လာအောင် မောင်တို့မယ်တို့ကိုယ်တိုင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ သင်ယူချင်စိတ်သည် ပညာရရှိရေးအတွက် အရေးကြီးဆုံးလည်း ဖြစ်ပါကြောင်း၊ လူငယ်များအကြား သင်ယူချင်စိတ်ထွန်းကားလာစေရန် သင်ပေးသူများကိုယ်တိုင် သင်ယူချင်စိတ်ရှိရန်လိုအပ်ကြောင်း၊ မိမိတို့တစ်သက်တာ သင်ယူနိုင်မည့် စိတ်ဓာတ်၊ သင်ယူချင်သည့် စိတ်ဓာတ်ကို သင်ပေးသူများတွင် ရှိနေမှသာ သင်ကြားခံရသူများ ကိုယ်တိုင်လည်း အလားတူစိတ်ဓာတ်များ ပွားများလာမည်ဖြစ်ကြောင်း။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ၏ဘဝ တိုးတက်မြင့်မားစေလိုသည့် ရည်ရွယ်ချက်ဖြင့် မောင်တို့မယ်တို့ ပညာသင်ယူခဲ့သည့် ငါးနှစ်တာကာလပတ်လုံးအတွက် နိုင်ငံတော်က ရာနှုန်းပြည့်နီးပါး ထောက်ပံ့ပေးခဲ့ပါကြောင်း၊ တက္ကသိုလ်ကြီးကလည်း မောင်တို့မယ်တို့ကို ဆရာကောင်းတစ်ယောက်ဖြစ်ရန်အတွက် လိုအပ်သည့် ပညာအရည်အချင်းများ ပြည့်ဝအောင် ခံယူရမည့်သဘောတရားများကိုလည်း သိရှိစေရန် သင်ကြားပို့ချပေးခဲ့ပြီးဖြစ်ကြောင်း။

တောင်ပေါ် မြေပြန့်အနှံ့အပြားမှာ သွားရောက် တာဝန်ထမ်းဆောင်ကြရမည့် မောင်တို့မယ်တို့အနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသား မိဘပြည်သူများအကြား ထိရောက်သော ကြားခံပေါင်းကူးများအဖြစ် ပါဝင်ဆောင်ရွက်သွားကြရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုများကိုအခြေခံပြီး နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ် သစ္စာရှိရှိ တာဝန်သိသိဖြင့် ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များမှာ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

"ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး"တို့ဟာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် နိုင်ငံတော် တိုးတက်ရေးတို့အတွက် အရေးပါခြင်းကြောင့် တိုင်းရင်းသားလူမျိုးများဆီမှာ မှန်ကန်သော ပြည်ထောင်စုစိတ်ဓာတ်၊ အတွေးအခေါ် ခံယူချက်များဖြစ်လာအောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းကောင်း ဆရာ ဆရာမများ ပီပီ အများကလေးစားနေစေရန် မိမိတို့ ကိုယ်ကျင့်တရားကိုထိန်းသိမ်းပြီး ဂုဏ်သိက္ခာကို တန်ဖိုးထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေး (၃) ပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်၏ ကျေးဇူးသစ္စာကို အမြဲစောင့်သိရိုသေသည့် နိုင်ငံ့သားကောင်းများအဖြစ် ကြိုးစားသွားကြရန်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပညာထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ပြီး အထူးဂုဏ်ပြုဆုအနေဖြင့် ရန်ကုန်ပညာရေးတက္ကသိုလ် ဂုဏ်ထူးဆောင် ပါမောက္ခ၊ ဦးသန်းဦး ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းဦးက ပညာထူးချွန်ဆုရရှိသူအား ဆုများချီးမြှင့်ခဲ့သည်။ အခမ်းအနားအပြီးတွင် တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကိုကျင်းပရာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးမြဝင်းက မဟာပညာရေးဘွဲ့နှစ်ဦး၊ ပညာရေးဘွဲ့ ၂၂၃ ဦး၊ ဆရာအတတ်ပညာဒီပလိုမာ ၁၀၇ ဦးတို့ကို ဘွဲ့၊ ဒီပလိုမာလက်မှတ်များ အပ်နှင်းပေးခဲ့သည်။ ထို့နောက် သင်တန်းသား သင်တန်းသူများ သွားရောက်တာဝန်ထမ်းဆောင်ရမည့် ပြည်နယ်/တိုင်းဒေသကြီး ၁၄ ခုတို့မှ တာဝန်ရှိသူများက အလုပ်ခန့်အပ်လွှာများအား ပေးအပ်ခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က သင်တန်းဆင်း သင်တန်းသား သင်တန်းသူများအား ညနေစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြေးမုံ



# ကယ်လီဖိုးနီးယားပြည်နယ်၌ တောမီးလောင်ကျွမ်းမှုကြောင့် လူပေါင်း ၃၁ ဦး သေဆုံး

**ကယ်လီဖိုးနီးယား အောက်တိုဘာ ၁၃**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဆိုနိုမာနှင့် နာပါစီရင်စုများတွင် အောက်တိုဘာ ၈ ရက်ကစတင်ခဲ့သည့် တောမီးကြောင့် မြေဧက ၇၇၀၀၀ ဟတ်တာခန့် မီးလောင်ကျွမ်းခဲ့ပြီး လူပေါင်း ၃၁ ဦးသေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ တောမီးလောင်ကျွမ်းမှုကြောင့် လူနေအိမ် ၃၅၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး လူပေါင်း ၂၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။ ယခုလောင်ကျွမ်းလျက်ရှိသည့် တောမီးသည် ပြည်နယ်အတွင်း လူအသေအပျောက် အများဆုံးဖြစ်သည်ဟု ဒေသန္တရမီဒီယာများက ဆိုသည်။

ဆိုနိုမာ စုရင်စုတွင် လူ ၁၇ ဦးသေဆုံးကြောင်းနှင့် ဖုန်းတာဝါတိုင်များ ပျက်စီးဆုံးရှုံးခဲ့သည့်အတွက် ဒေသခံပြည်သူအများအပြားနှင့် ဆက်သွယ်မှု ပြတ်တောက်ခဲ့ကြောင်း ဒေသန္တရအာဏာပိုင်များက အတည်ပြုပြောကြားခဲ့သည်။

ကယ်လီဖိုးနီးယားပြည်နယ်အပါအဝင် အခြားအနီးဝန်းကျင်ရှိပြည်နယ်များမှ မီးသတ်တပ်ဖွဲ့ဝင် ၈၀၀၀ ကျော်က အရှိန်အဟုန်ပြင်းစွာလောင်ကျွမ်းလျက်ရှိသည့် တောမီးကို ကြိုးစားငြိမ်းသတ်ကြသော်လည်း ပူပြင်းခြောက်သွေ့သောလေများ ပင့်သက်တိုက်ခိုက်မှုကြောင့် မီးငြိမ်းရာတွင် ခက်ခဲမှုများရှိခဲ့သည်။

တောမီးလောင်ကျွမ်းမှုမှ မီးခိုးငွေ့များကောင်းကင်ယံသို့ ပျံ့နှံ့လွင့်စင်မှုကြောင့် နာပါစီရင်စုတောင်ဘက် ကီလိုမီတာ ၁၀၀ ဝေးကွာသော ဆန်ဖရန်စစ္စကိုလေဆိပ်မှ လေကြောင်းလိုင်း ၁၀၀ ကျော်ကို အောက်တိုဘာ ၁၂ ရက်က ပယ်ဖျက်ခဲ့ရကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**



# ကာဒစ္စတန် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရန် စီစဉ်ခဲ့မှု ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား ဖမ်းဝရမ်းထုတ်

**ဘဂ္ဂဒက် အောက်တိုဘာ ၁၃**

အီရတ်နိုင်ငံမှ ခွဲထွက်နိုင်ရေးကို ဦးတည်သော ပြည်သူ့ဆန္ဒခံယူပွဲကို ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသည့် ကာဒစ္စတန် ရွေးကောက်ပွဲနှင့် ပြည်သူ့ဆန္ဒခံယူပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား တရားရုံးတစ်ရုံးက ဖမ်းဝရမ်းထုတ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။



ပြည်သူ့ဆန္ဒခံယူပွဲကို ကြီးကြပ်ပေးခဲ့သော ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ရုဆာဖာ စုံစမ်းစစ်ဆေးရေးတရားရုံးက အောက်တိုဘာ ၁၁ ရက်တွင် ဖမ်းဝရမ်းထုတ်ပေးခဲ့ကြောင်း တရားရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူ တရားသူကြီး အဗ္ဗဒူစတာ ဘေဟာဒါက ပြောကြားသည်။

ကာဒစ္စတန်ဒေသ၌ ပြည်သူ့ဆန္ဒခံယူပွဲ ပြုလုပ်ခဲ့ခြင်းနှင့် ပတ်သက်၍ အီရတ်ကရော တူရကီကပါ အပြင်းအထန် ဆန့်ကျင်ခဲ့ကြသည်။ ကာဒစ္စတန် ဒေသန္တရအစိုးရအဖွဲ့အား ဆက်ဆံရေးဆိုင်းငံ့ထားခြင်းဖြင့် ကာ့ဒ်လူမျိုးတို့ကို အထီးကျန်ဖြစ်စေမည့် အစီအစဉ်များဖြင့် ယင်းနိုင်ငံများက တုံ့ပြန်ခဲ့ကြသည်။

ကာဒစ္စတန်ဒေသသို့ နိုင်ငံတကာလေကြောင်းခရီးစဉ်များ ပျံသန်းခြင်းကို တားမြစ်ပိတ်ပင်ခြင်း၊ ယင်းဒေသနှင့် ဆက်ဆံခြင်းမပြုဘဲ အထီးကျန်ထားရှိခြင်းတို့ဖြင့် ယင်းနိုင်ငံတို့က တုံ့ပြန်ခဲ့ကြသည်။

ထိုစဉ်အတွင်း အီရတ်နှင့် တူရကီတို့က နှစ်နိုင်ငံအကြား ရေနံပိုက်လိုင်းတစ်ခုကို ပြန်လည်ဖွင့်လှစ်ခဲ့ကြသည်။ **ရိုက်တာ။**

# ဘက်လိုက်မှုရှိနေသော အဖွဲ့အစည်းဖြစ်နေသည်ဟုဆိုကာ အမေရိကန်နှင့် အစ္စရေးတို့ ယူနက်စကိုမှ နုတ်ထွက်မည်

**ပါရီ အောက်တိုဘာ ၁၃**

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)မှ နုတ်ထွက်မည်ဟု အမေရိကန်ပြည်ထောင်စုနှင့် အစ္စရေးနိုင်ငံတို့က အောက်တိုဘာ ၁၂ ရက်တွင် ထုတ်ပြန်ကြေညာလိုက်ကြကြောင်း၊ ယူနက်စကိုအဖွဲ့သည် အစ္စရေးဆန့်ကျင်ရေးဘက်မှ ဘက်လိုက်နေသည်ဟု အမေရိကန်၏ စွပ်စွဲချက်ပေါ်ထွက်ခဲ့ပြီးနောက် ယင်းသို့ ထုတ်ပြန်ကြေညာခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြသည်။

ယူနက်စကိုအဖွဲ့၏ရန်ပုံငွေ ငါးပုံတစ်ပုံအတွက် ထောက်ပံ့ပေးနေသော အမေရိကန်ပြည်ထောင်စုက ယင်းအဖွဲ့အစည်း၏ အဖွဲ့ဝင်နိုင်ငံအဖြစ်မှ နုတ်ထွက်ခြင်းသည် ပြင်သစ်နိုင်ငံ ပါရီအခြေစိုက် အဆိုပါအဖွဲ့အား ကြီးမားသော ထိုးနှက်ချက်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ယူနက်စကိုအဖွဲ့ကို ဒုတိယကမ္ဘာစစ်အပြီးကာလတွင် ထူထောင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းကို ဆောင်ရွက်လာခဲ့သည်။

ယူနက်စကိုမှ ထွက်ရန် ဆုံးဖြတ်ချက်ကို မိမိတို့ ပေါ့ပေါ့တန်တန် ချမှတ်ခဲ့ခြင်းမဟုတ်ကြောင်း၊ အစ္စရေးဆန့်ကျင်ရေးဘက်မှ ဘက်လိုက်နေသော အဖွဲ့အနေဖြင့် အခြေခံကျကျပြုပြင်ပြောင်းလဲနိုင်ရန် လိုအပ်ပုံကို ထင်ဟပ်လျက်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနပြောရေးဆိုခွင့်ရှိသူ ဟီသာနော်ရတ်က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။ **ရိုက်တာ။**

# ဆီးရီးယားနိုင်ငံ အိဒ်လစ်မြို့၌ တူရကီစစ်ဘက်က စစ်ရေးအကဲခတ်စခန်းတည်ထောင်

**အန်ကာရာ အောက်တိုဘာ ၁၃**

ဆီးရီးယားနိုင်ငံ မြောက်ပိုင်းအိဒ်လစ်မြို့၌ အက်စတာနာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ မူဘောင်အရ တူရကီစစ်ဘက်က အောက်တိုဘာ ၁၂ ရက်တွင် စစ်ရေးအကဲခတ်စခန်းတစ်ခုကို တည်ထောင်လိုက်ပြီဖြစ်ကြောင်း တူရကီစစ်ဦးစီးချုပ်က အောက်တိုဘာ ၁၃ ရက်တွင် ထုတ်ပြန်ကြေညာသည်။

တူရကီစစ်ဘက်က အိဒ်လစ်မြို့တွင် ပါဝင်လှုပ်ရှားရခြင်း၏ ရည်ရွယ်ချက်မှာ စစ်ပွဲအရှိန်လျှော့ချနိုင်ရေးဇုန်တစ်ခုကို တည်ထောင်ရန်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

တူရကီသည် ဆီးရီးယားနိုင်ငံအတွင်း စစ်ရေးလေ့လာစောင့်ကြည့်ရေးစခန်းတည်ထောင်ရခြင်းမှာ ရုရှား၊ အီရန်နိုင်ငံတို့နှင့် ရရှိခဲ့သော စစ်ပွဲဆိုင်ရာ စည်းမျဉ်းများနှင့်အညီ တာဝန်တစ်ရပ်ကို ထမ်းဆောင်ခြင်းဖြစ်ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြသည်။

အောက်တိုဘာ ၁၂ ရက် နှောင်းပိုင်းတွင် တူရကီစစ်ဘက်မှစစ်သုံးယာဉ်အစီး ၃၀ ခန့်ပါသော ယာဉ်တန်းတစ်တန်းသည် ဆီးရီးယားသူပုန်တပ်ဖွဲ့များက သိမ်းယူထားသည့် အိဒ်လစ်မြို့သို့ ဦးတည်ကာ အက်အယ်လ်ဟာဝါနယ်ခြားဖြတ်စခန်းကို ဖြတ်ကျော်ခဲ့ကြောင်း ဒေသတွင်း သတင်းဌာနများနှင့် မျက်မြင်တွေ့ရှိသူများ၏ပြောကြားချက်များအရ သိရသည်။

တူရကီစစ်ယာဉ်တန်းသည် ဇီကက်ဘာကာရက်သို့ ဦးတည်သွားရောက်ခဲ့သည်။ ယင်းနေရာမှာ ဆီးရီးယားသူပုန်များ သိမ်းယူထားသည့် နိုင်ငံအနောက်မြောက်ပိုင်းရှိ ဒေသကို ကောင်းစွာ စီးမိုးတွေ့မြင်နိုင်သော တောင်ထိပ်တစ်နေရာတွင်တည်ရှိသည်။ ကာဒစ္စပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(ဝိုင်ပီဂျီ)က သိမ်းယူထားသည့် အာဖရင်ဒေသကိုလည်း အပေါ်စီးမှ ကောင်းစွာတွေ့မြင်နိုင်သော နေရာလည်းဖြစ်သည်။




တူရကီသမ္မတ ယေဆပ်တေရစ် အာဒိုဂန်က တူရကီတပ်ဖွဲ့များ ဖြန့်ကြက်သည့် အစီအစဉ်ကို အောက်တိုဘာ ၇ ရက်တွင် ကြေညာခဲ့သည်။ အရေးကြီးသော စစ်ဆင်ရေးတစ်ရပ် အိဒ်လစ်မြို့၌ လုပ်ဆောင်မည်ဟု ၎င်းက ပြောကြားခဲ့သည်။ ယင်းမှာ လွန်ခဲ့သည့်လအတွင်းက ကာဇက်စတန်နိုင်ငံ အက်စတာနာမြို့၌ အီရန်နှင့် ရုရှားနိုင်ငံတို့နှင့် ရရှိခဲ့သော စစ်ပွဲအရှိန်လျှော့ချရေး သဘောတူညီချက်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဆိုသည်။ **ဆင်ဟွာ။**

# ကလေးစာပေပွဲတော်များကျင်းပနေခြင်းသည် ကလေးများပျော်ရွှင်မှုနှင့်အတူ စာဖတ်ဝါသနာကိန်းအောင်းသွားစေရန် ရည်ရွယ်

**မုံရွာ အောက်တိုဘာ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မုံရွာတက္ကသိုလ်ဘက်စုံခန်းမ၌ ကျင်းပသည်။



ဖွင့်ပွဲအခမ်းအနားကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် ကျောင်းသား ကျောင်းသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကလေးစာပေပွဲတော်ဖွင့်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက "ကလေးစာပေပွဲတော် Theme Song" သီချင်းဖြင့် တေးသရုပ်ဖော်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်က "ကလေးစာပေပွဲများ ကျင်းပနေခြင်းဟာ ကလေးတွေပျော်ရွှင်မှုနဲ့အတူ စာဖတ်ဝါသနာကိန်းအောင်းသွားစေဖို့ ရည်ရွယ်ပါတယ်။ တစ်နည်းအားဖြင့် ကလေးတွေကို ပြုစုပျိုးထောင်တာဖြစ်ပါတယ်။ ကလေးတွေကို အများကိစ္စတွေမှာ ပါဝင်တတ်တဲ့ နိုင်ငံ့သားကောင်းစိတ်ဓာတ်ရှိတဲ့ ကလေးတွေဖြစ်အောင် ပြုစုပျိုးထောင်တာဖြစ်ပါတယ်။ ကလေးတွေကို စာဖတ်တဲ့ဝါသနာရသွားပြီးနောက် ရာသက်ပန်ဆည်းပူးလေ့လာလိုက်စားပြီး အရည်အချင်းပြည့်ဝတဲ့ လူလတ်များ၊ လူကြီးများဖြစ်လာဖို့ ရည်ရွယ်ပြီး ကျင်းပနေတာဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ အနာဂတ်မြန်မာနိုင်ငံရဲ့ နိုင်ငံ့သားကောင်းများ၊ အရည်အချင်းပြည့်ဝသော နိုင်ငံသူနိုင်ငံသားများဖြစ်အောင် ပြုစုပျိုးထောင်ဖို့ ရည်ရွယ်ချက်နဲ့ ကလေးစာပေပွဲတော်များကို ကျင်းပနေခြင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးနှင့် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်တို့က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ပါရမီကိုယ်ပိုင်ကျောင်းမှ ကျောင်းသူသုံးဦးက "အပျိုတော်ယိမ်းအက"သီချင်းဖြင့်လည်းကောင်း၊ အထက (၃) မုံရွာမှ ကျောင်းသူ ရှစ်ဦးက "မင်္ဂလာပါ"သီချင်းဖြင့်လည်းကောင်း၊ အလက (ခွဲ)ချင်းစုမှ ကျောင်းသူ ၁၆ ဦးက "စစ်ကိုင်းသူအလှဘုရင်မ"သီချင်းဖြင့်လည်းကောင်း၊ အမက ညောင်ပင်ဈေးကျောင်းသူ ကိုးဦးက "ရွှေဘိုသနပ်ခါး"သီချင်းဖြင့် လည်းကောင်း၊ အလက (ခွဲ) ကူးတို့ကုန်းမှ ကျောင်းသားလေးများက "ဒိုးပတ်ဝိုင်း"ဖြင့် လည်းကောင်း၊ အထက(၂) မုံရွာမှ ကျောင်းသူလေးများက "ပြော"သီချင်းဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခင်းကျင်းပြသထားသည့် ကလေးစာပေပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးပြီး ကလေးစာပေပွဲတော်သို့ တက်ရောက်လာကြသည့် ကလေးငယ်များနှင့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

မုံရွာမြို့ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြပွဲရက်များတွင် ဖျော်ဖြေရေးအစီအစဉ်များ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ၊ ဂိမ်းကစားပွဲများ၊ ပန်းချီပြိုင်ပွဲများ၊ စာပေဟောပြောပွဲများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများအပါအဝင် ပြပွဲပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောင်မင်းဟန်)**

# ကလေးစာပေပွဲတော် ပထမနေ့လာရောက်သူများဖြင့် စည်ကားများပြား

**မုံရွာ အောက်တိုဘာ ၁၃**

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ပထမနေ့ကို မုံရွာမြို့ မုံရွာတက္ကသိုလ်ဘက်စုံခန်းမ၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားစတင်ချိန် နံနက်ပိုင်းမှ ပြပွဲသိမ်းချိန် ညနေ ၅ နာရီအထိ လာရောက်လေ့လာသူများ၊ ပါဝင်ဆင်နွှဲသူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါပွဲတော်တွင် စစ်ကိုင်းတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ် ၃၆ ခု၊ မြန်မာနိုင်ငံ ရုပ်စုံသဘင်အသင်းမှ ရုပ်သေးအက၊ မျက်လှည့်နှင့် ကျောက်ဆည်မြို့ ရိုးရာဆင်အကအဖွဲ့ (ဉာဏ်လင်းထက်)တို့က ဖျော်ဖြေတင်ဆက်ကြရာ ပွဲတော်လာသူများက တစ်ခဲနက်အားပေးခဲ့ကြသည်။

ကဗျာရွတ်ဆိုပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ၆၀ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပွဲတော်လာကလေးများအတွက် စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ပဟေဠိပြိုင်ပွဲများနှင့် စုပေါင်းယှဉ်ပြိုင်ရသည့် ဂိမ်းကစားနည်းပြိုင်ပွဲများ ကျင်းပပေးခဲ့ပြီး တာဝန်ရှိသူများက ဆုများပေးအပ်သည်။

စာပေဟောပြောပွဲတွင် စာရေးဆရာ ဦးအောင်ဗိုလ်ဝင်း (ဗိုလ်-မြန်မာစာ)က "စာအုပ်စာပေကလေးတို့ရဲ့မိတ်ဆွေ"၊ စာရေးဆရာမ ဒေါ်မြမြဆွေ (မြမြဆွေ-စိတ်ပညာ)က "စာပေဖွံ့ဖြိုးလူငယ်အကျိုး" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးပြီး မွန်းလွဲပိုင်းတွင် ဦးဖေသန်း(နေမင်းသန်း)၊ ဦးတင်အောင်(ခြိမ့်သဲ)၊ ဦးသိုက်စိုးထွန်း(သိုက်စိုးထွန်း-နတ်ရွာ)၊ ဦးဝေဖြိုးဆင့် (ထူးအောင်ဝင့်)၊ ဦးကျော်သက်ခိုင် (ကျော်သက်ခိုင်-မုံရွာ)တို့က "စာဖတ်အကျင့်၊ တိုးမြှင့်မြတ်နိုး၊ ဘက်စုံတိုးတက်၊ ကလေးတို့အတွက်" ခေါင်းစဉ်ဖြင့် ကလေးစာပေမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကိုလည်းကောင်း ကျင်းပခဲ့ရာ ပွဲတော်လာရောက်သူများက စိတ်ပါဝင်စားစွာ နားထောင်ခဲ့ကြသည်။

စာပေပွဲတော်သို့လာရောက်သည့် ကျောင်းသားကျောင်းသူများအား စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့ပူးပေါင်း၍ စတုဒိသာကျွေးမွေးခြင်း၊ မုံရွာမြို့နယ် စီမံခန့်ခွဲမှုကော်မတီက ရေသန့်၊ မုံရွာတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် စေတနာရှင်ပြည်သူများက အအေးနှင့် မုန့်မျိုးစုံ၊ PREMIER မှ ကွေကာနှင့် နို့အေးများကို ပွဲတော်လာကလေးများအား တိုက်ကျွေးသည်။

ကလေးစာပေပွဲတော် မုံရွာတွင် ပညာပေးပြခန်း ၃၆ ခန်းခင်းကျင်းပြသထားပြီး စာအုပ်ထုတ်ဝေရေးနှင့် ဖြန့်ချိရေးလုပ်ငန်းများမှ စာအုပ်အရောင်းဆိုင်များဖွင့်လှစ်ပြသရောင်းချလျက်ရှိပြီး ကလေးစာပေနှင့်ပတ်သက်သည့် စာအုပ်စာစောင်များ အများဆုံးရောင်းရကြောင်း သိရသည်။

**(အောင်မင်းဟန်)**





# လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေထုတ်ချေး

**သန်လျင် အောက်တိုဘာ ၁၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ သန်လျင်မြို့နယ်အတွင်းရှိ စီမံကိန်းကျေးရွာ ၂၂ ရွာအနက် ချောင်းစောက်ကျေးရွာ၌ ချေးငွေအောင်မြင်သူ ၁၀ ဦးအတွက် လုပ်ငန်းအမျိုးအစားအလိုက်ချေးငွေ ကျပ် ၂၂၀၀၀၀၀ အားကျေးရွာ ရန်ပုံငွေကြီးကြပ်မှုကော်မတီမှ အောက်တိုဘာ ၁၃ ရက်တွင် ထုတ်ချေးပေးမှုကို သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများက သွားရောက်ကွင်းဆင်းကြီးကြပ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ဘာသာပေါင်းစုံညီညွတ်ကြစို့

## ဒေါက်တာမြင့်သန်း (ညောင်လေးပင်)

ကမ္ဘာ့အမြင့်ဆုံးတောင်ကြီးဖြစ်တဲ့ ဧဝရက်တောင်(Mount Everest)ကို နီပေါနိုင်ငံက ဆာဂမတာ၊ တရုတ်နိုင်ငံက ချိုမိုလန်ဂမာလို့ ခေါ်ပါတယ်။ ပင်လယ်ရေပြင်အထက်အမြင့်ပေ ၈၈၄၈ မီတာ(၂၉၀၂၉ ပေ)အမြင့်ရှိတာမို့ ကမ္ဘာ့အမြင့်ဆုံးတောင်ကြီးဖြစ်ပါတယ်။ တရုတ်နိုင်ငံ (တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)နဲ့ နီပေါနိုင်ငံတို့အကြားမှာရှိတဲ့ တောင်ကြီးဖြစ်ပါတယ်။ ၁၈၅၀ ပြည့်နှစ်များမှာ ဗြိတိသျှတို့က ဒီတောင်ကြီးကို စတင်တွေ့ရှိခဲ့ပါတယ်။ ဗြိတိသျှမြေတိုင်းအရာရှိများက တောင်အမှတ်တစ်ဆယ့်ငါး (PeakXV) လို့ ခေါ်ခဲ့ကြပါတယ်။ ၁၈၆၅ ခုနှစ်မှာ ဗြိတိန်ပထဝီအသင်းကြီးက အိန္ဒိယမြေတိုင်းအရာရှိချုပ်နှင့် ကြီဂိုနိုမေတြီပညာရှင် ဆာဂျော့ဂျ် အဲဗရက်စ်ကို ဂုဏ်ပြုသောအားဖြင့် (Everest) အဲဗရက်စ်တောင်လို့ အမည်ပေးခဲ့ကြပါတယ်။ နိုင်ငံတကာမှာ Mt.Everert လို့ အမည်တွင်လာခဲ့ပါတယ်။

နှစ်ပေါင်းတစ်ရာလောက်အတွင်း တောင်ထိပ်ကိုရောက်အောင် လူသားတွေ ရောက်ရှိနိုင်ဖို့ ကြိုးပမ်းခဲ့ကြပါတယ်။ လူတစ်ရာ တောင်ထိပ်ရောက်တိုင်း လူလေးယောက်သေဆုံးစမြဲမို့ သေဆုံးမှုနှုန်းက ၄ ရာခိုင်နှုန်းဖြစ်ပါတယ်။ တောင်ခြေစခန်းသည်ပင် ပင်လယ်ရေမျက်နှာပြင်အထက် ၁၇၅၉၈ ပေရှိတာမို့ မြန်မာနိုင်ငံရဲ့ အမြင့်ဆုံးတောင် ခါကာဘိုရာဇီထက် ၁၆၉၇ ပေသာ နည်းပါတယ်။ ဧဝရက်တောင်ထိပ်ကိုတက်ဖို့ ကုန်ကျစရိတ်ကလည်း လူတစ်ဦးအတွက် အနည်းဆုံးဒေါ်လာ ခြောက်သောင်းခွဲ(ကျပ်သိန်း ၈၄၅)ခန့် ကုန်ကျနိုင်ပါတယ်။ အထူးသဖြင့် ၁၉၃၃ ခုနှစ်မှ ၁၉၅၂ ခုနှစ်များအတွင်း ကြိုးပမ်းမှု အထူးများပြားခဲ့ပါတယ်။ ဗိုလ်မှူးကြီး ဂျွန်ဟန့် ဦးစီးတဲ့ တောင်တက်အဖွဲ့ကတော့ ၁၉၅၃ ခုနှစ်မှာ ဒီခရီးစဉ်ကို အောင်မြင်စွာ တက်ရောက်နိုင်ဖို့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

တော်ဝင်ပထဝီအသင်းနဲ့ အယ်လ်ပိုင်းကလပ်တို့ရဲ့ ကူညီထောက်ပံ့မှုများနဲ့ တက်နိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်။ အောက်ဆီဂျင်ဘူးများ၊ အထမ်းသမားများ၊ ခရီးတစ်လျှောက် စခန်းများကို တည်ဆောက်ခဲ့ပါတယ်။ သူတို့ရဲ့ တောင်တက်အဖွဲ့ဟာ ကမ်ဘူရေခဲရေတံခွန်နေရာကို ရောက်တဲ့အခါ လက်လျှော့ရတော့မလိုဖြစ်ရပါတယ်။ အလွန့်အလွန်ခက်ခဲတဲ့နေရာဖြစ်တာမို့ပါ။ တောင်တက်သမားနှစ်ဦးဖြစ်တဲ့ နယူးဇီလန်နိုင်ငံသား အက်ဒ်မန်ဟီလာရီနဲ့ လမ်းပြ တိဘက်(ရှာပလူမျိုး)တန်ဇင်းနော်ဂေးတို့ကတော့ ကြီးမားသောအခက်အခဲကြီးများကို ကျော်ဖြတ်ကာ ၁၉၅၃ ခုနှစ် မေလ ၂၉ ရက်နေ့မှာ ဧဝရက်တောင်ကြီးရဲ့ထိပ်ဆုံးကို ရောက်ရှိခဲ့ကြပါတယ်။

သူတို့နှစ်ဦးဟာ ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ကြီးကို အောင်မြင်စွာတက်ရောက်ခဲ့ကြတဲ့ လူသားနှစ်ဦးဖြစ်ပါတယ်။ ဗြိတိန်နိုင်ငံတော်ကြီးရဲ့ဂုဏ်ကို ဆောင်နိုင်ကြလို့ အက်ဒ်မန်ဟီလာရီနဲ့ ဦးဆောင်စီစဉ်သူ ဂျွန်ဟန့်တို့ကို သူကောင်းပြုခြင်းခံကြရပါတယ်။ သူတို့အမည်ရှေ့မှာ "ဆာ(Sir)" တပ်ခေါ်ခွင့်ရသွားကြပါတယ်။ သူတို့နောက်ပိုင်းမှာတော့ နိုင်ငံတကာ တောင်တက်သမား ၃၆၀ ခန့် တောင်ထိပ်ရောက်အောင် တက်ရောက်နိုင်ခဲ့ကြပါတယ်။ သို့သော် လမ်းခရီးမှာ သေဆုံးရသူပေါင်းကလည်း တစ်ရာကျော်လောက်ရှိတယ်လို့ သိရပါတယ်။ ဒီခရီးလမ်းဟာ အင်မတန်ခက်ခဲကြမ်းတမ်းလို့ ခုချိန်အထိလည်း လွယ်လွယ်နဲ့တက်ရောက်နိုင်ဖို့ မဖြစ်နိုင်သေးတာဖြစ်ပါတယ်။ ဒါပေမယ့် ဒီလောက်ခက်ခဲတဲ့ခရီးကို အခေါက်ခေါက်အခါခါ တက်နိုင်သူတွေရှိပါတယ်။

နီပေါနိုင်ငံသား ရှာပလို့ခေါ်တဲ့ ဒေသခံတိုင်းရင်းသားတွေဖြစ်ပါတယ်။ သူတို့ဟာ တောင်တက်ကျွမ်းကြသလို အလွန်ကြံ့ခိုင်ကြသူတွေဖြစ်ပါတယ်။ လေဖိအားနည်းတဲ့တောင်မြင့်တွေရဲ့ ရာသီဥတုဒဏ်ကို ကောင်းစွာခံနိုင်ကြပါတယ်။ သူတို့ဟာ တောင်တက်အဖွဲ့တွေကို လမ်းပြ၊ အထမ်းတွေထမ်းပေးကြတဲ့အလုပ်ကို လုပ်ကြပါတယ်။ ဘာဘူချီရီဆိုတဲ့ ရှာပလူငယ်လေးတစ်ယောက်ကတော့ သူတို့လူမျိုးတွေ အခုလို အထမ်းသမားလုပ်နေရတာလောက်ကို မနှစ်သက်ပါဘူး။ သူဟာ အသက် ၁၄ နှစ်သားကစပြီး အထမ်းသမားလုပ်ခဲ့လို့ ဒီခရီးကို အထူးကျွမ်းကျင်နေပြီဖြစ်ပါတယ်။ သူတို့ကို နိုင်ငံခြားသားတွေက အထမ်းသမားလို ဆက်ဆံကြတာကို သဘောမတွေ့ပါဘူး။ ဒါနဲ့ သူကိုယ်တိုင် တောင်ထိပ်ရောက်အောင် တစ်ဦးတည်း တက်ပြခဲ့ပါတယ်။ အငှားလိုက်သူမဟုတ်တော့ဘဲ တောင်တက်သမားဖြစ်အောင် လုပ်ခဲ့ပါတယ်။ သူများတွေ ရက်သတ္တနှစ်ပတ်လောက် အချိန်ယူတက်ရတဲ့ခရီးကို သူက တစ်ရက်မပြည့်မီ အချိန်အတွင်း တက်ပြနိုင်ခဲ့ပါတယ်။

၂၀၀၀ ပြည့်နှစ် မေလထဲမှာ ၁၆ နာရီ ၅၆ မိနစ်နဲ့ စံချိန်တင်ခဲ့ပါတယ်။ ၁၄ ရက်အတွင်း တောင်ထိပ်ကို နှစ်ခေါက်တက်ပြခဲ့ပါတယ်။ တောင်ထိပ်မှာ အောက်ဆီဂျင်ဘူးမပါဘဲ ရွက်ဖျင်တဲလေးတစ်ခုအတွင်းမှာ ၂၁ နာရီနေပြခဲ့ပါတယ်။ ဘာဘူချီရီဟာ သာမန်အထမ်းသမားတစ်ယောက်မဟုတ်တော့ပါဘူး။ တောင်တက်နည်းပြ၊ တောင်တက်ခရီးသွားကုမ္ပဏီတစ်ခုရဲ့ အကြီးအကဲလည်း ဖြစ်သွားရုံမက တစ်ကမ္ဘာလုံးကပါ သိရှိချီးကျူးခံရတဲ့ သူရဲကောင်းတစ်ဦးဖြစ်သွားပါတယ်။ ဖော်ပြခဲ့တဲ့ ဗိုလ်မှူးကြီးဂျွန်ဟန့် ဦးဆောင်တဲ့ တောင်တက်အဖွဲ့ဟာ ၁၉၅၃ ခုနှစ် မေလ ၂၇ ရက်နေ့မှာ တောင်ထိပ်ကိုရောက်ဖို့ ကြိုးပမ်းကြပါတယ်။ အမြင့် မီတာ ၈၆၉၀ ရှိတဲ့ South Col နေရာမှာ သုံးရက်လောက်နေခဲ့ပြီးနောက် ဗိုလ်မှူးကြီးဂျွန်ဟန့်ဟာ ဆက်တက်ဖို့ မစွမ်းတော့ပါဘူး။ အလွန်ကြမ်းတမ်းတဲ့ ရာသီနဲ့ ခရီးဒဏ်ကြောင့် ဆက်မလိုက်နိုင်တော့ပါဘူး။

ဒါကြောင့် သူဟာ တောင်အောက်ကို ပြန်ဆင်းဖို့ ဆုံးဖြတ်ပြီး အက်ဒ်မန်ဟီလာရီနဲ့ တင်ဇင်းနော်ဂေးတို့နှစ်ဦးကို ဆက်တက်ဖို့ စီစဉ်လိုက်ပါတယ်။ တောင်အောက်ကိုမဆင်းခင် စာအိတ်လေးတစ်အိတ်ကို အက်ဒ်မန်ဟီလာရီလက်ထဲ ထည့်ပေးလိုက်ပါတယ်။ စာအိတ်ထဲမှာ အဖြူရောင်လက်ဝါးကပ်တိုင်လေးတစ်ခု ထည့်ထားပါတယ်။ ဒီလက်ဝါးကပ်တိုင်လေးဟာ ဂျွန်ဟန့်ရဲ့ဖခင်ကို Archbishop Montini (နောင်တွင် ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ် ၆) က ချီးမြှင့်ခဲ့တာဖြစ်ပါတယ်။ မြင့်မြတ်တဲ့ ဒီပစ္စည်းကို တောင်ထိပ်ရောက်ရင် အမှတ်တရထားခဲ့ဖို့၊ ကမ္ဘာကြီးကိုအေးချမ်းစေဖို့၊ မေတ္တာများဖြန့်ဝေဖို့ စတဲ့ သဘောနဲ့ ဆောင်ရွက်လိုတာဖြစ်ပါတယ်။ ဒီလိုနဲ့ နောက်နှစ်ရက်အကြာ မေလ ၂၉ ရက်နေ့ နံနက် ၁၁ နာရီ မိနစ်သုံးဆယ်မှာ အက်ဒ်မန်ဟီလာရီနဲ့ တင်ဇင်းနော်ဂေးတို့နှစ်ဦး ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ကြီးရဲ့ အမြင့်ဆုံးတောင်ထိပ်ကို အောင်မြင်စွာ ရောက်ရှိသွားကြပါတယ်။

> **မျိုးချစ်စိတ်ဆိုတာ ကိုယ်ချင်းစာတရား၊ အပြန်အလှန်လေးစားခြင်းများပါဝင်တဲ့ မြင့်မြတ်တဲ့ လူသားစိတ်လို့ဆိုပါတယ်။ မှန်ကန်တဲ့မျိုးချစ်စိတ်များနဲ့ တစ်မြေတည်းနေသူများအချင်းချင်း ချစ်ခင်ရင်းနှီးစွာ နေထိုင်ကြမယ်ဆိုရင် ကမ္ဘာလောကကြီး အေးချမ်းသာယာမှာဖြစ်ပါတယ်...**

သူတို့နှစ်ဦးဟာ ပျော်ရွှင်စွာပွေ့ဖက်ကြပြီး တောင်ထိပ်ကြီးရဲ့ အံ့မခန်းရှုခင်းတွေကို အသက်ရှူရပ်သွားရလောက်အောင် ငေးမောကြည့်နေမိကြပါတယ်။ ခဏအကြာမှာ တင်ဇင်းနော်ဂေးဟာ နှင်းထုထဲကို အပေါက်ဖောက်ပြီး စားစရာအချို့ကိုထည့်ထားလိုက်ပါတယ်။ တင်ဇင်းနော်ဂေးဟာ ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့အတွက် ဗုဒ္ဓဘုရားရှင်နဲ့ နတ်မြတ်နတ်ကောင်း သူတော်ကောင်းအပေါင်းတို့ကို ဦးခိုက်တဲ့ ရိုးရာအဆောင်အယောင်တစ်ခုကို ထည့်လိုက်ပါတယ်။ အရိုအသေလည်းပြုနေပါတယ်။ ဒါကို အက်ဒ်မန်ဟီလာရီမြင်တော့မှ ဗိုလ်မှူးကြီးဂျွန်ဟန့်ပေးလိုက်တဲ့ လက်ဝါးကပ်တိုင်လေးကို သတိရပြီး သူလည်း တောင်ထိပ်နှင်းထုကြားမှာ အမြတ်တနိုးမြှုပ်ထားလိုက်ပါတော့တယ်။

ပြီးတော့မှ သူတို့နှစ်ဦး တောင်အောက်ကိုဆင်းခဲ့ကြပါတယ်။ မစ္စတာဟန့်ဟာ ၁၉၉၈ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာ ကွယ်လွန်ခဲ့သလို ဆာအက်ဒ်မန်ဟီလာရီကလည်း ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့မှာ ကွယ်လွန်ခဲ့ပါတယ်။ လမ်းပြကြီး တင်ဇင်းနော်ဂေးကတော့ ၁၉၈၆ ခုနှစ် မေလ ၉ ရက်နေ့မှာ ကွယ်လွန်ခဲ့ပါတယ်။ အခုအခါ သူတို့တစ်တွေဟာ လူ့လောကကြီးမှာ မရှိကြတော့ပေမယ့် သူတို့ရဲ့ ဂုဏ်သတင်းများကတော့ ရှင်သန်နေဆဲဖြစ်ပါတယ်။ အလားတူ ဧဝရက်တောင်ထိပ်မှာ သူတို့အမြတ်တနိုးထားခဲ့တဲ့ သူတို့ကိုးကွယ်ရာဘာသာရေးဆိုင်ရာ အထွတ်အမြတ်ပစ္စည်းလေးတွေကလည်း ရှိနေဆဲ၊ တစ်ကမ္ဘာလုံးကို မေတ္တာဓာတ်များနဲ့ အေးမြနေစေဆဲဖြစ်ပါတယ်။

ဆရာမကြီး(ဒေါ်)ခင်မျိုးချစ်ရေးထားတဲ့ "မေတ္တာဟူသည်"ဆောင်းပါးလေးကလည်း အလားတူရသပေးနိုင်တယ်လို့ထင်ပါတယ်။ ဆရာမကြီး ကျန်းမာရေးချို့တဲ့ချိန် ၁၉၈၇ ခုနှစ်က မြန်မာပြည်မြောက်ဖျားက ဆရာဝန်တစ်ဦးရောက်လာပြီး "အို--အဖဘုရားသခင်၊ အို-ယေရှုသခင်၊ ဤသမီးကြီးကို ကျန်းမာလာအောင်၊ ဘုရား ကျွန်တော်တို့ လူငယ်များသည် ဤသမီးကြီးရေးသားသောစာများ ဖတ်ရ၍ လိမ္မာကြရပါသည်။ သမီးကြီးဆက်၍ရေးသားကာ ဘုရားကျွန်တော်မျိုးတို့အား ပညာပေးသွန်သင်နိုင်အောင် စောင်မတော်မူပါ"ဆိုပြီး ဆုတောင်းမေတ္တာပို့ပေးပါတယ်။ "ကျွန်မလည်း မျက်ရည်များဝဲကာ သူငယ်၏ ဦးခေါင်းကိုကိုင်၍ "ဘုရားသခင်ကောင်းချီးပေးပါစေ"ဟူသော စကားနှင့်တုံ့ပြန်လိုက်ရသည်"လို့ ရေးထားပါတယ်။

၁၉၈၇ ခုနှစ်မကုန်မီ အနောက်ပိုင်းဆေးရုံတက်ရရာ သူနာပြုဆရာမလေးများ၊ စစ္စတာကြီးများက ဆရာမကြီးရဲ့ ခုတင်ဘေးနားမှာဝိုင်း၍ နေ့စဉ်ဆုတောင်းပေးခြင်း၊ ဓမ္မတေးသီချင်းများ သီဆိုပေးခြင်းတို့ကို လုပ်ပေးကြပါတယ်။ ကက်သလစ်ဘာသာဝင် အမျိုးသမီးကြီးတစ်ဦးက ဆရာမကြီးဆီလာလျှင် စိပ်ပုတီးယူလာပါတယ်။ ပုပ်ရဟန်းမင်းကြီးက သိဒ္ဓိတင်ပေးလိုက်တဲ့ပုတီးဖြစ်ပါတယ်။ ဆရာမကြီးဘေးမှာထိုင်ပြီး ဆုတောင်းပေးလေ့ရှိပါတယ်။ အမျိုးသမီးကြီးရဲ့ ခင်ပွန်းက အငြိမ်းစားအရာရှိကြီးတစ်ဦးဖြစ်ပြီး သူတို့အိမ်နားက ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းကို မနက်တိုင်းသွားပြီး အသက် ၈၀ ကျော် ဘုန်းတော်ကြီးကို သတင်းစာဖတ်ပြလေ့ရှိပါတယ်။ အပြန်မှာ ဆုချလိုက်တဲ့ ငှက်ပျောဖီးကိုဆွဲပြီး "ကျွန်တော်က ဘုန်းကြီးကျောင်းသားဖြစ်နေပြီ"လို့လည်း ပြောလေ့ရှိပါတယ်။ အဲဒီအငြိမ်းစားအရာရှိကြီး ကွယ်လွန်တဲ့အခါမှာတော့ ဆရာတော်ကြီးကြွလာပြီး ခေါင်းရင်းကနေ ရွတ်ဖတ်မေတ္တာပို့ပါတယ်။ ကက်သလစ်ဘုန်းတော်ကြီးတွေကလည်း နှစ်သက်စွာ နားထောင်ကြပါတယ်။ ဆရာတော်ပြန်အကြွမှာ နာရေးမှာသုံးဖို့ နို့ဆီဘူးခြောက်လုံးနဲ့ ငွေတစ်ရာလှူလိုက်ပါသေးတယ်။

"ဘာသာချင်းမတူခြင်းကြောင့်သော်လည်းကောင်း၊ ဘာကြောင့် ညာကြောင့် အစရှိသော 'ကြောင့်' ပေါင်း သောင်းခြောက်ထောင်များသည် အဓိကမဟုတ်ဘဲ မိမိသက်ဆိုင်ရာ ဘာသာအလိုက်၊ ယုံကြည်မှုအလိုက် တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်ကြခြင်းသည် လူလူချင်း မေတ္တာပြခြင်းဖြစ်သောကြောင့် ကျွန်မတို့မြန်မာလူမျိုးများအတွက် ချစ်စရာကောင်းသော လူမှုရေးအလေ့အထတစ်ခုသာဖြစ်ကြောင်း ဆိုချင်ပါသည်" စသဖြင့် ရေးထားတာကိုတွေ့ရပါတယ်။ ဧဝရက်တောင်ထိပ်မှာ အရှေ့နှင့် အနောက်ကို ကိုယ်စားပြုတဲ့သူတွေ ကမ္ဘာ့အမြင့်ဆုံးတောင်ထိပ်ကို လူသားတွေရောက်ခဲ့ကြတဲ့နေ့ အဲဒီနေ့မှာပဲ မိမိတို့ရဲ့ ယုံကြည်ကိုးကွယ်ရာပစ္စည်းကို ထားခဲ့ကြတယ်။ ဒါဟာ ကမ္ဘာ့သမိုင်းမှာ အလွန်ကြီးကျယ်တဲ့နေ့တွေထဲက တစ်နေ့ဖြစ်လာလိမ့်မယ်"လို့ အက်ဒ်မန်ဟီလာရီရဲ့ "စွန့်စားခန်းကြီး" စာအုပ်မှာ ရေးထားပါတယ်။

အိန္ဒိယနိုင်ငံ သမ္မတဟောင်းကြီးတစ်ဦးဖြစ်တဲ့ မစ္စတာ အဗ္ဗဒူခါလမ်ဟာ မဟာမေဒင်ဘာသာဝင်ဖြစ်ပါတယ်။ သူ့မှာ ကျဉ်းမြောင်းတဲ့ဘာသာရေးအမြင် မရှိပါဘူး။ ဆွာမိတွေတည်ထောင်ထားတဲ့ တရားရိပ်သာမှာလည်း တရားအားထုတ်တတ်သလို ကိုရ်အမ်ကျမ်းကိုလည်း အဖတ်မပျက်ဘူးလို့ သိရပါတယ်။ သူက "ဘာသာရေးကို မိတ်ဆွေပြုရာမှာ အသုံးချသင့်၏။ ဘာသာရေးကို ခိုက်ရန်ဖြစ်ပွားစရာအကြောင်းအရာတစ်ခုအဖြစ် လက်မခံအပ်ပေ"လို့ သူ့ရဲ့ ဘာသာရေးဆိုင်ရာ သဘောတရားကို ပြောပြကြောင်းလည်း သိရပါတယ်။

"မေတ္တာဟူသည်၊ စိမ့်စမ်းရည်သို့၊ ငြိမ်တည်အေးညှံ့၊ မြရောင်ဖန်သား၊
သန့်သန့်ရစ်ခြုံ၊ ကိုယ်၌လုံ့မူ၊ နံ့ထုံမဠူ၊ ပျံ့မွှေးကြူလျက်၊
မတူပြိုင်ကင်း၊ သည်းထိချင်းလိမ့်၊ ညှင်းညှင်းငြိမ့်ငြိမ့်၊
တသိမ့်သိမ့်ရှင့်၊ ငြိမ့်ငြိမ့်ပျောင်းပျ၊ ဖျက်မရသည်-
သာစွမေတ္တာ အရသာ အရသာ။"
တေးရေး-ဗိုလ်ကလေးတင့်အောင်
တေးဆို- ထား၊ စန္ဒရားထွန်းညွန့်။

အဲဒီသီချင်းလေးကို နှစ်သက်လွန်းလို့ မှတ်စုထဲမှာ အသေအချာကူးထားပါတယ်။ သီချင်းစာသားကို ဖတ်ရတာနဲ့တင် အေးချမ်းမိပါတယ်။ မေတ္တာဆိုတာ စိမ့်စမ်းရေလိုအေးမြတယ်။ မြစိမ်းရောင်ဖန်သားလို လွှမ်းခြုံထားရင် အလွန်ကြည်လင်တယ်။ ဘယ်လိုတရားသဘောတွေနဲ့မှ နှိုင်းလို့မရအောင် အေးမြတည်ငြိမ်၊ ငြိမ့်ညောင်းလှတဲ့သဘောတွေကို ဖော်ညွှန်းထားပါတယ်။ လောကကြီးတစ်ခွင် မေတ္တာဓာတ်တွေပျံ့နေ လွှမ်းခြုံနေရင် လောကကြီး အေးချမ်းသာယာနေမှာဖြစ်ပါတယ်။ ကမ္ဘာမှာ ဘာသာတရားတွေ ဘယ်လိုပဲ ကွဲပြားနေပါစေ ဘာသာတရားတိုင်းဟာ လူသားတွေကို အေးချမ်းသာယာစေအောင်၊ တန်ဖိုးရှိသူတွေ ဖြစ်လာအောင်၊ လူသားချင်းစာနာထောက်ထား ကူညီပေးတတ်ကြရအောင် ညွှန်ပြပေးနေတာပဲဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ဗုဒ္ဓမြတ်စွာက လောကကြီးသာယာစေဖို့ မကောင်းတာတွေ မလုပ်ဖို့၊ ကောင်းတာတွေကိုသာလုပ်ဖို့၊ လူတိုင်း အခြေခံဖြစ်တဲ့ ငါးပါးသီလကို စောင့်ထိန်းရင်ပဲ လောကကြီးအေးချမ်းသာယာမှာဖြစ်တယ်။ ကံ ကံ၏အကျိုးကို ယုံကြည်ကြရမယ်၊ ဖြစ်ပျက်သမျှတွေဟာ အကြောင်းရှိလို့သာ အကျိုးတရားအဖြစ် ဖြစ်လာတာဖြစ်တယ်။ ဒါကြောင့် ကောင်းတာဖြစ်ချင်ရင် ကောင်းတာတွေသာလုပ်ဖို့ဖြစ်တယ်။ ကိုယ်ဖြစ်ချင်တာကို ဆုတောင်းနေရုံနဲ့ မဖြစ်နိုင်ဘူး။ ဝိဘဇ္ဇဝါဒလို့ဆိုရအောင် မိမိကိုယ်တိုင် လေ့လာသုံးသပ်ဆုံးဖြတ်ပြီး ကိုယ်ကိုယ်တိုင် ကြိုးပမ်းယူမှရနိုင်တာ။ အများပြောတိုင်း လွယ်လွယ်မယုံသင့်ဘူး၊ လက်မခံရဘူး၊ မိမိကိုယ်ပိုင်အသိနဲ့သာ ဆုံးဖြတ်ရမှာဖြစ်တယ်။

"ဥစ္စာဘောဂ၊ ဇီဝိတနှင့် သုခပွားရန် ဤလူ့ဌာန၌ ဉာဏ်ဝီရိယ ပယောဂတည်း"တဲ့။ ချမ်းသာဖို့၊ ကျန်းမာဖို့၊ ဉာဏ်ဝီရိယများနဲ့သာ မိမိတို့ကိုယ်တိုင် ကြိုးစားအားထုတ်ကြရမှာဖြစ်တယ်။ အကြောင်းတွေကြောင့် အကျိုးတရားတွေသာဖြစ်နေတဲ့အတွက် အကြောင်းတရားတွေကို ဖြတ်နိုင်၊ သတ်နိုင်မှ အကျိုးတရားများကင်းရာ နိဗ္ဗာန်ကိုရောက်နိုင်မယ်ဆိုတဲ့ အခြေခံအချက်တွေကို ညွှန်ကြားပြသထားတာဖြစ်ပါတယ်။ လူတိုင်းဟာ ကိုယ်သာလျှင် မိမိဘဝရဲ့ မာလိန်မှူးဖြစ်တယ်။ မိမိကိုယ်ကိုယုံကြည်မှုအပြည့်နဲ့ ရုန်းကန်ကြပါလို့ တိုက်တွန်းထားပါတယ်။ ဗုဒ္ဓဝါဒသည် သက်ဝင်ယုံကြည်မှုအပေါ် လုံးလုံးလျားလျား အခြေခံသည်မဟုတ်ဘဲ ကိုယ်တိုင်သိမြင်မှု၊ သိမှု၊ နားလည်မှုများအပေါ်မှာ အဓိကအခြေခံကြောင်း ထင်ရှားစွာ သိစေပါတယ်။

လူ့ဘဝသည် အမွန်မြတ်ဆုံးဘဝဖြစ်ပြီး လူတိုင်းဟာ မိမိဘဝရဲ့အရှင်သခင်ဖြစ်တယ်ဆိုတာ အခိုင်အမာ သိရှိနားလည်ဖို့ ဆုံးမပါတယ်။ အလားတူပဲ အခြားဘာသာတရားတိုင်းမှာ နူးညံ့အေးမြတဲ့ သဘောတရားတွေနဲ့ လိုက်နာကျင့်ကြံကြဖို့တွေရှိနေမှာဖြစ်ပါတယ်။ ဒီဘာသာတရားတွေကို မိမိတို့ဆန္ဒအလျောက် လွတ်လပ်စွာယုံကြည်ကိုးကွယ်နိုင်ကြပါတယ်။ မိမိတို့၏ ဘာသာတရားကို တည်တံ့အောင်၊ ပြန့်ပွားအောင်၊ သန့်ရှင်းစင်ကြယ်အောင် ဆောင်ရွက်ကြရပါတယ်။ ကာကွယ်စောင့်ရှောက်မှုတွေလည်း ဆောင်ရွက်ကြရပါတယ်။

ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်ကို "သူ့ကျွန်မခံပြီ" ရုပ်ရှင်ရိုက်တော့ မျိုးချစ်စိတ်ဆိုတာဘာပါလဲလို့ အမေးရှိတဲ့အခါ မျိုးချစ်စိတ်ဆိုတာ ကိုယ့်အမျိုး၊ ကိုယ့်ဘာသာကို ချစ်မြတ်နိုးတာ၊ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းတာ၊ လေးစားလိုက်နာတာတွေဖြစ်တယ်။ အခြားလူမျိုး၊ ကိုးကွယ်ရာဘာသာတရားတွေကို ထိခိုက်တာ၊ စော်ကားတာမျိုးတွေမဟုတ်ဘူး။ မိမိတို့ရဲ့ အမျိုးဘာသာကို မိမိတို့လေးစားမြတ်နိုးကြသလို အခြားသူတွေကလည်း အလားတူ လေးစားတန်ဖိုးထားကြမှာပဲဖြစ်တယ်။ ဒါကြောင့် မျိုးချစ်စိတ်ဆိုတာ ကိုယ်ချင်းစာတရား၊ အပြန်အလှန်လေးစားခြင်းများပါဝင်တဲ့ မြင့်မြတ်တဲ့ လူသားစိတ်လို့ဆိုပါတယ်။ မှန်ကန်တဲ့မျိုးချစ်စိတ်များနဲ့ တစ်မြေတည်းနေသူများအချင်းချင်း ချစ်ခင်ရင်းနှီးစွာ နေထိုင်ကြမယ်ဆိုရင် ကမ္ဘာလောကကြီး အေးချမ်းသာယာမှာဖြစ်ပါတယ်။ ဧဝရက်တောင်ထိပ်မှာ မေတ္တာတရားတွေ ပွင့်လန်းနေဆဲဖြစ်ပါတယ်။

"မေတ္တာဟူသည်"ဆောင်းပါးထဲကလို ဘာသာတရားမတူကွဲပြားကြသူချင်း ချစ်ခင်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံ ကူညီနေကြတဲ့ အေးမြမှုတွေကလည်း ရှိနေဆဲဖြစ်ပါတယ်။ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးမှာ စိမ့်စမ်းရေလို အေးမြတဲ့မေတ္တာဓာတ်များ ပြန့်ဝေနေစေကြောင်း အခါခါ ဆုမွန်တောင်းနေမိပါတယ်။ ဘာသာပေါင်းစုံညီညွတ်ကြပြီး ငြိမ်းချမ်းတဲ့နိုင်ငံ၊ သာယာတဲ့လောကကြီး တည်ဆောက်နိုင်ကြပါစေကြောင်းလည်း ဆုတောင်းနေမိပါတော့တယ်ခင်ဗျား။ ။

# စည်းလုံးခြင်း၏ အင်အားဖြင့် . . .

**အညတြ**

အောက်တိုဘာ ၁၂ ရက် ညနေပိုင်းက အဆိုတော် ဇော်ဝင်းထွဋ်၏ "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" တေးသီချင်းကို နားထောင်ခံစားကြည့်မိသည်။ သီချင်းပေါ်ထွက်သည်မှာ ကြာပြီဖြစ်သော်လည်း မရိုးနိုင်သော သီချင်းတစ်ပုဒ်။ နားဆင်ခံစားသူအဖို့ စိတ်နှလုံးဘဝင်ကို ဆွဲကိုင်လှုပ်သလို တက်ကြွသည့်အားမာန်၊ နိုးကြားသည့် ခံစားချက်၊ ပျော်ရွှင်ကြည်နူးသည့် ပီတိတို့ ခံစားဖြစ်ပေါ်ရသည်။ စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်ဆိုသည့်အတိုင်း သီချင်းတစ်ပုဒ်ကိုခံစားရင်း စည်းလုံးညီညွတ်လိုသည့်စိတ်ကို ဖြစ်စေသည်။ သွေးရင်းသားရင်း ညီနောင်များ စည်းလုံးခြင်းသည် အင်အားကိုဖော်ညွှန်းထားသည်။ သီချင်းသံဇဉ်တေးသွားနှင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ လက်တွဲသရုပ်ဖော်မှုများကလည်း ဟန်ချက်ညီသည်။

အောက်တိုဘာ ၁၂ ရက် ညဦးပိုင်း "စည်းလုံးခြင်းအတွက်သီချင်းတစ်ပုဒ်"ကို နားဆင်ခံစားအပြီး သတင်းစာမျက်နှာများဘက် တစ်ချက် စောင်းငဲ့ကြည့်မိသည်။ မြို့အလိုက် မြို့အလိုက် လူထုတွေ ဟန်ရေး တပြပြ။ အုပ်လိုက် အုပ်လိုက် တက်တက်ကြွကြွ။ ရခိုင်ပြည်နယ်အရေး ပြည်ပစွက်ဖက်မှုရှုတ်ချရေး ဆန္ဒဖော်ထုတ်ကြ။ မြန်မာပြည်ကြီး ငြိမ်းချမ်းသာယာစေရေး ဘာသာပေါင်းစုံ ဆုတောင်းကြ။ ရခိုင်ပြည်နယ် မြောက်ပိုင်းအရေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကို ထောက်ခံကြ၊ ဝန်းရံကြ။ စသည့် လူထုလှုပ်ရှားမှုပွဲများ၊ ထောက်ခံပွဲများ တစ်ခုပြီးတစ်ခု မြင်တွေ့လိုက်ရသည်။ အချိန်အခါကိုက်မို့ အလွန်ကောင်းမွန်သည့် လုပ်ဆောင်ချက်များပေတည်း။

အောက်တိုဘာ ၁၂ ရက်ညပိုင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပြည်သူသို့ တင်ပြချက်ကို ရုပ်မြင်သံကြားတွင် ကြည့်ရှုလိုက်ရသည်။ မြန်မာနိုင်ငံ လက်ရှိရင်ဆိုင်နေရသည့် စိန်ခေါ်မှုများနှင့် ပတ်သက်၍ နားလည်မှုအပြည့်အဝနှင့် စည်းစည်းလုံးလုံးဖြင့် အစိုးရကို ဝန်းရံပေးသည့်အတွက် အလွန်ကျေးဇူးတင်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဦးစွာ ပြောကြားလိုက်သည်။ နိုင်ငံတော် အကြီးအကဲတစ်ဦးက ပြည်သူ့ရှေ့သို့ထွက်၍ ထိုသို့ထုတ်ဖော်ပြောကြားလိုက်ခြင်းသည် ပြည်သူပြည်သားများ လှုပ်ရှားဆောင်ရွက်မှုများကို လေးစားအသိအမှတ်ပြုလိုက်ခြင်းပင်ဖြစ်သည်ဟု ခံစားမိသည်။

ပြည်သူများမှာ အလုပ်မရှိအလုပ်ရှာကာ လမ်းပေါ်ထွက်အချိန်ကုန်ခံနေခြင်းမဟုတ်တန်ရာ၊ နိုင်ငံ့အရေးကို မိမိတို့အသိစိတ်ဓာတ်ဖြင့် မိမိတို့ဘာသာ ဆန္ဒဖော်ထုတ်ပြသနေကြခြင်းဖြစ်သည်။ ထိုသို့ဆန္ဒဖော်ထုတ်သည်ကိုလည်း နိုင်ငံ့ခေါင်းဆောင်တစ်ဦးက အသိအမှတ်ပြုလိုက်သည်။ သို့သော် မိမိတို့နိုင်ငံအတွက် သိမ်မွေ့နက်နဲပြီး အရေးတကြီးလုပ်ဆောင်ရမည့်အရေးအား ပြည်သူအားလုံး၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဟု ပြည်သူသို့ တင်ပြချက်တွင် မီးမောင်းထိုးပြထားသည်ကို သတိမူရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုး စုစည်းနေထိုင်သော နိုင်ငံဖြစ်သည်။ အင်အားနည်းနိုင်ငံ တစ်နိုင်ငံဖြစ်သည်။ ဖွံ့ဖြိုးစ နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မျက်နှာမွဲ နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အင်အားနည်းသူကို အင်အားကြီးသူတို့က အနိုင်ကျင့်ဗိုလ်ကျသည်မှာ ဓမ္မတာဖြစ်သည်ဟု ဆိုသည့်အတိုင်း ယနေ့မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်အရေး၊ အထူးသဖြင့် ရခိုင်ပြည်နယ် မြောက်ပိုင်းအရေးကို အကြောင်းပြု၍ မြန်မာနိုင်ငံအပေါ် ကမ္ဘာ့ထိပ်တန်းအရေးသဖွယ် ပုံကြီးချဲ့ကာ ဖိအားပေးစွပ်စွဲပုတ်ခတ်လုပ်ကြံနေသည်ကို ပြည်သူအားလုံး တစ်ယောက်မကျန်အောင် ကြုံတွေ့ကြားသိနေရပြီး ဖြစ်ပေလိမ့်မည်။ လက်သည်းဆိတ်တော့ လက်ထိပ်နာဆိုသကဲ့သို့ ကြက်ခေါင်းဆိတ်မခံတတ်သော မိမိတို့မြန်မာလူမျိုးများအဖို့ မိမိတိုင်းပြည်နှင့်လူမျိုးကို ထိပါးလာသောအခါ လမ်းပေါ်ထွက် ဆန္ဒဖော်ထုတ်ကြသည်မှာ သဘာဝကျပါပေသည်။

ဇော်ဝင်းထွဋ်၏ "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်"နှင့်အညီ မိမိတို့နိုင်ငံသူ နိုင်ငံသားများ စည်းလုံးမိကြပါချေပြီ။ ပြည်သူပြည်သားများ၏ ထောက်ခံမှု၊ ဝန်းရံမှု၊ ဆုတောင်းမှုတို့နှင့်အတူ မိမိတို့နိုင်ငံသားများ ညီညွတ်ကြပါပေသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ကျေးဇူးတင်မိပါပေသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြည်သူသို့တင်ပြချက်အကျဉ်းချုပ်၊ နိုင်ငံတော်အတွက် လတ်တလောအရေးတကြီးလိုအပ်ချက် အနှစ်ချုပ်တို့မှာ ရခိုင်ပြည်နယ်အရေးနှင့် ပြည်သူပြည်သားများ၏ ပူးပေါင်းဆောင်ရွက်ရေးကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးဖြစ်သည်ဟု ရှုမြင်ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူ၏ညီညွတ်မှုအင်အားနှင့် လက်ရှိရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ထားသည့်နည်းတူ လက်ရှိတွင် အရေးတကြီးလိုအပ်နေသော ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းအောင်မြင်ဖို့အတွက် ပြည်သူပြည်သားများအနေဖြင့် ခိုင်မြဲစွာလက်တွဲပြီး လုပ်ဆောင်ကြဖို့ တိုက်တွန်းထားသည်။ ဤသို့ဆိုခြင်းသည် ရခိုင်ပြည်နယ်အရေးကို အကြောင်းပြု၍ မြန်မာနိုင်ငံအပေါ် ဒေါသများ၊ အမုန်းတရားများ၊ အနိုင်ကျင့်မှုများ မည်သို့ပင် ရင်ဆိုင်နေရပါစေ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားကို စွဲစွဲမြဲမြဲကိုင်စွဲပြီး စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် နည်းလမ်းကိုချပြထားခြင်းမှာ အကောင်းဆုံးဖြစ်သည်ကို နားလည်ကြမည်ဖြစ်သည်။

တည်ငြိမ်အေးချမ်းသည့် ရခိုင်ပြည်နယ်ဖြစ်ပေါ်လာလျှင် ယခုကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများမှာ လေလာနှင်းပျောက် ကွယ်ပျောက်သွားမည်သာဖြစ်သည်။ ထို့ကြောင့် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်သည့် ရခိုင်ပြည်နယ်ဖြစ်ပေါ်လာရေးအတွက် လက်တွေ့တိုးတက်မှုရလဒ်များနှင့် ပြသနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ရမည့်စီမံကိန်းတွင် ပြည်သူပြည်သားများ၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ကြဖို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အလေးအနက် မေတ္တာရပ်ခံထားသည်။ ထို့အပြင် မြန်မာနိုင်ငံကို ပံ့ပိုးကူညီပေးဖို့ ကမ်းလှမ်းထားသည့် နိုင်ငံများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ ကမ္ဘာ့ဘဏ်နှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများကိုလည်း ဖိတ်ခေါ်ထားသည်ကို တွေ့ရသည်။

နိုင်ငံတကာနှင့်အဖွဲ့အစည်းများအား ပါဝင်ကူညီဖို့ ဖိတ်ခေါ်ထားသော်လည်း နိုင်ငံတော်က အဓိက အားကိုးသည်မှာ ပြည်တွင်းသာမက ပြည်ပသို့ပါရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံသားများပင်ဖြစ်၍ နိုင်ငံသားအားလုံးက မြန်မာနိုင်ငံအပေါ် အမှန်တကယ်ချစ်မြတ်နိုးသည့်စိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ကာ အလုပ်နှင့် သက်သေပြကြရမည်ဖြစ်သည်။ အကောင်အထည်ဖော်မည့် လုပ်ငန်းများ၊ လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းများကို မဖြစ်မနေ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအပေါ် ဝေဖန်ချက်များ၊ စွပ်စွဲချက်များကို ပြန်လည်တုံ့ပြန်ချေဖျက်ရာ၌ လက်တွေ့လုပ်ဆောင်ချက်များ၊ တိုးတက်မှုရလဒ်များနှင့် ကမ္ဘာသို့ပြန်လည်ပြသသွားခြင်းသည်သာ အကောင်းဆုံးဖြစ်ပေလိမ့်မည်။

ရခိုင်ပြည်နယ်အရေးမှာ ကြီးမားကျယ်ပြန့်လှပြီး ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်သုံးရပ်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ချပြထားသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက်ပေးအပ်ရေးနှင့် ဒုက္ခသည်များ ပြန်လည်လက်ခံရေးမှာ ပထမဦးစားပေးဖြစ်သည်။ ဤအရေးမှာ အထူးအရေးကြီးပြီး ပြောဆိုဝေဖန်နေရုံမျှဖြင့် ကိစ္စပြီးလိမ့်မည်မဟုတ်ချေ။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ရောက်ရှိနေသူများအား ပြန်လည်လက်ခံရန် နှစ်နိုင်ငံညှိနှိုင်းပြီး နှစ်ကြိမ်တိုင် လက်ခံဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့သည်။ ယင်းကိုအခြေခံကာ ယခုနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေသည်ကိုလည်း နားလည်ပေးကြရမည်ဖြစ်သည်။ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရာတွင် အားလုံးတစ်ပြေးညီတန်းတူညီမျှ မူလနေရာသို့ပြန်လည်ရောက်ရှိအောင်၊ မူလအနေအထားထက်ပိုမိုသာလွန်အောင် ရေရှည်တည်တံ့ခိုင်မြဲမည့် စီမံကိန်းများကို အကောင်အထည်ဖော်မည်ဖြစ်သည်။ ထို့အပြင် ဒေသဖွံ့ဖြိုးတိုးတက်လာရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးတို့ကို ရေရှည်စီမံကိန်းများဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်တို့ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူသို့တင်ပြထားပြီး အောင်မြင်စွာ အကောင်အထည်ပေါ်လာရေးအတွက် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုအားကို ယုံကြည်ထားသည်။

ရခိုင်ပြည်နယ်အရေးကို အကြောင်းပြု၍ ပြဿနာများ၊ အမုန်းတရားများ၊ ဝေဖန်တိုက်ခိုက်မှုများ ဖြစ်လာခဲ့သည်။ ရခိုင်ပြည်နယ်မှာ ငြိမ်းချမ်းမှုနှင့်အလှမ်းဝေးနေဆဲ။ အမုန်းတရားကို အမုန်းတရားဖြင့် ပြန်လည်တိုက်ခိုက်နေလျှင် မည်သည့်အခါမျှ ငြိမ်းချမ်းသောခရီးလမ်းကို ရောက်လိမ့်မည်မဟုတ်ချေ။ ထို့ကြောင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ်ပြန်လည်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးကို လမ်းညွှန်ပြသခဲ့ခြင်းဖြစ်သည်။ မိမိတို့မြန်မာနိုင်ငံသား ပြည်သူများအားလုံးတို့၏ စည်းလုံးညီညွတ်မှုဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာဝပြောလာမည်ဟူသော တစည်းတလုံးတည်းသောစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြဖို့ ဇော်ဝင်းထွဋ်၏သီချင်းကိုနားထောင်ရင်း ပြည်သူပြည်သားများ၏ ဆန္ဒဖော်ထုတ်မှုများကို ကြည့်ရှုရင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ အလုပ်လမ်းညွှန်များကို ထပ်မံမျှဝေလိုက်ပါသည်။ ။

**တည်ငြိမ်အေးချမ်းသည့် ရခိုင်ပြည်နယ်ဖြစ်ပေါ်လာလျှင် ယခုကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများမှာ လေလာနှင်းပျောက် ကွယ်ပျောက်သွားမည်သာဖြစ်သည်။ ထို့ကြောင့် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်သည့် ရခိုင်ပြည်နယ်ဖြစ်ပေါ်လာရေးအတွက် လက်တွေ့တိုးတက်မှုရလဒ်များနှင့် ပြသနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ရမည့်စီမံကိန်းတွင် ပူးပေါင်းပါဝင်ကြဖို့ မေတ္တာရပ်ခံထား**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒီဇင်ဘာ ၁၂ ရက်မှ ၂၁ ရက်ထိ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ဒီဇင်ဘာ ၁၂ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်စိမ်းအတွဲစာရင်းလျှောက်လွှာများကို အောက်တိုဘာ ၁၇ ရက်မှ ၂၆ ရက်အတွင်း ကျောက်စိမ်းလုပ်ငန်းကော်မတီသို့ လာရောက်လျှောက်ထားရမည်ဖြစ်သည်။

ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်စိမ်းနှင့် ကျောက်မျက်အတွဲများကို နိုဝင်ဘာ ၁ ရက်မှ ၂၄ ရက်အထိ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်း၊ ပြပွဲကျင်းပမည့်နေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

ရတနာပြပွဲသို့ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည် ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသား ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းဝင်နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်နှင့် လိုင်စင်ရယူထားသူများကိုသာ ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူလိုသော နိုင်ငံသား ရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည်ဖြစ်သည်။

နိုဝင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့၊ မန္တလေးမြို့၊ မိုးကုတ်မြို့တို့တွင် စီမံရေးရာလုပ်ငန်းကော်မတီရုံးခွဲများဖွင့်လှစ်ပြီး သက်ဆိုင်ရာမြို့နယ်များရှိ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့်ပူးပေါင်း၍ ပြည်တွင်းရတနာကုန်သည်များကို ပြပွဲတက်ရောက်ဝယ်ယူခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးမည်ဖြစ်သည်။

နိုဝင်ဘာ ၂၉ ရက်မှ စတင်၍ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမရှိ ရတနာကုန်သည်မှတ်ပုံတင်အဆောက်အအုံ၌ ပြည်တွင်း ပြည်ပရတနာကုန်သည်များကို ပြပွဲတက်ရောက် ဝယ်ယူခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးမည်ဖြစ်သည်။

နိုဝင်ဘာ ၁၈ ရက်မှစတင်၍ ပြည်တွင်း ပြည်ပရတနာကုန်သည်များ ပြပွဲဝင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းများ ပိုမိုအဆင်ပြေစေရေးအတွက် ပြပွဲဝင်ခွင့်ပုံစံများကို www.mining.gov.mm နှင့် www.mge.gov.mm တို့မှတစ်ဆင့် Download ရယူ၍ ကြိုတင်ဖြည့်စွက် မှတ်ပုံတင်နိုင်သည်။ Online မှတစ်ဆင့် လျှောက်ထားလိုပါက မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း Website www.nge.gov.mm Online Pre-Registration System တွင် ကြိုတင်မှတ်ပုံတင်၍ ပြပွဲတက်ရောက်ခွင့်ကိစ္စရပ်များ ဆောင်ရွက်နိုင်သည်။

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မန္တလေး၊ မိုးကုတ်၊ မိုင်းရှူး)နှင့် မြစ်ကြီးနားမြို့၊ ခန္တီးမြို့၊ မိုးညှင်းမြို့များတွင် အခြေပြုသည့် ကျောက်စိမ်းတူးဖော်ရေးဌာန(စခန်းရုံး)များ၌ ဆက်သွယ်စုံစမ်းနိုင်ကြောင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက အသိပေးကြေညာထားသည်။

**(သတင်းစဉ်)**

# စစ်တွေမြို့၌ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**စစ်တွေ အောက်တိုဘာ ၁၃**
အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် စစ်တွေမြို့ရှိ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကမ္ဘာ့နိုင်ငံများတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၏ ဆိုးကျိုးသက်ရောက်မှုများကို ရင်ဆိုင်ကြုံတွေ့ခံစားနေရပါကြောင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးလုပ်ငန်းများကို ကမ္ဘာ့နိုင်ငံများတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ဦးဆောင်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်အထိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း။

သဘာဝဘေးအန္တရာယ်ကို တားဆီး၍မရနိုင်သော်လည်း ဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပျက်စီးဆုံးရှုံးမှုများကို လျှော့ချနိုင်ရန် ဘေးအန္တရာယ်နှင့်ပတ်သက်သောအသိပညာ၊ အတွေ့အကြုံဗဟုသုတများကို သိရှိနားလည်ပြီး တုံ့ပြန်ဆောင်ရွက်မည်ဆိုပါက ထိခိုက်ဆုံးရှုံးမှုများကို လျော့နည်းသက်သာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မင်းက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။


ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီနှင့် နံရံဆေးရေးပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်ဗီဒီယိုမှတ်တမ်းနှင့် သဘာဝဘေးအသိပညာပေးပြခန်းတို့ကို ကြည့်ရှုအားပေးကြသည်။

ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂရုံးမှ ယခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အတွက် "ထိတွေ့ဘေးဒဏ် လျှော့ချမှု၊ လုံခြုံစိတ်ချတို့ဘဝ(Home Safe Home)"ဆောင်ပုဒ်ကို သတ်မှတ်ထားကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျောက်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ INGO၊ NGO များ၊ ဆရာ ဆရာမများနှင့် ဆုရကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**





# ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် UNA အဖွဲ့ မောင်တောဒေသခံများအား သွားရောက်တွေ့ဆုံအားပေး

**မောင်တော အောက်တိုဘာ ၁၃**
ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ်အဖွဲ့(UNA)တို့သည် ယနေ့နံနက်ပိုင်းတွင် ဘူးသီးတောင်မြို့၌ မောင်တောဒေသခံများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားသည်။

ဒေါက်တာချမ်းသာနှင့် UNA အဖွဲ့သည် ဘူးသီးတောင်မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် လူနာများ၊ မင်္ဂလာမြို့ဦးကျောင်းတိုက်နှင့် မြို့မကျောင်းတို့တွင် နေရပ်စွန့်ခွာတိမ်းရှောင်လာသည့် တိုင်းရင်းသားဒေသခံများအား သွားရောက်တွေ့ဆုံအားပေးခဲ့ပြီး ဒေသခံများက ၎င်းတို့ကြုံတွေ့ခဲ့ရသည်များကို ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့နောက် ဒေါက်တာချမ်းသာနှင့် အဖွဲ့သည် မောင်တောခရိုင် အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံ၍ ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်နှင့် မောင်တောဒေသ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်းကောင်း၊ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး(ကျီးကန်းပြင်)သို့ သွားရောက်ကာ ကွပ်ကဲရေးမှူး ရဲမှူးချုပ်မြင့်တိုးနှင့် တွေ့ဆုံ၍ လုံခြုံရေးအခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း မေးမြန်းဆွေးနွေးခဲ့ကြသည်။

"UNA မဟာမိတ်အဖွဲ့မှာ ရခိုင်ပါတီ၊ မြိုပါတီစတဲ့ ဒီဒေသက ပါတီတွေပါရှိတဲ့အတွက် ဒေသခံတိုင်းရင်းသားတွေကို ထပ်တူစာနာတဲ့အနေနဲ့ လာပြီးအားပေးကြတာဖြစ်ပါတယ်။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး တတ်နိုင်တဲ့ဘက်ကကူညီဖို့ အစီအစဉ်ရှိပါတယ်"ဟု စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများ မဟာမိတ်အဖွဲ့ အဖွဲ့ဝင် ကရင်အမျိုးသားပါတီ အထွေထွေ အတွင်းရေးမှူး ဦးမန်းကျော်ငြိမ်းက ပြောသည်။

**(နိုင်လင်းကြည်၊ သန့်ဇင်ဝင်း)**

## ကော့မှူးမြို့နယ်၌ ပြည်သူ့စကားဝိုင်း ပြုလုပ်မည်

**ရန်ကုန် အောက်တိုဘာ ၁၃**
ကော့မှူးမြို့နယ်၌ လူငယ်နှင့်လူမှုမီဒီယာ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း(Public Talk) ကို အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ကော့မှူးမြို့နယ်ရှိ လူမှုအခြေပြုဗဟိုဌာန (Community Center)၌ ပြုလုပ်မည်ဖြစ်သည်။

ယင်းပြည်သူ့စကားဝိုင်းတွင် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်၊ ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေဝင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာတင်၊ ရန်ကုန်လူငယ်ကွန်ရက်မှ မသဉ္ဇာရွှန်းလဲ့ရည်တို့ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နားထောင်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# လုံခြုံရေးအခက်အခဲကြောင့် ကျန်းမာရေးစောင့်ရှောက်မှုအားနည်းသော ဒေသများတွင် ပြည်နယ်ဆရာဝန်ကြီးများ ကွင်းဆင်းကုသ

**စစ်တွေ အောက်တိုဘာ ၁၃**
ရခိုင်ပြည်နယ် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် ရသေ့တောင်မြို့နယ်အတွင်းရှိ လုံခြုံရေးအခက်အခဲကြောင့် ကျန်းမာရေးစောင့်ရှောက်မှုခက်ခဲသော နေရာဒေသများသို့ ကိုယ်တိုင်သွားရောက်ကာ ကွင်းဆင်းကုသမှုများပြုလုပ်ပေးခဲ့သည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးကြည်လွင်ဦးဆောင်သော ဆရာဝန်ကြီးများအဖွဲ့သည် ရသေ့တောင်မြို့နယ် ကူတောင်တိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းများ ပြုလုပ်ခဲ့သည်။

"ယခုကျွန်တော်တို့လာတာကတော့ ပြည်နယ်ကျန်းမာရေးအဖွဲ့ဖြစ်ပါတယ်။ ဆရာဝန်တွေ၊ သူနာပြုဆရာမတွေ ပါပါတယ်။ ဆေးဝါးတွေရောအပြည့်အစုံပါပါတယ်။ ကျွန်တော်တို့ အခုလာတဲ့ ဒေသကတော့ ရသေ့တောင်မြို့နယ်တောင်ပိုင်း မဇေးကျွန်းဖြစ်ပါတယ်။ ဒီမဇေးကျွန်းဒေသကတော့ သီးခြားအနေနဲ့တည်ရှိနေပြီး ရသေ့တောင်နဲ့လည်း ရေလမ်းခြားနေပါတယ်။ စစ်တွေနဲ့လည်း ရေလမ်းခြားနေပါတယ်။ ဒီဒေသမှာရွာပေါင်း ၂၆ ရွာလောက်ရှိပါတယ်။ ဒီဒေသကပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ဖို့ စစ်တွေမြို့ကနေလာရောက်ခြင်းဖြစ်ပါတယ်"ဟု ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးကြည်လွင်က ပြောသည်။

အဆိုပါ ဆေးကုသရေးအဖွဲ့သည် ကူတောင်တိုက်နယ်ဆေးရုံ၌ ပြင်ပလူနာ ၂၆၁ ဦး၊ အာဟာရစောင့်ရှောက်မှု ၂၀၊ အပျိုဖော်ဝင်သံဓာတ်အားဆေးပေးမှု ၁၀ ဦး၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု ၁၀ ဦး၊ ကျန်းမာရေး ပညာပေးမှု ၇၃ ဦး၊ အနောက်ပြင်ဘင်္ဂါလီကျေးရွာ၌ ပြင်ပလူနာ ၂၀၆ ဦး၊ အသက်ငါးနှစ်အောက်ကလေးကာကွယ်ဆေးထိုးပေးမှု ၅၇ ဦး၊ ကိုယ်ဝန်ဆောင်အမျိုးသမီးကာကွယ်ဆေးထိုးပေးမှု ၂၆ ဦး၊ အာဟာရစောင့်ရှောက်မှု ၅၀၊ အာဟာရမှုန့်ဖြန့်ဝေပေးမှု ၁၀၀ ဦး၊ ကျန်းမာရေးပညာပေးမှု ၈၈ ဦးရှိပြီး တစ်ဦးကို စစ်တွေဆေးရုံသို့ လွှဲပြောင်းကုသပေးခြင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်နယ်ဆရာဝန်အဖွဲ့တွင် ဆရာဝန် ၆ ဦးနှင့် သူနာပြု ၅ ဦးတို့ ပါဝင်ပြီး ၎င်းတို့အနေဖြင့် ဘူးသီးတောင်၊ မောင်တောဒေသသို့လည်း မကြာမီသွားရောက်ကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - မြင့်မောင်စိုး၊ အောင်ကျော်ဦး**
**ဓာတ်ပုံ - သတ္တ**

❖



**✱ ကျောဖုံးမှ**

အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပရန် ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် အမှတ် (၆၄/၂၀၀)အရ အတည်ပြုသတ်မှတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှစတင်၍ နိုင်ငံတကာ၌နှစ်အလိုက် ဆောင်ပုဒ်များဖြင့် ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာခဲ့ကြပါကြောင်း၊ မိမိတို့နိုင်ငံ၌ ၂၀၁၀ ခုနှစ်မှစတင်၍ "သဘာဝဘေးဒဏ်ကြံ့ကြံ့ခံ အသင့်ပြင်ထားမြို့ရွာများ" ဟူသည့် ဆောင်ပုဒ်ဖြင့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ကို စတင်ကျင်းပခဲ့ပါကြောင်း၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းများ၊ သက်ကြီးရွယ်အိုများ၊ ဒေသခံတိုင်းရင်းသား မျိုးနွယ်စုများ၏ ဓလေ့ထုံးတမ်းစဉ်လာများနှင့် စပ်လျဉ်းသည့်ဆောင်ပုဒ်များကို နှစ်အလိုက် ရွေးချယ်သတ်မှတ်ပြီး ပြည်သူလူထုထံအသိပညာဖြန့်ဝေမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၁၅ ခုနှစ် မတ်လတွင် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးအတွက် ကမ္ဘာလုံးဆိုင်ရာညီလာခံကို ဂျပန်နိုင်ငံ ဆန်ဒိုင်းမြို့၌ ကျင်းပခဲ့ပါကြောင်း၊ အဆိုပါညီလာခံမှ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင်ကို အတည်ပြုခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ပန်းတိုင်(၇)ချက်ကိုချမှတ်ခဲ့ပါကြောင်း၊ အဆိုပါပန်းတိုင်(၇)ချက်ကို အများပြည်သူ သတိမူနိုင်စေရန် ၂၀၁၆ ခုနှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ ဆောင်ပုဒ်များကို ပန်းတိုင်(၇)ရပ်အတိုင်း အစဉ်လိုက် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပန်းတိုင်(၁)ဖြစ်သည့် "ကမ္ဘာနဲ့တစ်ဝန်း ဘေးအန္တရာယ်တွေကြောင့် အသက်ဆုံးရှုံးရမှုတွေကိုအမြောက်အမြားလျှော့ချပေးနိုင်ဖို့"ဆိုသည့် ရည်မှန်းချက်နှင့်အညီ "Live to Tell" "ဘဝရှင်သန်နေထိုင်ဖို့ ဘေးအန္တရာယ်အသိမျှဝေစို့" ဟူသည့် ဆောင်ပုဒ်ဖြင့် အသိပညာပေးလုပ်ငန်းများကို ယမန်နှစ်က ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုနှစ်ကို ပန်းတိုင်(၂)အရ ဘေးသင့်ပြည်သူအရေအတွက် အမြောက်အမြားလျှော့ချနိုင်ရန် ရည်ရွယ်ပြီး "Home Safe Home" "ထိတွေ့ဘေးဒဏ်လျှော့ချမှ လုံခြုံစိတ်ချ တို့ဘဝ"ဟူသည့်ဆောင်ပုဒ်ဖြင့် အသိပညာပေးအစီအစဉ်များကို ကျင်းပခြင်းဖြစ်ပါကြောင်း။

လက်ရှိဆောင်ရွက်နေသည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများသည် ထိခိုက်ခံစားရမှုများကို လျှော့ချပေးရာတွင် မည်မျှထိရောက်မှုရှိသည်ဆိုသည်ကို ပြန်လည်ဆန်းစစ်ရန်လိုအပ်ပါကြောင်း၊ ဘေးအန္တရာယ်သင့်ပြည်သူအရေအတွက်ကို ထိထိရောက်ရောက် လျှော့ချပေးနိုင်ရေးဆိုသည်မှာ ကြိုတင်ပြင်ဆင်မှု၊ ကြိုတင်ကာကွယ်မှုမရှိဘဲ မဖြစ်နိုင်ပါကြောင်း၊ ဖြစ်ပွားမည့်ဘေးအန္တရာယ်နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပြည်သူများအနေဖြင့် လျင်လျင်မြန်မြန်သိရှိနိုင်ရန် ပိုမိုလက်လှမ်းမီလာကြပြီဖြစ်သော်လည်း ဘေးအန္တရာယ်ကျရောက်နိုင်ခြေ(Risk)နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို လက်တွေ့အသုံးချသည့်အပိုင်းတွင် အားနည်းနေသေးသည်ကို တွေ့မြင်ရပါကြောင်း၊ အစိုးရပိုင်းကသာမက ပုဂ္ဂလိကကဏ္ဍများ၌လည်း ဘေးအန္တရာယ်ကျရောက်နိုင်ခြေဆိုင်ရာ သတင်းအချက်အလက်များကို သိမြင်သဘောပေါက်ပြီး မိမိတို့၏ စီးပွားရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို ရွေးချယ်ဆောင်ရွက်နိုင်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်တော့မည်ဆိုလျှင် လက်ရှိဖြစ်ပေါ်နေသည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို ထည့်သွင်းစဉ်းစားလုပ်ဆောင်ကြရန် ညွှန်ကြားထားပါကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုများရရှိပြီးမှ ဘေးအန္တရာယ်များကျရောက်မှုကြောင့် ဆုံးရှုံးရမည်ဆိုလျှင် များစွာနစ်နာကြရမည်ဖြစ်ပါကြောင်း၊ သဘာဝအလျောက်ဖြစ်ပေါ်တတ်သည့် အန္တရာယ်များကိုလျှော့ချရန် မဖြစ်နိုင်ပါကြောင်း၊ ဘေးမဖြစ်ခင်ကတည်းက လိုအပ်သည့် ကြိုတင်ပြင်ဆင်ကာကွယ်မှုများဆောင်ရွက်ပေးနိုင်မှသာ ဘေးဖြစ်ချိန်တွင် ထိခိုက်ဆုံးရှုံးမှုများ လျော့ပါးသက်သာမည်ဖြစ်ပါကြောင်း၊ အစိုးရနှင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများပူးပေါင်း၍ရေတိုရေရှည်နည်းလမ်းများဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ဆက်နွယ်ပတ်သက်သူအားလုံးကိုဖိတ်ကြားပြီး နိုင်ငံ၏ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းစီမံချက် (၂၀၁၇) Myanmar Action Plan on Disaster Risk Reduction- MAPDRR ကိုအတည်ပြုမိတ်ဆက်ခဲ့ပါကြောင်း၊ စီမံချက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံ၏ပင်မကျောရိုးသည် ပြည်သူများဖြစ်သည့်အတွက် နိုင်ငံကို ဘေးအန္တရာယ်များမှ အမှန်တကယ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိလာစေရန် အားလုံးအတူတကွလက်တွဲဆောင်ရွက်ပေးကြပါဟု တိုက်တွန်းမှာကြားထားပါကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ဒုတိယသမ္မတက အသိပညာခေတ်တွင် အခြားသောနည်းပညာဆိုင်ရာ ဗဟုသုတများရှိရန် လိုအပ်သကဲ့သို့ ဘေးအန္တရာယ်များနှင့်စပ်လျဉ်းသည့် အသိပညာ၊ ဗဟုသုတများကို ကျယ်ကျယ်ပြန့်ပြန့် တိုးပွားနိုင်ရေးသည်လည်း များစွာအရေးကြီးပါကြောင်း၊ ထို့ကြောင့် ဘေးအန္တရာယ်များနှင့်ပတ်သက်၍ ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် သတိပြုမှုရရှိစေရန် နိုင်ငံတော်အဆင့်သာမက တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များ၌ပါ ယခုကဲ့သို့ အခမ်းအနားများကျင်းပခြင်းဖြစ်ပါကြောင်း၊ အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးခြင်း၏ အကျိုးဆက်အနေဖြင့် ဘေးအန္တရာယ်ကြုံတွေ့ရခြင်းများ၊ ဘေးအန္တရာယ်ကြောင့် နေရပ်စွန့်ခွာရခြင်းများနှင့် ဘေးအန္တရာယ်ကြောင့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာထိခိုက်ဆုံးရှုံးရခြင်းများကို လျော့ပါးသက်သာစေနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူတစ်ရပ်လုံးက သိမြင်သဘောပေါက်မှုများ တိုးပွားလာစေရန် မီဒီယာနှင့် ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများအပါအဝင် သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

ကမ္ဘာကိုကာကွယ်စောင့်ရှောက်ခြင်းသည် လူသားမျိုးဆက်များကို ကာကွယ်စောင့်ရှောက်ခြင်းလည်းဖြစ်ပါကြောင်း၊ ကမ္ဘာကြီးကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် အားလုံးတွင် တာဝန်ရှိပါကြောင်း၊ လူတစ်ဦးချင်းစီအနေဖြင့် အဆိုပါတာဝန်များကို သိရှိပြီး တာဝန်ယူဆောင်ရွက်တတ်စေရန် ယခုကဲ့သို့သော အသိပညာပေးအစီအစဉ်များသည် လွန်စွာအရေးကြီးပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့အရေးကြီးသည့် လုပ်ငန်းများတွင် ဆက်နွယ်ပတ်သက်သူအားလုံးနှင့် ပြည်သူလူထုတစ်ရပ်လုံးက ခိုင်မာသော သန္နိဋ္ဌာန်၊ မလျှော့သောဇွဲလုံ့လတို့ဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စား ကုလသမဂ္ဂဌာနေကိုယ်စားလှယ်၏ ကိုယ်စားလှယ် Ms. Xiaojie Fan က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဘာဝဘေးလျှော့ချရေးဆိုင်ရာ အထူးကိုယ်စားလှယ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။ **(သတင်းစဉ်)**

# ယာယီကယ်ဆယ်ရေးစခန်းများမှ နေရပ်ရှောင်ပြည်သူများ ဘူးသီးတောင်၊ မောင်တောဒေသရှိ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာလျက်ရှိ

**စစ်တွေ အောက်တိုဘာ ၁၃**

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာခဲ့ကြသော ဘူးသီးတောင်၊ မောင်တောဒေသမှ ဒေသခံတိုင်းရင်းသားများသည် ယခုအခါ နယ်မြေဒေသ ပြန်လည်တည်ငြိမ်လာပြီဖြစ်၍ မိမိတို့နေထိုင်ရာ ကျေးရွာများသို့ ပြန်လည်ထွက်ခွာနေကြပြီဖြစ်သည်။



"နယ်မြေတည်ငြိမ်မှုရလာတဲ့အတွက် အကြမ်းဖက်မှုကြောင့် နေရပ်စွန့်ခွာလာသူတွေဟာ မိမိတို့နေထိုင်ရာဒေသတွေကို ပြန်လည်ထွက်ခွာလျက်ရှိပါတယ်။ ဒီကနေ့မှာတော့ မြောက်ဦးမြို့နယ် ယာယီကယ်ဆယ်ရေးစခန်းအချို့မှာ ရောက်ရှိနေတဲ့နေရပ်စွန့်ခွာသူတွေဟာ ဘူးသီးတောင်၊ မောင်တောဒေသကိုပြန်ကြမှာဖြစ်ပါတယ်"ဟု နယ်မြေခံတပ်ဌာနချုပ်မှ အရာရှိတစ်ဦးက ပြောသည်။

အဆိုပါ နေရပ်ပြန်လည်ထွက်ခွာသူများအား တပ်မတော်မော်တော်ယာဉ်များဖြင့် မြောက်ဦးမြို့နယ်အတွင်းရှိ ယာယီကယ်ဆယ်ရေးစခန်းများမှ စစ်တွေ မြို့သင်္ဘောဆိပ်များသို့ လိုက်လံပို့ဆောင်ပေးလျက်ရှိသည်ကို တွေ့ရသည်။

ယနေ့တွင် မြောက်ဦးမြို့နယ် လောကမာန်အောင်စခန်းမှ ၄၅ ဦး၊ တိမ်ညိုစခန်းမှ ၃၀ နှင့် ပေါက်တောပြင်စခန်းမှ ၃၉ ဦး စုစုပေါင်း ၁၁၄ ဦးတို့သည် ဘူးသီးတောင်၊ မောင်တောဒေသသို့ ပြန်လည်ထွက်ခွာကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**အောင်ကျော်ဦး**
**ဓာတ်ပုံ-သက္က**



# နေရပ်ပြန်ဒေသခံတိုင်းရင်းသားများအတွက် ကြက်ခြေနီလှုပ်ရှားအဖွဲ့မှ ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်

**စစ်တွေ အောက်တိုဘာ ၁၃**

ကြက်ခြေနီလှုပ်ရှားအဖွဲ့(Red Cross Movement)က နေရပ်ပြန် ဒေသခံတိုင်းရင်းသားများအတွက် ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့ ဘူးသီးတောင်အမြန်ရေယာဉ်ဆိပ်ကမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကိုလေးဦးဆောင်၍ ပြည်နယ်ကြက်ခြေနီ စေတနာလုပ်အားရှင်များ၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီ စေတနာလုပ်အားရှင်များ၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် စေတနာလုပ်အားရှင်များက နေရပ်ပြန် ဒေသခံတိုင်းရင်းသားများအတွက် ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။

မောင်တောဒေသအတွင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေသူများသည် ယခုအခါ နယ်မြေတည်ငြိမ်မှုရရှိနေပြီဖြစ်၍ မိမိတို့မူလနေထိုင်ရာ ကျေးရွာများသို့ ပြန်လည်ပြောင်းရွှေ့လျက်ရှိသည်။

နေရပ်ပြန် ဒေသခံတိုင်းရင်းသားများအတွက် တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းပုံး၊ ခြင်ထောင်၊ စောင်၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်နှင့် မီးဖိုချောင်သုံးပစ္စည်းတို့ကို ထောက်ပံ့ပေးအပ်ပြီး တစ်ဦးလျှင် ငွေကျပ် ၄၅၀၀၀ စီဖြင့် ၂၈၇၇ ဦးအား ကူညီထောက်ပံ့ပေးအပ်ခဲ့သည်။ ဘူးသီးတောင်အမြန်ရေယာဉ်ဆိပ်ကမ်း၌ နေရပ်ပြန်များအား စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၁၃ ရက်ထိ ငွေကျပ် ၁၂၉၄၆၅၀၀၀ အား ကူညီထောက်ပံ့ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း ဘူးသီးတောင်မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးကျော်မြင့်ဝေက ပြောသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

**○ စစ်ကိုင်းတိုင်းဒေသကြီးမှ**

မသိရှိသည့်အတွက် သိမ်းဆည်းစုဆောင်းထားခြင်းမရှိဘဲ လယ်ကန်သင်းရိုးများပေါ်တွင်သာ စုပုံထားမိခဲ့ကြောင်း ပြီးခဲ့သည့်လအတွင်းက ပုတီးစေ့များ တောင်ခြေရှိလယ်ကွင်းထဲသို့ မျောပါလာသဖြင့် လယ်ကွင်းပိုင်ရှင် ဦးရဲဝင်းက ၎င်းပိုင်အကွက်တွင် တူးဖော်ခဲ့ရာ အမြောက်အမြား တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တော်သလင်းလက လယ်ထဲကို ရေသွင်းဖို့မြောင်းတူးရင်း တွေ့ရှိခဲ့တာပါ။ မမြင်ဖူးတဲ့ အရာဝတ္ထုတွေကို အခုမှ မြင်ဖူးခဲ့တယ်။ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကတည်းက ဒီလိုပုတီးစေ့တွေ ဓား၊ လှံလက်နက်၊ အဲမောင်းတွေကို မကြာခဏတွေ့ရှိခဲ့ရတယ်။ ဒါကြောင့် ကျွန်တော်လည်း တူးကြည့်တော့ အခုလို တွေ့ရှိခဲ့တာပါ။ ဒီပစ္စည်းတွေကို ကျွန်တော် လယ်စောင့်တဲမှာ စုပုံထားပါတယ်" ဟု ဦးရဲဝင်းကပြောသည်။

လက်ရှိတွင် ဝန်းသိုမြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေး တပ်ဖွဲ့ဝင်များက အဆိုပါနေရာသို့ သွားရောက်စစ်ဆေးလျက်ရှိပြီး တွေ့ရှိချက်များအား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း ဝန်းသိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးထွန်းက ပြောသည်။

"လောလောဆယ်မှာ ဒေသခံတွေကို ဆက်မတူးဖော်ဖို့ တားမြစ်ထားပါတယ်။ စတင်တွေ့ရှိခဲ့တဲ့သူကိုလည်း ဂုဏ်ပြုဆုတွေ ထိုက်ထိုက်တန်တန်ချီးမြှင့်သွားဖို့ ကျွန်တော်တို့ လုပ်ဆောင်ပေးသွားမှာပါ။ တကယ်လို့ ဒီပစ္စည်းတွေက ရှေးဟောင်းပစ္စည်းတွေသာ မှန်ခဲ့မယ်ဆိုရင် ရှေးဟောင်းသုတေသနဌာနနဲ့ပူးပေါင်းပြီး တူးဖော်မှုတွေ ဆောင်ရွက်သွားမှာပါ"ဟု ၎င်းကပြောသည်။

အဆိုပါပစ္စည်းများကို လွန်ခဲ့သည့် ၁၅ နှစ်ခန့်ကတည်းက ဒေသခံများကစတင်တွေ့ရှိခဲ့သော်လည်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများအဖြစ် သိရှိမှု နည်းပါးခြင်းနှင့် လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် သက်ဆိုင်ရာဌာနများသို့ အသိပေးအကြောင်းကြားနိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

■

# အာရှဗုဒ္ဓဘာသာအသင်း ဖွဲ့စည်းရေးညှိနှိုင်းအစည်းအဝေး အောင်မြင်ပြီးမြောက်ခြင်းအထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၃**

အာရှဗုဒ္ဓဘာသာအသင်း ဖွဲ့စည်းရေးညှိနှိုင်းအစည်းအဝေး အောင်မြင်ပြီးမြောက်ခြင်း အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ ကရဝိက်ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ ထိုင်းနိုင်ငံ ချူလာလောင်ကွန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာတော်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကိုနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆီမီး၊ ရေချမ်းနှင့် သစ်သီးဆွမ်းတို့ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဓမ္မရောင်ခြည်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မနှင့် ထိုင်း၊ ကိုရီးယား၊ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ နိုင်ငံတို့မှ ဦးဆောင် ဆရာတော်များက ဩဝါဒကထာများ မိန့်ကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ယနေ့ကျင်းပသော အာရှဗုဒ္ဓဘာသာဝင်များအသင်း ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားသည် ဗုဒ္ဓတရားတော်များကို အလေးအနက်ထား ချစ်မြတ်နိုးကြသော မိမိတို့ ဗုဒ္ဓဘာသာဝင်များအဖို့ မင်္ဂလာရှိ၍ ကြိုဆိုရမည့် အခမ်းအနားဖြစ်ကြောင်း၊ အသင်းကြီး၏ အမည်နာမအောက်၌ မိမိတို့အားလုံး သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် တက်ညီလက်ညီ ကြိုးစားနိုင်ကြပြီဖြစ်ပါကြောင်း၊ ဗုဒ္ဓ



ဘာသာနိုင်ငံများအချင်းချင်း ကမ္ဘာတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို တည်ထောင်နိုင်ကြပြီ ဖြစ်ပါကြောင်း၊ လုံခြုံစိတ်ချရပြီး ညီမျှသော လူမှုဘဝထူထောင်ရရှိနိုင်ရန်အတွက် တစ်စုံတစ်ရာ တွန့်ဆုတ်ခြင်းမရှိဘဲ မိမိတို့အားလုံး ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်နိုင်ရမည်ဖြစ်ကြောင်း၊ ဘာသာရေးကို ခုတုံးလုပ်လျက် အစွန်းရောက်အကြမ်းဖက်ဝါဒအားလုံး မဟုတ်မမှန်သတင်းဖြန့်ချိမှုအမျိုးမျိုး၊ ပဋိပက္ခနှင့် စစ်ပွဲများအပြင် ယင်းသို့ မတရားသောလုပ်ဆောင်ချက်များကို ထောက်ခံအားပေးနေမှုများကိုလည်း ဝေဖန်ရှုတ်ချနိုင်ကြပြီဖြစ်ပါကြောင်း။

ထို့အပြင် ဗုဒ္ဓဘာသာခေါင်းဆောင်များသည် ဗုဒ္ဓဒေသနာတော်များ၏ အကူအညီဖြင့် ညီညွတ်မျှတသော လူမှုအဆောက်အအုံကို တည်ထောင်ရန် ကြိုးစားအားထုတ်နိုင်ကြပြီဖြစ်ပါကြောင်း၊ တစ်ကမ္ဘာလုံးငြိမ်းချမ်းလုံခြုံ ကြီးပွားတိုးတက်ရေးအတွက် အခြားကိုးကွယ်မှုဘာသာအမျိုးမျိုးက ညွှန်ပြသော တာရှည်ခံသည့် ငြိမ်းချမ်းရေး တန်ဖိုးများကို အသိအမှတ်ပြုခြင်းအားဖြင့် ပါဝင်ဆောင်ရွက်နိုင်ကြပြီ ဖြစ်ပါကြောင်း” လျှောက်ထားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တကုဏ္ဍိဗလက ဩဝါဒကထာ ချီးမြှင့်တော်မူသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အခမ်းအနား အောင်မြင်ခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။

ဆက်လက်၍ ပြည်ပနိုင်ငံများမှ တက်ရောက်လာကြသည့် ဦးဆောင်ဆရာတော်များက ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဒေါက်တာခင်ရွှေတို့အား အမှတ်တရ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနိုင်လင်းမြင့်နှင့် ဒေါက်တာခင်ရွှေတို့က အာရှဗုဒ္ဓဘာသာအသင်း ဖွဲ့စည်းနိုင်ရေးညှိနှိုင်းအစည်းအဝေး အခမ်းအနားဖြစ်မြောက်ရေးအတွက် လှူဒါန်းကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းရေးဂီတပွဲတော် Level-2 အဆင့် သီချင်းဆိုပြိုင်ပွဲ ဆက်လက်ကျင်းပမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်း

**ရန်ကုန် အောက်တိုဘာ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ယူ ကျင်းပသည့် ငြိမ်းချမ်းရေးဂီတပွဲတော် Level-2 အဆင့် သီချင်းဆိုပြိုင်ပွဲ ဆက်လက်ကျင်းပမည့် အစီအစဉ်များနှင့်စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)တွင် ပြုလုပ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နေချိန်တွင် ပြည်သူများ၏ စိတ်ပါဝင်စားမှု၊ ထောက်ခံပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုရရှိစေရန်နှင့် အထောက်အကူပြုစေရေးတို့အတွက် ငြိမ်းချမ်းရေးဂီတပွဲတော်သီချင်းဆိုပြိုင်ပွဲကို နိုင်ငံတစ်ဝန်းလုံး ကျင်းပရခြင်းဖြစ်ကြောင်း အဆိုပါအခမ်းအနားမှသိရသည်။

“ငြိမ်းချမ်းရေး ဂီတပွဲတော်လုပ်တာက နိုင်ငံတော်က ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေအတွက် တိုက်ရိုက်မဟုတ်ပေမယ့် သွယ်ဝိုက်တဲ့နည်းနဲ့တော့ အထောက်အကူပြုပါတယ်။ လူငယ်တွေစိတ်ဝင်စားတဲ့ ဂီတနဲ့ ပေါင်းစပ်ဆောင်ရွက်တာဆိုတော့ ငြိမ်းချမ်းရေးဂီတပွဲတော်လုပ်တဲ့နေရာတွေတိုင်းမှာ လူငယ်တွေ စိတ်ဝင်စားပြီး ပူးပေါင်းလာကြတယ်။ ပရဟိတလုပ်ငန်းတွေမှာလည်း ကူညီလာကြတယ်။ နောက်ပြီး စစ်ဘေးရှောင်စခန်းက ပြည်သူတွေရဲ့ ငြိမ်းချမ်းရေးအတွက်ထားတဲ့ မျှော်လင့်ချက်တွေကို မေးမြန်းပြီး ရိုက်ပြနိုင်ခဲ့တဲ့အတွက် လူထုအတွင်းမှာ စစ်ဘေးရှောင်စခန်းက ပြည်သူတွေရဲ့ ငြိမ်းချမ်းရေးအတွက် လိုလားတောင့်တမှုတွေကို သိမြင်လာတယ်။ အဲဒါဟာ ဒီဂီတပွဲတော်က ရတဲ့အကျိုးအမြတ်တစ်ခုပဲလို့ ယူဆပါတယ်”ဟု မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးကပြောသည်။

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ Level -1 ကို ဇူလိုင်လမှ စတင်ကာ တောင်ကြီး၊ မြစ်ကြီးနား၊ မော်လမြိုင်၊ လားရှိုး၊ ပုသိမ်၊ ကလေး၊ ရန်ကုန်၊ ဘားအံ၊ နေပြည်တော်နှင့် မန္တလေးမြို့ကြီးများတွင် ကျင်းပခဲ့ပြီး စစ်တွေတွင် ကျင်းပမည့် ငြိမ်းချမ်းရေးဂီတပွဲတော်အား ရန်ကုန်တွင် ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ မြို့ကြီး ၁၁ မြို့မှ ရွေးချယ်ခံရသူ ဒေသလက်ရွေးစင် ၃၆ ဦးအား ယခုပြုလုပ်မည့် Level-2 တွင် ထပ်မံယှဉ်ပြိုင်စေမည်ဖြစ်ကြောင်းသိရသည်။

Level -2 အဆင့်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဒေသလက်ရွေးစင်များအား ပဏာမအသံစစ်ဆေးခြင်းကို ပြုလုပ်မည်မဟုတ်သည့်အပြင် သီချင်းအပုဒ်များ မထပ်စေရန် ပြိုင်ပွဲဝင်များအနေဖြင့် သတ်မှတ်ပြဋ္ဌာန်းသီချင်း ၅၇ ပုဒ်ထဲမှ မဲနှိုက်ရွေးချယ်ကာ မိမိတို့ ရရှိသည့်သီချင်းကို သီဆိုယှဉ်ပြိုင်ရမည်ဖြစ်ကြောင်းသိရသည်။

“ Level -1 တုန်းက ပြိုင်ပွဲဝင်အရေအတွက်ကများတော့ သီချင်းမသတ်မှတ်ပေးနိုင်ခဲ့ဘူး။ အခု Level -2 မှာတော့ ငြိမ်းချမ်းရေးနဲ့ဆက်နွယ်တဲ့ သီချင်းအမျိုးအစား ၅၇ ပုဒ်ထဲကနေ မဲနှိုက်ပြီး သီဆိုရမှာပါ”ဟု မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ပြောသည်။

Level -2 အဆင့်ပြိုင်ပွဲကို ပွဲစဉ် (၄)ခုဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ပွဲစဉ်(၁)နှင့် ပွဲစဉ်(၂)ကို မန္တလေးမြို့တွင် အောက်တိုဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင်လည်းကောင်း၊ ပွဲစဉ်(၃)နှင့် ပွဲစဉ်(၄)ကို နေပြည်တော်တွင် အောက်တိုဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲမှ Level-3 အတွက် လက်ရွေးစင် ၁၀ ဦးကို ရွေးချယ်ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငြိမ်းချမ်းရေးဂီတပွဲတော် Level-3 တွင် ထူးခြားချက်အနေဖြင့် SMS Voting စနစ်ပါဝင်မည်ဖြစ်ရာ ပရိသတ်များ ဈေးနှုန်းသက်သာစွာဖြင့် Vote ပေးနိုင်ရန် ဆက်သွယ်ရေးအော်ပရေတာများဖြစ်သည့် MPT၊ Ooredoo၊ Telenor တို့နှင့် ညှိနှိုင်းဆောင်ရွက်နေကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

“ငြိမ်းချမ်းရေးဂီတပွဲတော် Level-3 မှာ Voting စနစ်ပါမယ်။ ပရိသတ် Voting ၆၀ ရာခိုင်နှုန်း၊ ဒိုင်တွေက ၄၀ ရာခိုင်နှုန်းပေါင်းပြီး ရွေးချယ်မှာဖြစ်တယ်။ ဒါမှအရည်အချင်းရှိတဲ့သူတွေ ပေါ်ထွက်လာမှာဖြစ်ပါတယ်”ဟု ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ပြောသည်။

ငြိမ်းချမ်းရေးဂီတပွဲတော် Level-2 သီချင်းဆိုပြိုင်



ပွဲတွင် အကဲဖြတ်ဒိုင်လူကြီးများအဖြစ် မန္တလေးမြို့တွင် မင်းချစ်သူ၊ အောင်နိုင်စန်း၊ နွဲ့ယဉ်ဝင်းတို့က လည်းကောင်း၊ နေပြည်တော်တွင် မြင့်မိုးအောင်၊ တက္ကသိုလ်လဲ့လဲ့၊ ခင်မြတ်မွန်တို့က လည်းကောင်း အသီးသီး ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

Level-3 အဆင့်ပြိုင်ပွဲမှ ရွေးချယ်ခံရသည့် ဆန်ခါတင် ၁၀ ဦးထဲမှ သုံးဦးကို ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ပြုလုပ်မည့် Grand Final ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယအဖြစ် ရွေးချယ်ကာ ပထမဆု သိန်း ၃၀၀၊ ဒုတိယဆု သိန်း ၂၀၀၊ တတိယဆု သိန်း ၁၀၀၊ နှစ်သိမ့်ဆု တစ်ဆုလျှင် သိန်း ၃၀ ဖြင့် ခုနစ်ဆုချီးမြှင့်သွားမည်ဖြစ်ပြီး နိုင်ငံကျော် အဆိုရှင်များနှင့် ကျန်လက်ရွေးစင်များ၏ သီဆိုဖျော်ဖြေမှုနှင့်အတူ ဂီတပွဲတော်ကြီးအဖြစ် မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

ယနေ့ ပြုလုပ်သည့် စာနယ်ဇင်း ရှင်းလင်းပွဲတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ရှေ့ဆက်လက်ပြုလုပ်မည့် ငြိမ်းချမ်းရေးဂီတပွဲတော် ပွဲစဉ်များနှင့်ပတ်သက်၍ လည်းကောင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးတင်ဦးလေးက ငြိမ်းချမ်းရေးဂီတပွဲတော်ပြိုင်ပွဲများနှင့် ပတ်သက်၍ လည်းကောင်း၊ မြန်မာပရိုတေးသီချင်းမူပိုင်အဖွဲ့ကိုယ်စား ဦးမင်းချစ်သူက မြို့အလိုက် ကျင်းပမည့် ပွဲစဉ်များနှင့်ပတ်သက်၍ လည်းကောင်း အသီးသီး ရှင်းလင်းပြောကြားသည်။

**(သတင်း-သီသီမင်း၊ဓာတ်ပုံ-ဖြိုး)**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပိုစတာစိုက်ထူ၊ လက်ကမ်းစာစောင်များဖြန့်ဝေ

**ပန်းတောင်း အောက်တိုဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေတွင် မိုးရာသီကာလအတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် လူစည်ကားသည့် နေရာဖြစ်သော ပန်းတောင်းမြို့မဈေးရှေ့တွင် အောက်တိုဘာ ၁၂ ရက်က အသိပညာပေး ပိုစတာစိုက်ထူခြင်းကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းနိုင် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ပြီး မြို့မဈေးအတွင်း ပြည်သူများ လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်အချက်များပါဝင်သော အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**(၀၄၃)**

# ဒီနေ့လိုပွဲလေးဖြစ်လာတာ ကျွန်တော့်တစ်ယောက်တည်းရဲ့အားကြောင့် မဟုတ်ပါဘူး

ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဇင်ဝိုင်း


စည်သူ ဗိုလ်ကလေးတင့်အောင်


ဒေါ်မြင့်မြင့်ခင်


ချိုပြုံး


ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်း


စိုးသူ


ခန့်စည်သူ


အိန္ဒြာကျော်ဇင်


နန်းစုရတီစိုး

**ရန်ကုန် အောက်တိုဘာ ၁၃**

သက်ကြီးဝါကြီးများအား ဂါရဝါဝေါစ နိဝါတောစ မင်္ဂလာတရားတော်မြတ်နှင့်အညီ ပူဇော်ကန်တော့ခြင်းသည် မြတ်သော မင်္ဂလာတစ်ပါးဖြစ်သည်။ ရုပ်ရှင်အစည်းအရုံးအနေဖြင့်လည်း အဆိုပါတရားတော်နှင့်အညီ ငယ်သူက ကြီးသူကို ကန်တော့ခြင်း၊ ဆက်လက်ပြီး ငယ်သူမှ ကြီးသူများအဖြစ် ပူဇော်ကန်တော့ခံကြရင်း အစဉ်အဆက်လက်ဆင့်ကမ်းကာ ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ကျင်းပခဲ့သည်မှာ (၅၄)ကြိမ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

ယခုနှစ်သည် ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားစွာဖြင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးတွင် ကျင်းပခဲ့ပြီး အနုပညာရုပ်ရှင်လောကနယ်ပယ်အသီးသီးမှ သက်ကြီးဘိုးဘွား ၁၆၂ ဦးကို ငွေသားနှင့် လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးများဖြင့် လှူဒါန်းကာ ပူဇော်ပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ပူဇော်ပွဲကြီးသို့ အနုပညာရှင်အများအပြားတက်ရောက်ခဲ့ရာ တက်ရာက်လာကြသည့် ကန်တော့ခံ အနုပညာရှင်ကြီးများ၊ ကန်တော့ကြသည့် အနုပညာရှင် အချို့နှင့် တွေ့ဆုံစဉ် ၎င်းတို့၏ ရင်တွင်းမှ ပီတိစကားများကို ပရိသတ်ကြီးအတွက် ပြန်လည်မျှဝေလိုက်ပါသည်။

**စည်သူဗိုလ်ကလေးတင့်အောင်**

ဘိုးဘွားရိပ်သာမှာ အခုလိုကန်တော့ခံရတာ အင်မတန်ကောင်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတိုင်း လူတိုင်းတရားရသင့်တယ်၊ လူတိုင်းက အသက်ကြီးရမှာ၊ အသက်ကြီးတဲ့ပုဂ္ဂိုလ်ကြီးတွေကို ပူဇော်ကန်တော့ရတဲ့နေရာကို ဘဘတို့ရောက်လာတဲ့အတွက် နှင်းဆီကုန်းဘိုးဘွားရိပ်သာကို ဂုဏ်ပြုပါတယ်။ လိုအပ်တာတွေကိုလည်း ဖြည့်စွမ်းချင်ပါတယ်။

**ဒေါ်မြင့်မြင့်ခင်**

ဒီပွဲလေးက အထူးပြောရမယ်ဆိုရင် အမှုဆောင်သစ် ရွေးပြီးတဲ့ ပထမဦးဆုံးပွဲမှာ တစ်ခါတည်း အမေတို့ အဘွားတွေ၊ အဘိုးတွေကို တကယ့်ဘိုးဘွားရိပ်သာကို ပို့လိုက်တာပဲလို့၊ တရားရစရာတော့ အလွန်ကောင်းပါတယ်လို့ပြောချင်ပါတယ်။ လောကသားတွေလည်း စည်းစည်းရုံးရုံးပျော်ပျော်ရွှင်ရွှင်နဲ့အမေတွေကို လာကန်တော့တာ ကျေးဇူးတင်ပါတယ်။ နှစ်တိုင်း နှစ်တိုင်း အမေလည်း ကျန်းကျန်းမာမာနဲ့ ကန်တော့ခံဖို့လာခဲ့ပါမယ်။ အားလုံးကျန်းမာချမ်းသာကြပါစေလို့ပြောချင်ပါတယ်။

**ချိုပြုံး**

အမေချိုတို့မျက်နှာကြည့်ရင် သိပါတယ်။ အလွန်ကြည်နူးပီတိဖြစ်ပါတယ်။ နောင်တစ်ချိန်မှာ ကလေးတွေကလည်း အခုလိုပဲ ကန်တော့ခံရမယ်ဆိုတာ ကြိုပြီးတော့ ဝမ်းသာပီတိဖြစ်ပါတယ်။ ဒီနှစ်က ဘိုးဘွားရိပ်သာမှာ ပထမဆုံးလုပ်တာဆိုတော့ ပိုပြီး တရားရမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တို့လည်း ဒီလိုအချိန်မှာ အိုကြမယ်၊ နာကြမယ်ဆိုတာ ကလေးတွေလည်းသိပါစေ၊ ကိုယ်တို့လည်း သိတယ်။ ဒါ့ကြောင့်မို့ ပိုပြီးတော့ တရားရမိတယ်။ အမေချိုကတော့ ဒီမှာလုပ်တာ သဘောကျတယ်။ အမေချိုတို့ အခုလို တက်တက်ကြွကြွထမ်းဆောင်သလို နောင်မျိုးဆက်သစ်လူငယ်တွေအနေနဲ့လည်းပခုံးပြောင်းပြီး ပေးထားတဲ့တာဝန်တွေကိုလည်း ထမ်းဆောင်နိုင်လိမ့်လို့ မျှော်လင့်ပါတယ်။

**ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း**

ဒီနေ့လိုပွဲလေးဖြစ်လာတာ ကျွန်တော့်တစ်ယောက်တည်းရဲ့အားကြောင့် မဟုတ်ပါဘူး။ ကျွန်တော်တို့လောကကိုချစ်ကြတဲ့ အနုပညာရှင်တွေအားလုံးရဲ့ စည်းလုံးညီညွတ်မှုအားကြောင့်လည်း ဒီနေ့အခမ်းအနားက စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်နဲ့ဖြစ်သွားတာပါ။ သက်ကြီးဘိုးဘွားဦးရေက ၁၆၂ ဦး ရှိပါတယ်။ ဒီထဲမှာ ဒါရိုက်တာကြီးတွေ၊ ဇာတ်ညွှန်းပညာရှင်ကြီးတွေ၊ စက်မှုပညာရှင်တွေ၊ အသံဖမ်းပညာရှင်တွေ၊ ကားဆက်ပညာရှင်တွေ၊ သရုပ်ဆောင်တွေ စသဖြင့် အနုပညာရုပ်ရှင်လောကနယ်ပယ်အသီးသီးက ပုဂ္ဂိုလ်တွေ တစ်ဦးစီကို ငွေကျပ် နှစ်သိန်းနှစ်သောင်း၊ လူသုံးကုန်ပစ္စည်း၊ ဆေးဝါးတွေလှူဒါန်းနိုင်ခဲ့ပါတယ်။

**စိုးသူ**

အင်မတန်ကြည်နူးဖို့ကောင်းတယ်။ ကန်တော့ခံတဲ့ လူကြီးတွေကော၊ ကန်တော့ကြတဲ့ ကျွန်တော်တို့ အနုပညာ ညီအစ်ကိုမောင်နှမတွေကိုကော အကုန်လုံး ကြည်နူးဖို့ကောင်းပါတယ်။ ကြည့်ရင်းနဲ့အကုန်လုံးက အသက်တွေကြီးလာကြတာဆိုတော့ အခုလို မင်္ဂလာတရားတော်နဲ့အညီ ကန်တော့ကြတာ မြင်ရတော့ ဒီပွဲကိုတက်ရတာ ဝမ်းသာမိတယ်။

**ခန့်စည်သူ**

ကျွန်တော်တို့ ဒီရုပ်ရှင်လောကမှာ ရုပ်ရှင်ခရီးကြမ်းကို ခက်ခဲကြမ်းတမ်းစွာဖြတ်သန်းပြီးတော့ လမ်းဖောက်လာခဲ့တဲ့ တကယ့်သက်ကြီး၊ ဝါကြီး အနုပညာရှင်ကြီးတွေ၊ အတတ်ပညာရှင်ကြီးတွေကို ရိုကျိုးကန်တော့ရတဲ့အတွက် ရင်ထဲမှာ ပြောမပြတတ်အောင် ဖြစ်ရပါတယ်။ ကန်တော့တဲ့သူရှိသလို ကန်တော့ခံရတဲ့သူတွေလည်း နှစ်တိုင်းစုံစုံညီညီရှိစေချင်တယ်။ တစ်နှစ်ထက်တစ်နှစ် ကန်တော့ခံတဲ့ သက်ကြီးဘိုးဘွားတွေ လျော့လျော့သွားရတာလည်း တကယ်ကို စိတ်ထဲထိခိုက်ရပါတယ်။

**အိန္ဒြာကျော်ဇင်**

ကိုယ့်ထက်အသက်ကြီး၊ ဝါကြီးတဲ့ အနုပညာရှင်ကြီးတွေကို ကန်တော့ရတဲ့အတွက် ကြည်နူးမိပါတယ်။ ကိုယ်တွေလည်း တစ်ချိန်ဒီလိုအသက်အရွယ်ကို ရောက်လာမှာပဲလေ။ ပြီးတော့ ဒီနှစ်က ရုပ်ရှင်အစည်းအရုံးမှာမဟုတ်ဘဲ နှင်းဆီကုန်းဘိုးဘွားရိပ်သာမှာလုပ်လိုက်တော့ အားလုံးအတွက်လည်း အပြောင်းအလဲလေးဖြစ်တာပေ့ါ။ စတုဒိသာလေးကျွေးဖြစ်တာကတော့ ကိုယ့်အနုပညာရှင်တွေ့ဆုံတဲ့ပွဲမှာ အူဝဲတို့တတ်နိုင်တဲ့ဘက်က တစ်တပ်တစ်အား ပါဝင်ဖြစ်တာပါ။

**နန်းစုရတီစိုး**

နန်းစုက ဒီနှစ်မှာ ဘူးသီးကြော်စတုဒိသာလှူဖြစ်ခဲ့ပါတယ်။ ဒီနှစ်ပွဲလေးက တကယ်ကြည်နူးပီတိဖြစ်စရာလည်းကောင်းပါတယ်။ အသက်ကြီး၊ ဝါကြီး အနုပညာရှင်၊ အတတ်ပညာရှင်ကြီးတွေကို ဂါရဝပြုခွင့်ရတဲ့အတွက် အလွန်ပဲဝမ်းသာကြည်နူးမိပါတယ်။ ဒီနှစ်ဆိုရင် စတုဒိသာအစီအစဉ်တွေပါလာတယ်ဆိုတော့ အနုပညာရှင်တွေအကုန်လုံး စည်းစည်းလုံးလုံးနဲ့တစ်နေရာတည်းမှာ မြင်ရတော့ အလွန်ကြည်နူးရပါတယ်။

**တွေ့ဆုံမေးမြန်း-ခင်ဇာလီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# ထိုင်းနိုင်ငံသို့ စေလွှတ်ခဲ့သည့် မြန်မာအလုပ်သမားများ မြဝတီမြို့မှတစ်ဆင့် ပြန်လည်ဝင်ရောက်လာ

**နေပြည်တော် အောက်တိုဘာ ၁၃**

ထိုင်းနိုင်ငံသို့ အလုပ်လုပ်ကိုင်ရန် ကုမ္ပဏီများမှ စေလွှတ်ခဲ့သည့် မြန်မာအလုပ်သမားများသည် အောက်တိုဘာ ၁၂ ရက်တွင် အလုပ်သမားသံအရာရှိ ဦးအောင်ခင်မြင့်နှင့် ထိုင်းနိုင်ငံအခြေစိုက် မြန်မာအလုပ်သမားကူညီစောင့်ရှောက်ရေး မဟာမိတ်ကော်မတီ(Aid Alliance Committee for Myanmar Workers - AAC)တို့နှင့်အတူ ထိုင်းနိုင်ငံမှ မြဝတီမြို့ရွှေ့ပြောင်းအလုပ်သမားရုံးသို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာအလုပ်သမားများသည် Shwe Sin Koe Pwint Co.,Ltd မှ ထိုင်းနိုင်ငံ Thai Smile Food Co.,Ltd သို့ ၂၀၁၇ ခုနှစ် မတ်လ ၁၆ရက်တွင် စေလွှတ်ခဲ့သည့် အမျိုးသား ၅၈ ဦး၊ အမျိုးသမီး ၄၄ ဦး စုစုပေါင်း ၁၀၂ ဦးနှင့် Yan Aye Services Co.,Ltd မှ ထိုင်းနိုင်ငံ Ratcharoen Service Co., Ltd သို့ ဖေဖော်ဝါရီ ၂၂ ရက်တွင် စေလွှတ်ခဲ့သည့် အမျိုးသား ကိုးဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၁၅ ဦးတို့ဖြစ်ပြီး စာချုပ်ပါအတိုင်း လုပ်ငန်းခွင်သို့မရောက်ရှိခြင်း၊ လုပ်ငန်းခွင်သို့ချက်ချင်းဝင်ရောက်လုပ်ကိုင်ရခြင်းမရှိဘဲ စောင့်ဆိုင်းနေရခြင်း၊ ကြိုတင်အကြောင်းကြားမှုမရှိဘဲ အလုပ်သမားများအား အကြောင်းမဲ့အလုပ်မှထုတ်ပယ်ခဲ့ခြင်းတို့ကြောင့် အလုပ်သမားများက မကျေနပ်၍ အငြင်းပွားရာမှ AAC အဖွဲ့ဖြင့် ဆက်သွယ်၍ ပြန်လည်ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် အလုပ်သမားသံအရာရှိ ဦးအောင်ခင်မြင့်သည် မြဝတီမြို့ ရွှေ့ပြောင်းအလုပ်သမားရုံးမှ တာဝန်ခံများ၊ မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းမှ ကိုယ်စားလှယ်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးတို့နှင့်အတူ သက်ဆိုင်ရာ မြန်မာအေဂျင်စီများမှ



မန်နေဂျင်းဒါရိုက်တာများနှင့် AAC အဖွဲ့တို့ ညှိနှိုင်းပေးချက်အရ Shwe Sin Koe Pwint Co., Ltd. မှ ပြန်လာသည့် မြန်မာအလုပ်သမား ၁၀၂ ဦးအား တစ်ဦးလျှင် ဝန်ဆောင်ခငွေကျပ် ၁၅၀၀၀၀ နှင့် ထိုင်းဘက်ခြမ်းတွင် Work Permit အတွက် ဘတ် ၄၅၀၀ နှင့် ညီမျှသော မြန်မာငွေကျပ် ၁၈၀၀၀၀၊ နှစ်ရပ်ပေါင်း ကုန်ကျငွေကျပ် ၃၃၀၀၀၀ ဖြင့် စုစုပေါင်း ၁၀၂ ဦးအတွက် ငွေကျပ် ၃၃၆၆၀၀၀၀ ကို ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးမင်းစိုးဝင်းက အောက်တိုဘာ ၁၃ ရက်တွင် ပေးအပ်ခဲ့ပြီး နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

Yan Aye Services Co., Ltd ဖြင့် သွားရောက်ခဲ့သည့် မြန်မာအလုပ်သမားများအနေဖြင့် လုပ်ငန်ခွင်သို့ ပြန်လည်ပို့ဆောင်ပေးရန် တောင်းဆိုမှုကြောင့် အဆိုပါကုမ္ပဏီက ထိုင်းနိုင်ငံသို့ ပြန်လည်စေလွှတ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး အလုပ်သမားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၁၅ ဦးအတွက် ငွေကျပ် ၇၅၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံ Ratcharoen Service Co., Ltd. ၏ အလုပ်ခေါ်စာသည် ထိုင်းနိုင်ငံတွင် လက်ရှိ အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားဟောင်းများကို MoU စနစ်ဖြင့် ပြန်လည်စေလွှတ်သည့် အလုပ်ခေါ်စာဖြစ်ပြီး Yan Aye Services Co., Ltd. အနေဖြင့် အလုပ်သမားအသစ်များကို လိမ်လည်တင်ပြ၍ အစားထိုးစေလွှတ်ခဲ့ကြောင်း စိစစ်တွေ့ရှိခဲ့၍ ယင်းကုမ္ပဏီ၏ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ကို ယခင်အရေးယူခဲ့သည့် ခြောက်လပိတ်သိမ်းသည့် ပြစ်ဒဏ်ကာလလွန်မြောက်သော နိုဝင်ဘာ ၅ ရက်မှ စတင်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ငါးနှစ်ထပ်မံပိတ်သိမ်းခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ထိုင်းနိုင်ငံ Thai Smile Food Co., Ltd. သည် Shwe Sin Koe Pwint Co., Ltd. မှ စေလွှတ်ခဲ့သည့် မြန်မာအလုပ်သမားများ၏ ရသင့်ရထိုက်သောအခွင့်အရေးနှင့် အကျိုးခံစားခွင့်များကို ဖောက်ဖျက်ခြင်း၊ ယင်းစက်ရုံသို့ အလုပ်သမားများကို တာဝန်ယူပို့ဆောင်ခဲ့သည့် ထိုင်းအလုပ်ရှင်ကိုယ်စားလှယ်နှစ်ဦးသည် အလုပ်ရှင်၊ အလုပ်သမားပြဿနာဖြစ်ပေါ်ရာတွင် တာဝန်ယူ ဖြေရှင်းပေးမှုမရှိခြင်း၊ မြန်မာအလုပ်သမားများအား ကာကွယ်စောင့်ရှောက်မှု အားနည်းခြင်းတို့ကြောင့် ၎င်းတို့ကို အမည်ပျက်စာရင်း ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Thai Smile Food Co., Ltd. နှင့် Ratcharoen Service Co., Ltd. တို့မှ တင်ပြလာသော အလုပ်ခေါ်စာများအပေါ် ထိုင်းနိုင်ငံအလုပ်အကိုင်ဌာနမှ ထုတ်ပေးခဲ့မှုအခြေအနေ၊ အလုပ်သမားသံအရာရှိမှ စိစစ်ထောက်ခံဆောင်ရွက်ခဲ့မှုအခြေအနေနှင့် လက်ရှိ အလုပ်သမားရေးရာ ပြဿနာဖြစ်ပေါ်နေသည့်အခြေအနေတို့ကို စိစစ်၍ သက်ဆိုင်ရာအေဂျင်စီများ၏ တာဝန်ခံမှုအပေါ် အရေးယူဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ ထိုင်းနိုင်ငံ၌ အလုပ်သမားရေးရာပြဿနာဖြေရှင်းနေချိန် ထိုင်းအလုပ်ရှင်ကိုယ်စားလှယ် Mr.Phakin Thipphacheowakhum (ID 3560100247105)က အောက်တိုဘာ ၁၀ ရက်တွင် Thai Smile Food Co., Ltd သို့ အလုပ်သမား ၂၀၀ ထပ်မံခေါ်ယူရန် ဘားအံမြို့သို့ လာရောက်ကြောင်း သတင်းရရှိ၍ အချိန်မီပိတ်ပင်တားဆီးနိုင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၃၅ စီး၊ သွင်းကုန် ၃၇၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၂ စီး၊ သွင်းကုန် ၁၀၅ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။



တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ကော်ဖီ၊ အဝတ်အထည်ဟောင်းဘေထုပ်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉ ဒသမ ၃၇၇ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃ ဒသမ ၄၅၂ သန်းခန့်) စုစုပေါင်းတားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂ ဒသမ ၈၂၉ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့သည်။

ထူးခြား ဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၁၂ ရက်တွင် ရန်ကုန်သို့ သွားရောက်မည့် ခြောက်ဘီးယာဉ်တစ်စီးအား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန် ကော်ဖီနှစ်မျိုး၊ အဝတ်အထည်ဟောင်းဘေထုပ်(1x75 kg)32 Pkgs နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃ ဒသမ ၄၅၂ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကချင်ပြည်နယ်တွင် ကိုးလအတွင်း လူသတ်မှု ၅၀ ကျော်ရှိ

**မြစ်ကြီးနား အောက်တိုဘာ ၁၃**

ကချင်ပြည်နယ်တွင် ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ၉ လအတွင်း လူသတ်မှု ၅၇ မှုရှိ၍ ယခင်နှစ်များထက် ဖြစ်ပွားမှုနှုန်းများလာကြောင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးက မှတ်တမ်းများအရ သိရသည်။

ကချင်ပြည်နယ်အတွင်းရှိ မိုးညှင်းခရိုင်နှင့် မြစ်ကြီးနားခရိုင်တို့တွင် လူသတ်မှု ဖြစ်ပွားမှုနှုန်းအများဆုံးဖြစ်ပြီး အများစုမှာ ရည်ရွယ်ချက်ရှိရှိ ကျူးလွန်ခြင်း မဟုတ်ဘဲ ရုတ်တရက်ကျူးလွန်ခြင်းနှင့် အရက်သေစာ သောက်စား၍ ကျူးလွန်ခြင်းဖြစ်ကြောင်း အဆိုပါရုံးမှ သိရသည်။

"ဖြစ်ပွားခဲ့တဲ့ လူသတ်မှုတွေကတော့ ရည်ရွယ်ချက်ရှိရှိ သတ်တာရှားတယ်။ ရုတ်တရက် ဖြစ်တဲ့ဒေါသကို မထိန်းနိုင်တာတို့ အရက်သောက်ထားလို့ မဆင်မခြင် သတ်မိတာတို့က ဖြစ်တာများတယ်" ဟု ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး မျိုးသူရနောင်ကပြောသည်။

ယခုကဲ့သို့ ကချင်ပြည်နယ်အတွင်း လူသတ်မှုများလာခြင်းသည် အဓိကအားဖြင့် ဒေသတွင်း တရားဥပဒေစိုးမိုးမှု အားနည်းခြင်းနှင့် ပြည်နယ်ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်းကြောင့် ဖြစ်နိုင်ချေရှိကြောင်း ဝိုင်းမော်မြို့နယ်အထက်တန်းရှေ့နေ ဦးဂံနက်စ်က မှတ်ချက်ပြုသည်။

"ကျွန်တော့အထင် သုံးသပ်ရရင် လူသတ်မှုတွေ တိုးလာတယ်ဆိုတာ အဓိကက တရားဥပဒေစိုးမိုးမှုအားနည်းတာရယ်၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးတာနဲ့ ဆိုင်မယ်ထင်တယ်"ဟု ဦးဂံနက်စ်က ပြောသည်။

တစ်ပြည်နယ်လုံး အတိုင်းအတာအနေဖြင့် ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ဖြစ်ပွားခဲ့သော လူသတ်မှု ၅၇ မှု၊ တရားခံပေါ်၍ တရားစွဲတင်သည့် အမှု ၃၀ ရှိကြောင်းနှင့် ကျန်ရှိသည့် အမှုများကို ဥပဒေအရ ဆက်လက်ဆောင်ရွက်နေကြောင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ကချင်ပြည်နယ်တွင် ၂၀၁၆ ခုနှစ် တစ်နှစ်လုံးတွင် ၅၁ မှု၊ ၂၀၁၅ ခုနှစ်တွင် ၄၈ မှုနှင့် ၂၀၁၄ ခုနှစ်တွင် ၅၇ မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**(မင်းမင်းဦး)**

# မျက်မမြင်လမ်းလျှောက်ပွဲ ကျင်းပစဉ် ခေတ္တလမ်းပိတ်မည်

**ရန်ကုန် အောက်တိုဘာ ၁၃**

၂၀၁၇ ခုနှစ် နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ (International White Cane Day) အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား (၂၆)ကြိမ်မြောက် မျက်မမြင်လမ်းလျှောက်ပွဲကို အောက်တိုဘာ ၁၅ ရက်တွင် ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မျက်မမြင်လမ်းလျှောက်ပွဲကျင်းပမည့် လမ်းတစ်လျှောက်ဖြစ်သည့် ဆူးလေဘုရားလမ်း (ဆူးလေဘုရားအဝိုင်းမှ ကုန်သည်လမ်းအကြား) ကုန်သည်လမ်း (ဆူးလေဘုရားလမ်းမှ ရွှေတိဂုံဘုရားလမ်းအကြား)၊ ကမ်းနားလမ်း (ရွှေတိဂုံဘုရားလမ်းမှ ဘုန်းကြီးလမ်းအကြား)၊ ဘုန်းကြီးလမ်း (ကမ်းနားလမ်းမှ မဟာဗန္ဓုလလမ်းအကြား)နှင့် မဟာဗန္ဓုလလမ်း (ဘုန်းကြီးလမ်းမှ မြို့တော်ခန်းမရှေ့အထိ) လမ်းများကို လမ်းလျှောက်ပွဲကျင်းပမည့် နံနက် ၅ နာရီခွဲမှ နံနက် ၇ နာရီခွဲအထိ ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ပွဲကျင်းပရေးကော်မတီမှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# စဉ့်ကူးမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သွားလာမှု ယာယီရပ်ဆိုင်း

**စဉ့်ကူး အောက်တိုဘာ ၁၃**

စဉ့်ကူးမြို့၌ အောက်တိုဘာ ၁၃ ရက် နံနက် ၃ နာရီခန့်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျရေများကျဆင်းကာ စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာ မိုင်တိုင် (၄၀/၆)နှင့် (၄၂/၀)ကြား၊ ညောင်ဝန်းကျေးရွာ မိုင်တိုင်(၄၃/၄)နှင့် (၄၃/၅)ကြား၊ လက်ပန်လှကျေးရွာ မိုင်တိုင်(၄၉/၀) နှင့်(၄၉/၂)ကြား ကားလမ်းမပေါ်တို့တွင် တောင်ကျရေ နှစ်ပေခန့်အထိ ရေကျော်မှုများဖြစ်ပေါ်၍ မော်တော်ယာဉ်များသွားလာမှု ယာယီရပ်ဆိုင်းထားကြောင်း သိရသည်။**(အောက်ပုံ)**

အဆိုပါ ကားလမ်းပေါ် ရေကျော်မှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်နိုလင်း၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာတာဝန်ခံများက ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး စနစ်တကျ စီမံဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ တောင်ကျချောင်းရေသည် နံနက် ၉ နာရီခွဲခန့်တွင် ပြန်လည်ကျဆင်းသွားပြီဖြစ်၍ မော်တော်ယာဉ်များ ပုံမှန်သွားလာလျက်ရှိကြောင်း သိရသည်။

**မင်းဇော်ဦး(စဉ့်ကူး)**



# မြစ်သားမြို့ရေဘေးကြုံတွေ့နေရသော အိမ်ထောင်စုများအား ထမင်းထုပ်များလိုက်လံဝေငှ

**မြစ်သား အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် မိုးရွာသွန်းမှုကြောင့် ရွာပေါင်း ၁၄ ရွာ၊ အိမ်ထောင်စုပေါင်း ၁၄၁၉ စု၊ လူဦးရေပေါင်း ၇၀၈၄ ဦးသည် ရေဘေးကြုံတွေ့နေကြရာ ရေဘေးတွေ့ကြုံနေရသော အိမ်ထောင်စုများအား အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက ထမင်းထုပ်များကို လိုက်လံဝေငှကြောင်း သိရသည်။

ထိုသို့လိုက်လံဝေငှရာတွင် မြို့ပေါ်ရပ်ကွက်များက လှူဒါန်းပေးပို့သော ထမင်းထုပ် ၉၀၀ ကျော်အား အင်းရင်းကျေးရွာအုပ်စု အင်းရင်းကျေးရွာ၊ ဆင်ခြံကျေးရွာနှင့် တမာပင်ကျေးရွာများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင် ဦးဆောင်သော မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ဦးစီးမှူး ဦးရဲညွန့်နှင့် ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ရေပေါ်ရှပ်ပြေးယာဉ်ဖြင့် နှစ်ကြိမ် သွားရောက်ကူညီထောက်ပံ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**



# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၃**

မူးယစ်တပ်ဖွဲ့စု(၁) ဗန်းမော်မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၂ ရက်က ဗန်းမော်မြို့နယ် မံရွတ်ကျေးရွာအနီး ဗန်းမော်-မံစီကားလမ်း တံတားအနီးတွင် အောင်သန်းမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀၀ ကိုလည်းကောင်း၊ ယင်းနေ့နံနက် ၁၁ နာရီက မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ အမှတ်(၅) ရပ်ကွက် အမှတ်(၄) နယ်မြေ မန်မိုင်-လားရှိုးကားလမ်းတွင် ရန်အားဟုန် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ ကိုလည်းကောင်း၊ အလားတူ အောက်တိုဘာ ၁၁ ရက် ညနေ ၆ နာရီက မူးယစ်တပ်ဖွဲ့စု(၁၀၁)နေပြည်တော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေဘိုမြို့ အမှတ်(၂)ရပ်ကွက် ကျောင်းရှေ့လမ်းတွင် ရန်အောင်ခိုင်မောင်းနှင်ပြီး ဝေယံကျော်လိုက်ပါလာသည့်မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ရန်အောင်ခိုင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅ ပြားနှင့် ဝေယံကျော်ထံမှ ငွေကျပ် ငါးသိန်းတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ရွှေဘိုမြို့ ဂေါက်ကွင်းအမှတ် (၅)လမ်းရှိ ၎င်းတို့ ၄ဦးရမ်းနေထိုင်သည့် နေအိမ်ကို ရှာဖွေရာ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၅ ပြားကိုလည်းကောင်း၊ ညနေ ၆နာရီခွဲက ပန်းတနော်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပန်းတနော်မြို့ကွက်သစ်ရပ်ကွက်နေ ရောင်နီ(ခ) ရောင်နီလင်း၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၇၈ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အောက်တိုဘာ ၁၁ ရက် ည ၁၁ နာရီက ကျောက်တံတားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်တံတားမြို့နယ် အမှတ်(၅)ရပ်ကွက် Ruby Mart ရှေ့တွင် အောင်ကျော်အား ရှာဖွေရာ ၎င်း၏လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၁၄ ပြားနှင့် စိတ်ကြွရူးသွပ်ဆေးမှုန့် ခုနစ်ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ရန်အားဟုန်အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မန်ယူကို လီဗာပူး အနိုင်ကစားမည့် အစီအစဉ်ကို အမ်မရီကန် ပြောပြီ



လီဗာပူးနှင့် မန်ယူအသင်းတို့သည် အောက်တိုဘာ ၁၄ ရက် (ယနေ့)တွင် လီဗာပူး၏ အိမ်ကွင်း အန်ဖီးလ်တွင် တွေ့ဆုံကြမည်ဖြစ်ရာ ယင်းပွဲစဉ်တွင် လီဗာပူးအနေဖြင့် ခက်ခဲမည်ကို သိသော်လည်း မန်ယူကို အနိုင်ကစားမည့် အစီအစဉ်ကို ကွင်းလယ်လူ အမ်မရီကန်က ဖွင့်ဟလိုက်ပြီ ဖြစ်သည်။

မန်ယူသည် ယခုနှစ် ဘောလုံးရာသီတွင် ရလဒ်များ ကောင်းမွန်နေပြီး နောက်ဆုံးကစားခဲ့သည့် ၁၀ ပွဲတွင် ကိုးပွဲအထိ အနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်သည့် အသင်းဖြစ်သော်လည်း လီဗာပူးမှာမူ နောက်ဆုံးကစားခဲ့သည့် ခုနစ်ပွဲတွင် တစ်ပွဲသာ အနိုင်ရထားသည်။ သို့သော် အမ်မရီကန်က လီဗာပူးမြို့ ပရိသတ်များနှင့် မိမိတို့ အသင်းအားလုံးအတွက် မန်ယူကို အနိုင်ကစားသွားမည် ဖြစ်ကြောင်း ကြွေးကြော်ခဲ့သည်။

အမ်မရီကန်က "ကျွန်တော်တို့အသင်းက ပွဲကို လွှမ်းမိုးကစားနိုင်ဖို့ ကြိုးပမ်းမှာဖြစ်သလို အခွင့်အရေးရတာနဲ့ ဂိုးသွင်းနိုင်ဖို့ ကြိုးစားပါမယ်။ အန်ဖီးလ်မှာ ရက်သတ္တပတ်အတော်ကြာ မကစားခဲ့ရပြီးနောက် ပြန်လည်ကစားရမယ့်ပွဲက မန်ယူနဲ့ဆိုတာဟာ အတော်လေးကို ထူးခြားပါတယ်။ ကျွန်တော်တို့အနေနဲ့ စုစုစည်းစည်း နီးနီးကပ်ကပ်နဲ့ ဒီပွဲအတွက် အာရုံစိုက်ထားပါတယ်"ဟု လီဗာပူးအသင်း ဝက်ဘ်ဆိုက်မှတစ်ဆင့် ပြောကြားခဲ့သည်။

ထို့ပြင် အမ်မရီကန်က နိုင်ငံတကာ ပွဲစဉ်များအပြီး မန်ယူနှင့် ကစားရသည်မှာ အချိန်ကောင်းဖြစ်ပြီး လီဗာပူးအနေဖြင့် ယင်းအခြေအနေကို သေချာပေါက်အခွင့်အရေးယူနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း ယင်းပွဲက ချန်ပီယံဆုအတွက် တစ်စိတ်တစ်ပိုင်းသာ အရေးပါသည်ဟု ဆိုခဲ့သည်။

## အီတလီနည်းပြဘဝထက် ပရီမီယာလိဂ်နည်းပြအဖြစ် ဆောင်ရွက်ရန် အန်စလော့တီ ဆန္ဒရှိ



ဘိုင်ယန်မြူးနစ်အသင်းမှ ထုတ်ပယ်ခံလိုက်ရသည့် နည်းပြ အန်စလော့တီကို အီတလီလက်ရွေးစင်အဖြစ်ဆောင်ရွက်ရန် ကမ်းလှမ်းနေသော်လည်း ကာကယ်ရှင်ကိုယ်တိုင်ကမူ ပရီမီယာလိဂ်သို့သာ ပြန်လာရန် ရည်ရွယ်ထားကြောင်း သိရသည်။ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် အီတလီအသင်း တိုက်ရိုက်ခြေစစ်ပွဲ မအောင်ခြင်းက လက်ရှိနည်းပြ ဗန်တူရာ၏ အနာဂတ်ကို လှုပ်ခတ်စေခဲ့ပြီး ဗန်တူရာနေရာတွင် အီတလီလူမျိုး အန်စလော့တီကို အစားထိုးခန့်အပ်ရန် အီတလီ ဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူများက လိုလားနေခြင်းဖြစ်သည်။

အခြားသတင်းတစ်ရပ်အရ အန်စလော့တီကို အာဆင်နယ်၊ လီဗာပူးနှင့် သူ၏ အသင်းဟောင်း ချယ်လ်ဆီးတို့က ချိတ်ဆက်နေပြီး အန်စလော့တီက ရေရှည်ကိုင်တွယ်ခွင့်ရရှိနိုင်သည့် အာဆင်နယ်အသင်း ဦးဆောင်ခွင့်ကို ပိုမိုစိတ်ဝင်စားနေသည်။ သို့သော် ယခုနှစ် ဘောလုံးရာသီတွင် မည်သည့်အသင်းကိုမျှ တာဝန်ယူဦးမည်မဟုတ်ဘဲ ဘိုင်ယန်တွင် ကြုံတွေ့ခဲ့ရသည့် ဆိုးရွားမှုများအတွက် အချိန်ကာလတစ်ခုအထိ အနားယူဦးမည်ဟု သူနှင့်ရင်းနှီးတဲ့ မိတ်ဆွေများကို ပြောကြားထားကြောင်း သိရသည်။

အန်စလော့တီက ဘိုင်ယန်မြူးနစ် ကစားသမားများ သူ့ကို ဆန့်ကျင်သလားဆိုသည်ကို သူမသိရှိသော်လည်း အားလုံးကို လေးလေးစားစား ဆက်ဆံခဲ့ကြောင်း တုံ့ပြန်ခဲ့ပြီးဖြစ်သည်။

အန်စလော့တီက "ကျွန်တော် မက်ဒရစ်ကနေ ထွက်ခွာခဲ့ရတုန်းက သူတို့က ကျွန်တော်ဟာ ကစားသမားတွေနဲ့ နီးစပ်တဲ့ ဆက်ဆံရေးရှိတယ်လို့ ပြောခဲ့တယ်။ ဘိုင်ယန်မှာကျတော့ ကျွန်တော်က ကစားသမားတွေနဲ့ ဆက်ဆံရေး ပြေလည်မှုမရှိဘူးလို့ ဆိုကြတယ်။ ကျွန်တော်ကတော့ လူတွေနဲ့ ဆက်ဆံရေး အဆင်ပြေချင်တဲ့ ဆန္ဒရှိပါတယ်"ဟု မယုတ်မလွန်ဆိုခဲ့သည်။



## မန်စီးတီးတွင် ဘဝသစ်စတင်ရန် မက်ဆီ အလေးအနက်ထား စဉ်းစားနေ

ဘာစီလိုနာစူပါစတား မက်ဆီက သူ၏အနာဂတ်ကိစ္စရပ်များကို အလေးအနက်ထား စဉ်းစားနေပြီး နိုင်ငံရေး မငြိမ်မသက်ဖြစ်နေသည့် ကာတလိုနီးယားမှခွာပြီး မန်စီးတီးသို့ ပြောင်းရွှေ့နိုင်ဖွယ်ရှိကြောင်း သိရသည်။ ဘာစီလိုနာနှင့် မက်ဆီကြား စာချုပ်သစ်ကိစ္စဆွေးနွေးနေသည်မှာ အနည်းဆုံး ၁၈ လကြာမြင့်နေပြီဖြစ်သော်လည်း ယခုထိ လက်မှတ်ရေးထိုးရခြင်းမရှိသေးပေ။ ကြားကာလတွင် မန်စီးတီး တာဝန်ရှိသူများက မက်ဆီကို ရရှိနိုင်ရေးအတွက် မက်ဆီ၏ ကိုယ်စားလှယ်နှင့် အကြိမ်ကြိမ် ဆွေးနွေးမှုများရှိခဲ့သည်။

မက်ဆီအနေဖြင့် အသက်(၁၃) နှစ် အရွယ်ကတည်းက ပူးပေါင်းခဲ့သည့် ဘာစီလိုနာတွင် ဆက်ကစားလိုသော်လည်း နေမာ ထွက်ခွာသွားခြင်းနှင့် ကာတလန်ဒေသတွင်း မငြိမ်သက်မှုများက မက်ဆီ၏ ရည်ရွယ်ချက်များကို ပြောင်းလဲစေခဲ့ခြင်းဖြစ်သည်။ မက်ဆီသည် ဇန်နဝါရီလအတွင်း( သို့မဟုတ်) လာမည့်နွေဈေးကွက်အတွင်းမှာပင် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့နိုင်ဖွယ်ရှိနေပြီး မန်စီးတီးဘက်ကလည်း တစ်ပတ်လုပ်ခ ပေါင် ၅၀၀၀၀၀ ကျော် တန်ဖိုးရှိ ငါးနှစ်စာချုပ်ချုပ်ဆိုရန် အသင့်ပြင်ထားပြီးဖြစ်သည်။ ကာတလန်ပြည်သူများက လူထုဆန္ဒခံယူပွဲကျင်းပကာ မဲပေးပြီး လွတ်လပ်ရေးကို တောင်းဆိုခဲ့ကြရာ စပိန်အစိုးရက ယင်းရလဒ်ကို အသိအမှတ်မပြုသော်လည်း ဒေသတွင်းမငြိမ်သက်မှုများကြောင့် ဘာစီလိုနာအသင်းကစားခဲ့သည့် ပွဲများတွင် ကွင်းပိတ်ကစားခဲ့ရခြင်းများလည်း ရှိခဲ့သည်။

မန်စီးတီးနည်းပြ ဂွါဒီယိုလာက မက်ဆီကိုရရှိရေးမှာ မျှော်လင့်ချက်မရှိသော အခြေအနေဟု တွက်ထားသော်လည်း မန်စီးတီးတာဝန်ရှိသူများက မက်ဆီကိုရရှိရေး ပုံမှန်ဆွေးနွေးမှုများ စဉ်ဆက်မပြတ် လုပ်ဆောင်နေခဲ့ခြင်းဖြစ်သည်။ မက်ဆီ၏ အာဂျင်တီးနားအသင်းဖော် မန်စီးတီး တိုက်စစ်မှူး အဂွဲရိုးက "ဒီနေရာမှာ ငွေကြေးက ပြဿနာတစ်ရပ် မဟုတ်ဘူးဗျ။ ကျွန်တော်တို့အသင်းမှာ လီယိုကို ရှိစေချင်ပါတယ်။ ဒါပေမယ့် တော်တော်ရှုပ်ထွေးတဲ့ အခြေအနေပါ။ မက်ဆီက ရိုနယ်လ်ဒိုလို ကလပ်အသင်းက နမူနာ စံပြဖြစ်နေတော့ ဒီလိုကစားသမားမျိုးက အသင်းကနေ ထွက်ခွာဖို့ဆိုတာ အင်မတန်မှကို ခက်ခဲပါတယ်"ဟု ထင်မြင်ချက်ပေးခဲ့သည်။

## ဇန်နဝါရီဈေးကွက်တွင် ဆန်းချက်ဇ်နှင့် အိုဇေးလ် နှစ်ဦးစလုံးကို ထုတ်ရောင်းနိုင်

လာမည့်ဇန်နဝါရီဈေးကွက်အတွင်း အာဆင်နယ်၏ ထိပ်တန်းကစားသမားနှစ်ဦးဖြစ်သော ဆန်းချက်ဇ်နှင့် အိုဇေးလ်တို့ နှစ်ဦးလုံး အာဆင်နယ်မှ ထွက်ခွာနိုင်သည်ဟု ဝင်းဂါးက အတည်ပြုခဲ့သည်။ နှစ်ဦးစလုံးမှာ လာမည့်နွေရာသီတွင် အာဆင်နယ်နှင့် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ပြီး ပြောင်းရွှေ့ကြေးမဲ့ဖြင့် ထွက်ခွာခွင့်ပြုရဖွယ်ရှိသည်။

ဆန်းချက်ဇ်က သူ့အနေဖြင့် အာဆင်နယ်နှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ရည်ရွယ်ချက်မရှိကြောင်း ပြောကြားထားခဲ့ပြီးဖြစ်ရာ မန်စီးတီးအသင်းက လာမည့် ဇန်နဝါရီလတွင် ပေါင်သန်း ၂၀ ဖြင့် ခေါ်ယူရန် ပြင်ဆင်ထားပြီးဖြစ်သည်။ အိုဇေးလ်ကိုလည်း မန်ယူ၊ ဘီဆီတပ်စ် အသင်းများမှ ချိတ်ဆက်နေပြီး အာဆင်နယ်နှင့် သက်တမ်းတိုးစာချုပ်ကိစ္စရပ်များ ဆွေးနွေးနေဆဲအချိန်မှာပင် ဝင်းဂါးက အထက်ပါအတိုင်း အံ့အားသင့်ဖွယ် ပြောကြားခဲ့ခြင်းဖြစ်သည်။

## ဟယ်ရီကိန်းကို ပေါင်သန်း ၁၇၀ ဖြင့် ခေါ်ယူရန် မန်ယူကြိုးပမ်းမည်

မန်ယူနည်းပြ မော်ရင်ဟိုက စပါးတိုက်စစ်မှူး ဟယ်ရီကိန်းကို ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၇၀ ဖြင့် ကမ်းလှမ်းရန် ပြင်ဆင်ထားကြောင်း The Sun သတင်းဌာနက ဖော်ပြသည်။ မန်ယူသည် မော်ရင်ဟို မကိုင်တွယ်မီကတည်းက ဟယ်ရီကိန်းအတွက် ပေါင်သန်း ၄၀ အပြင် ဟာနန်ဒက်ဇ်ကို အလိုက်ပေး ကမ်းလှမ်းခဲ့ဖူးသည့် အသင်းဖြစ်သည်။ သို့သော် စပါးဥက္ကဋ္ဌ ဒန်နီယယ်လက်ဗီက သူ့အနေဖြင့် ဂါရတ်ဘေးလ်အတွက် ရရှိခဲ့သည့် ပေါင် ၈၃ သန်းထက် ကိန်းအတွက် ပိုမိုရလိုကြောင်း အကြောင်းပြန်ခဲ့ပြီး ချက်ချင်းပယ်ချခဲ့ဖူးသည်။

မော်ရင်ဟိုသည် ကိန်း၏ ခြေစွမ်းကို ကာလကြာရှည် စိတ်ဝင်စားခဲ့သူဖြစ်ပြီး သူ့လက်ထက်တွင် ကိန်းကို အိုးထရက်ဖို့ဒ်ကွင်းသို့ အရောက်ခေါ်ယူရေးအတွက် ငွေကြေးမြောက်မြားစွာ အသုံးပြုသွားရန် ပြင်ဆင်ထားခြင်းဖြစ်သည်။ မော်ရင်ဟိုက မန်ယူတိုက်စစ်တွင် ကိန်းနှင့် လူကာကူတို့ နှစ်ယောက်ပေါင်းအသုံးပြုပါက ဥရောပကိုပါ မန်ယူ လွှမ်းမိုးနိုင်မည်ဟု ယူဆသောကြောင့် ကိန်းရရှိရေး ကြိုးပမ်းလာခြင်း ဖြစ်သည်။

သို့သော် ဟယ်ရီကိန်းကို ရီးယဲလ်မက်ဒရစ်အသင်းကလည်း ခေါ်ယူရန် ကြိုးပမ်းနေပြီး ဟယ်ရီကိန်းကိုယ်တိုင်ကလည်း ရီးယဲလ်သို့ မပြောင်းဟု ယတိပြတ် မပြောနိုင်ကြောင်း တုံ့ပြန်ခဲ့သည်။ မန်ယူနှင့် နီးစပ်သည့် သတင်းရင်းမြစ်တစ်ခုက သူတို့အနေဖြင့် လာမည့်ကာလအတွင်း ကိန်းကို ရနိုင်ဖွယ်ရှိသလားဟု မေးမြန်းခဲ့ရာ စပါးဘက်မှ မည်သို့မျှ အခွင့်အရေးရှိမည်မဟုတ်ဟု အကြောင်းပြန်ကြောင်း အတည်ပြုခဲ့သည်။

သို့သော် အဆိုပါ ရင်းမြစ်ကပင် "ဂျို့စ် (မော်ရင်ဟို)က ကိန်းကို အတော်ကြိုက်တဲ့ ပရိသတ်ပါ။ ပြီးတော့ ဇလာတန် (အီဗရာဟီမိုဗစ်)က နောက်နှစ်ဆိုရင် မန်ယူအတွက် ဆက်ကစားတော့မှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဒီနေရာမှာ ယူနိုက်တက်အတွက် ပြဿနာက ငွေကြေးဖြစ်ပြီး မဖြစ်နိုင်တဲ့အဆင့် ဖြစ်နေတယ်။ ကိန်းအတွက်ဆိုရင် မက်ပီထက်ပိုပြီး ငွေသုံးရမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။



စပါးအသင်းတာဝန်ရှိသူများက ကိန်းအတွက် မည်သည့်ကမ်းလှမ်းမှုကိုမဆို ငြင်းပယ်မည်ဖြစ်သော်လည်း များပြားလွန်းသည့် ငွေကြေးပမာဏက စပါးအသင်း တာဝန်ရှိသူများ၏ ဆုံးဖြတ်ချက်ကို ပြင်နိုင်လိမ့်မည်ဟု မော်ရင်ဟိုက မျှော်လင့်နေခြင်းဖြစ်သည်။

မေလွဲ့သင်း - စုစည်းသည်

# အမြန်လမ်းမကြီးပေါ်မှာ

ခင်မောင်ဌေး(ပညာရေး)

သီတင်းကျွတ်ကျောင်းပိတ်ရက်မို့ အညာသို့ မိသားစုနှင့် အတူပြန်ဖြစ်သည်။ အမြန်လမ်းကိုမောင်းရမည်ဆို ကတည်းက ကိုယ်တိုင်လည်း အိပ်ရေးဝဝအိပ်ရသည်။ ဘရင်းကြက်ပေါင်းရည်ကလေးကိုပင်ကြို၍သောက် ထားရသည်။

နံနက် ၄ နာရီခွဲ ငါးနာရီလောက်ကပင် ပြည်လမ်းပေါ်သို့ရောက်ရှိနေပြီး ကိုယ်လိုသူလို ကားအများသား။ ပြည်လမ်းကစ၍ လမ်းပိတ်နေလေပြီ။ မိုးကန္တာ လမ်းကပိတ်မို့ အမြန်လမ်းပေါ်သို့ ၂နာရီခွဲခန့်ကြာမှ ရောက်လေသည်။ တိုးဂိတ်တွင် စောင့်လိုက်ရသည့်ကားတန်းက တစ်မျှော်တစ်ခေါ်။

**ဖြေးဖြေးမောင်းပါ**

ပထမဆုံးတွေ့ရသည့်အချက်မှာ ကားတိုင်း ညာဘက်ယာဉ်ကျောမှ မောင်းရန်သတ်မှတ်ထားပါသည်။ မိမိကားကို ကျော်တက်လိုမှသာ လက်ဝဲယာဉ်ကျောမှ ကျော်တက်ရမည်ဖြစ်သည်။ သို့သော်လည်း အဆိုပါကားများမှာ လက်ဝဲဘက်မှ မောင်းနေရာ ကျော်တက်ကားများမှာ ညာဘက်မှ ကျော်တက်နေရလေသည်။ သီတင်းကျွတ်ကျောင်းပိတ်ရက်မို့ထင်သည်။ ရှေ့နောက်ကားများ တန်းစီနေသည်ကို တွေ့ရသည်။

အမြန်လမ်းတွင် သတ်မှတ်မိုင်နှုန်းမှာ ကီလို ၁၀၀ သာဖြစ်သည်။ ကီလို ၁၀၀ ထက် ပိုမမောင်းရန် သတိပေးထားသည်။ ထူးထူးခြားခြားတွေ့ရသည်မှာ သားငယ်သမီးငယ်လေးများ ရုပ်ပုံဖြင့် ဖြေးဖြေးမောင်းပါ ဖေဖေရယ်။ ဖြေးဖြေးမောင်းလို့ ကျေးဇူးတင်ပါတယ် ဖေဖေရယ် ဆိုသည့်ဆိုင်းဘုတ်များ မကြာခဏတွေ့ရသည်။ (အမျိုးသမီးယာဉ်မောင်းများအဖို့တော့ မေးငေါ့စရာပေါ့)။

**အလွန်အန္တရာယ်ရှိ**

သီတင်းကျွတ် ကျောင်းပိတ်ရက်အတွင်းမို့လားမသိ။ အမြန်လမ်းတစ်လျှောက် စစ်ဆေးအရေးယူမှု နည်းလွန်းသလားလို့ထင်မိသည်။ အများသူငှာ ရုံးပိတ်ရက်မို့ ကိုယ်ချင်းစာမိသည်။ သို့သော်လည်း ယာဉ်မောင်းများက ဥပဒေကို လိုက်နာကြခြင်းအလျဉ်းမရှိ။ ယာဉ်အတော်များများသည် ကီလို ၁၀၀ အထက်တွင်သာ မောင်းနေကြသည်။ အကြောင်းမှာ စာရေးသူကိုယ်တိုင် ကီလို ၁၀၀ မောင်းနေသော်လည်း ကားအတော်များများက စာရေးသူ၏ ကားကိုကျော်သွားကြသည်။ ကုန်ကုန်ပြောရရင် ဟိုက်ဂျက်ကားကပင်ကျော်တက်နေသည်။ အမှန်အတိုင်းပြောရလျှင် ဟိုက်ဂျက်ကားသည် ခရီးသည် ၁၀ ဦး တင်နိုင်သည်။ အင်ဂျင်ပါဝါက ၆၆၀ သာရှိသည်။ ကားမောင်းနေသည့် အရှိန်နှင့် လူဝိတ်နှင့်ဆိုလျှင် အလွန်အန္တရာယ်ရှိနေပါသည်။ သို့သော်လည်း အရှိန်မလျှော့ကြ။

**ဟန်ချက်ပင်ပျက်သွားနိုင်**

လမ်းပိုင်းနေရာအချို့တွင် အရှိန်နှုန်း(speed)ပြ မှတ်တိုင်များရှိသည်။ သို့သော်လည်း တစ်ခုမှ မမှန်ပါ။ ကိုယ်တိုင်က ကီလို ၉၀ ကျော်မောင်းနေသော်လည်း မိုင်နှုန်းပြနေသည်က ၈၀ သာ။ တိတိကျကျ မပြနိုင်သေးပါ။ လမ်းပိုင်းအချို့မှာ ကွန်ကရစ်လမ်းအတိုင်းရှိပါသေးသည်။ ကွန်ကရစ်လမ်းများအားလုံး ကတ္တရာထပ်ပိုးလွှာခင်းပေးနိုင်လျှင် ယခုထက်ပို၍ လွယ်ကူချောမွေ့စွာ မောင်းနှင်နိုင်မည် ဖြစ်သည်။ အထူးသဖြင့် တံတားငယ်များကို ဖြတ်သန်းရာတွင် အတက်အဆင်းညီညာသင့်သည်။ ၃/၄နေရာတွင် အဆင်းအတက်အဆင်မပြေလှ။ မချောမွေ့လှ။ အနိမ့်အမြင့် မညီညာမှုများကြောင့် အမြန်ယာဉ်ကြီးများအနေနဲ့ မသိသာလှသော်လည်း ကားလေးများမှာမူ ဟန်ချက်ပင်ပျက်သွားနိုင်ပါသည်။

**ဥပဒေကိုလိုက်နာမှု အားနည်း**

အမြန်လမ်းမကြီး၏ အဆိုးရွားဆုံးအချက်မှာ မော်တော်ဆိုင်ကယ်နှင့် ကျွဲ၊ နွားများပင်ဖြစ်သည်။ အမြန်လမ်းဥပဒေအရ မော်တော်ဆိုင်ကယ်များ အမြန်လမ်းပေါ်တွင် စီးနင်းခြင်းမပြုရသော်လည်း ဥပဒေကို လိုက်နာမှု အားနည်းလျက်ရှိသည်။ စီးနင်းသည့်အခါတွင်လည်း ဘေးလမ်းမှမစီးဘဲ အမြန်လမ်းမကြီးပေါ်သို့တက်၍ စီးနင်းနေသည်ကို အကြိမ်များစွာ တွေ့ခဲ့ရလေသည်။

အချို့နေရာများတွင် အမြန်လမ်းဧရိယာအတွင်း နွားများလွှတ်ထားခြင်းဖြစ်သည်။ ယာဉ်များအားလုံးသည် ကီလိုမီတာ အနည်းဆုံး ၉၀ ခန့်မောင်းနှင်နေရာ ရုတ်တရက် ရပ်တန့်ရန် ခက်ခဲလှပါသည်။ သို့ဖြစ်၍ ကျွဲ၊ နွားများကို အမြန်လမ်းဧရိယာအတွင်း လွှတ်ထားခြင်းမှာ အန္တရာယ်ကို ဖိတ်ခေါ်နေသလိုပင်။ သို့ဖြစ်၍ အမြန်လမ်းတစ်လျှောက် နေထိုင်သူများအား အမြန်လမ်း၏ သတ်မှတ်စည်းကမ်းဥပဒေများကို ပညာပေးဟောပြောစည်းရုံးရန် အထူးလိုအပ်ပါသည်။

> ထူးထူးခြားခြားတွေ့ရသည်မှာ သားငယ်သမီးငယ်လေးများ ရုပ်ပုံဖြင့် ဖြေးဖြေးမောင်းပါ ဖေဖေရယ်။ ဖြေးဖြေးမောင်းလို့ ကျေးဇူးတင်ပါတယ် ဖေဖေရယ်ဆိုသည့်ဆိုင်းပုဒ်များ မကြာခဏတွေ့ရ . . .
>
> ကျွဲ၊ နွားများကို အမြန်လမ်းဧရိယာအတွင်း လွှတ်ထားခြင်းမှာ အန္တရာယ်ကိုဖိတ်ခေါ်နေသလိုပင်. . .

**အရိပ်ရပင် စိုက်ပျိုးထားသင့်**

နောက်တစ်ချက်ပြောချင်သေးသည် နေပြည်တော် အမြန်လမ်း၊ လမ်းဘေး ဝဲ၊ ယာတွင် သစ်ပင်ကြီးမျိုးနွယ်ဝင်များစိုက်ပျိုးသည် ထင်ပါသည်။ အချို့နေရာများတွင် ယူကလစ်ပင်များစိုက်ပျိုးထားသည်ကိုတွေ့ရသည်။ စင်စစ် ယင်းယူကလစ်ပင်များသည် အရိပ်ကောင်းမရနိုင်သကဲ့သို့ ရေစုပ်အားအလွန်ကောင်းသောကြောင့် မြေဆီဩဇာကိုပင် ခမ်းခြောက်မှု မြန်ဆန်နိုင်သည်ဟု သိရသည်။

အညာကဲ့သို့ အပူရှိန်ပြင်းထန်လှသည့် ဒေသများတွင် ကတ္တရာခင်းထားသည့် မော်တော်ကားလမ်းများဘေးတွင် အပင်ကြီးမျိုးနွယ်ဝင်ဖြစ်သည့် ကုက္ကို၊ တမာစသည့် အပင်ကြီးများ အများဆုံးစိုက်ပျိုးထားသည်ကို တွေ့ရသည်။ ယခုထက်တိုင် သက်တမ်းရာကျော်ရှိသည့် သစ်ပင်ကြီးများကို ရန်ကုန်-မန္တလေး ကားလမ်းဟောင်းနှင့် မိတ္ထီလာ-တောင်ကြီး ကားလမ်းတစ်လျှောက်တို့တွင် တွေ့မြင်နိုင်ပါသေးသည်။

အရိပ်ကောင်းစွာရသဖြင့် အပူရှိန်ပြင်းထန်မှုကြောင့် ကတ္တရာများ အရည်ပျော်ပျက်စီးခြင်းဘေးမှ ကာကွယ်နိုင်သကဲ့သို့ အရိပ်မိုးထားသည့် ကတ္တရာလမ်းတစ်လျှောက် အေးချမ်းစွာ ခရီးသွားလာနိုင်သည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် အမြန်လမ်းဘေးတစ်လျှောက် အရိပ်ရအပင်ကြီးမျိုးနွယ်များ စိုက်ပျိုးထားသင့်ပါသည်။

စာရေးသူ၏ အပြန်ခရီးတွင် ရန်ကုန်အပြန်ကားများဖြင့် ပြည့်သိပ်နေပါသည်။ ပဲခူးအလွန်တွင် မိုးမှောင်၍ မိုးရွာသွန်းလေသည်။ စာရေးသူမှာ ညာဘက်ကပ်ယူ၍ ကီလိုမီတာ ၄၀ လောက်သာ မောင်းရဲပါတော့သည်။ ရှေ့မြင်ကွင်းကလည်း မပီပြင်တော့ပါ။ သို့သော်လည်း အမြန်ယာဉ်ကြီးများနှင့် ယာဉ်အချို့မှာ အရှိန်မလျှော့ကြ။ လက်ဝဲဘက်ကျောမှ ကျော်တက်နေကြတော့သည်။

**စောင့်ကြည့်ဖြည်းဆည်းပေးကြဖို့**

သို့ဖြစ်၍ အမြန်လမ်းတွင် ယာဉ်မတော်တဆမှုများ နေရခြင်းမှာ ယာဉ်မောင်းများ၏ မဆင်မခြင် မောင်းနှင်မှုကြောင့် များလေသည်။ နောက်တစ်ချက်မှာ ကား၏ ကြံ့ခိုင်မှုနည်းပါးမှုကြောင့် ဖြစ်မည်။ ကျန်ရှိသည့် လမ်းမချောမွေ့မှု၊ ကျွဲ၊ နွားများနှင့်ဆိုင်ကယ်များ၊ နွားလှည်းများကြောင့် ဖြစ်နိုင်မှုများလည်း ရှိနေလေရာ အမြန်လမ်း အန္တရာယ်ကင်းကင်းနှင့် မောင်းနှင့်နိုင်ဖို့အတွက်ဆိုလျှင် ယာဉ်မောင်းသူများဘက်က လိုက်နာရမည့် စည်းကမ်းဥပဒေကိုလည်း မည်သည့်အချိန်အခါမျိုးတွင်မဆို လိုက်နာရန်လိုသကဲ့သို့ တာဝန်ရှိသူများအပိုင်းကလည်း လိုအပ်နေသည့် ပြုပြင်စရာ ဖြည့်ဆည်းဆောင်ရွက်စရာများကို စောင့်ကြည့်ဖြည်းဆည်းပေးကြဖို့ လိုအပ်နေမည်ဖြစ်သည်။ ။

# ဘိုးဘွားအမွေစစ်

မျိုးသိန်း(ပဲခူး)

ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံမှာ ရှေးနှစ်ပေါင်းရာထောင်ကပင်ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းတို့ဖြင့် နေထိုင်လာခဲ့ကြပြီး သမိုင်းအစဉ်အဆက်မိမိတို့ပိုင်ဆိုင်မှုရှိခဲ့သည့်မြန်မာပြည်ကို ရှေးရှေးသောဘိုးဘွားတို့က အသက်နှင့်အမျှကာကွယ်စောင့်ရှောက် လက်ဆင့်ကမ်းပေးလာခဲ့သော ကျွန်ုပ်တို့မှီတင်းနေထိုင်ကြရာ ပြည်မြန်မာသည်ကား ဘိုးဘွားအမွေစစ်ပင်ဖြစ်ပါသည်။

**ထည်ဝါဝင့်ကြွားစွာနေလာ**

မြန်မာတို့သည်ကိုယ့်တိုင်းပြည်၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ပိုင်နက်မြေနှင့် ကမ္ဘာ့အလယ်တွင် ယနေ့ထိတိုင် ထည်ဝါဝင့်ကြွားစွာဖြင့် နေလာခဲ့ကြသော မြန်မာလူမျိုးများပင်ဖြစ်ကြပြီး ယင်းကဲ့သို့ နေနိုင်လာကြရအောင် ရှေးရှေးသောဘိုးဘွားများကပင် လက်ရုံးရည်၊ နှလုံးရည်တို့ဖြင့် တိုက်ခိုက်ကာကွယ်စောင့်ရှောက်လာခဲ့ကြပြီး နိုင်ငံနယ်နိမိတ်တို့ကို သတ်မှတ်ပေးထားခဲ့ကြပေသည်။

ထိုကဲ့သို့ ပထမမြန်မာနိုင်ငံတော်ကိုတည်ထောင်ခဲ့သည့် အနော်ရထာမင်းစော၏ကျေးဇူးတရားကိုကားလွမ်းဆွတ်အောက်မေ့သတိရနေကြဖို့လိုအပ်ပေလိမ့်မည်။ နိုင်ငံတော်သစ်ကို အနော်ရထာမင်းမြတ်သည် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ခဲ့၍ အသိပညာရှင်၊ အတတ်ပညာရှင်များစွာကိုစုဆောင်းကာ ပြုစုပျိုးထောင်ခဲ့ပြီး နိုင်ငံတော်ကြီးစည်ပင်သာယာဝပြောလာအောင်ဖြင့်လည်း လယ်သစ်တည်၍ ကျီသစ်ကိုပင်တည်ဆောက်ခဲ့လေသည်။ ကိုးကွယ်ယုံကြည်မှုများ လွဲမှားမသွားကြစေရန် နိုင်ငံတော်အတွင်း ထေရဝါဒဗုဒ္ဓဘာသာ မီးရှူးတိုင်ကိုဖြင့်ထွန်းညှိခဲ့ပြီး လောကီ၊ လောကုတ္တရာနယ်ပယ်နှစ်ခုလုံး အကျိုးထူးများရရှိစေနိုင်ကြရန်လည်း ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်းကန်များတို့ကို တည်ထားကိုးကွယ်စေခဲ့သဖြင့် ကိုးကွယ်မှုနှင့်ယဉ်ကျေးမှုအဖြာဖြာတို့သည် သာသနာ၌ဒွန်တွဲဖြစ်ထွန်းပေါ်ပေါက်လာကာ ယနေ့တိုင်ပင် အနော်ရထာပေးခဲ့သည့် အမွေအနှစ်မှာ မကုန်နိုင်အောင် ဆွတ်ခူးစားသုံးနေဆဲပင်ရှိနေသေးသည်။

**အမြော်အမြင်ကြီးမား**

အနော်ရထာ၏ကျေးဇူးသည်ကားကြီးမားလှပြီး ပုဂံ၊ နေပြည်တော်နှင့် မြန်မာနိုင်ငံ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့သည် နောက်ပိုင်းတွင်ပျက်ပြယ်ခဲ့ပြီး မွန်မြန်မာသွေးစည်းညီညွတ်ရေး၊ တိုင်းရင်းသားစည်းလုံးရေး၊ မွန်မြန်မာချစ်ကြည်ရေးတို့ကို ကျန်စစ်သားမင်းကြီးက ပြန်လည်စုစည်းတည်ထောင်ခဲ့သည်။

ထိုသို့ သစ္စာသမာဓိအမြော်အမြင်ကြီးမား၍ တိုင်းရင်းသားများသွေးစည်းညီညွတ်ရေးကို အရေးပေးဆောင်ရွက်ကာ တိုင်းပြည်၏ပြည်သူပြည်သားတို့အပေါ် ရင်ဝယ်ဖြစ်သော သားသမီးကဲ့သို့ ချစ်မြတ်နိုးတော်မူသော ကျန်စစ်သားမင်းကြီး၏ကျေးဇူးတို့မှာ မေ့ဖျောက်မရနိုင်သော သမိုင်းဝင်အမွေအနှစ်အစစ်ပင်ဖြစ်ပေသည်။

**စည်းလုံးညီညွတ်စေခဲ့**

မြန်မာနိုင်ငံတော်ကို တတိယနိုင်ငံတော်တည်ထောင်ခဲ့သည့် အလောင်းမင်းတရားကြီးမှာလည်းသူတစ်လူ၊ ငါတစ်မင်းအချင်းချင်းစစ်ခင်းနေကြသော မြန်မာနိုင်ငံတော်ကို ပြန်လည်စည်းလုံးညီညွတ်စေခဲ့ကြပြီး သတ္တိ၊ ဗျတ္တိ အမြော်အမြင် စည်းရုံးရေးအင်အားကြီးမားစွာဖြင့် ထူထောင်ခဲ့ခြင်းကြောင့် အလောင်းမင်းတရား၏ ကျေးဇူးကား အလွန်ပင်ကြီးမားမြင့်မြတ်လှပေ၏။

**အသက်ပေးကာကာကွယ်ထိန်းသိမ်း**

ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းပျက်ပြုခဲ့ကြရပြီး အမိမြန်မာနိုင်ငံတော်ဘိုးဘွားအမွေအနှစ် ကိုယ့်တိုင်း၊ ကိုယ့်ပြည်၊ ကိုယ့်ပိုင်နက်မြေအား ကိုလိုနီနယ်ချဲ့တို့၏ လက်အောက် အနှစ်တစ်ရာကျော် သူ့ကျွန်ဘဝဆိုးရောက်ရှိခဲ့ကြရာမှ ပြန်လည်လွတ်မြောက်ရရှိလာအောင် မြန်မာ့လွတ်လပ်ရေးကိုဦးဆောင်ကာ တော်လှန်ရေးဆင်နွှဲ၍ ကယ်တင်ပေးခဲ့သူသည်ကား ဗိုလ်ချုပ်အောင်ဆန်းပင်ဖြစ်ပါပေသည်။

သမိုင်းအစဉ်အဆက် အသက်စွန့်ပေးဆပ်ထူထောင်ခဲ့ကြရသော အမိပြည်ထောင်စုမြန်မာနိုင်ငံတော်အား မည်သည့်နိုင်ငံ၊ မည်သူကမဆို၊ မည်သည့်အချိန်အခါကာလမှ တစ်လက်မမျှ ကျူးကျော်ဝင်ရောက်လာခြင်းကို အမိမြန်မာပြည်သားတိုင်းက လက်ခံနိုင်ကြမည်မဟုတ်သလို တို့ဘိုးဘွားအမွေအနှစ်အစစ်မို့ ချစ်မြတ်နိုးကြသည့် ပြည်ထောင်စုဖွား မြန်မာပြည်သားတိုင်းကပင် အသက်ပေးကာကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြမည်မှာလည်း ဧကန်မလွဲဖြစ်ပေမည်။ ။

## ၂၀၁၇ခုနှစ်အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့ကျင်းပ၊ စာစီစာကုံးပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့် သဘာဝဘေးကာကွယ်ရေးပြခန်းကြည့်ရှု



**မဟာအောင်မြေ အောက်တိုဘာ ၁၃**

၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ် ၇၈ လမ်းနှင့် ၃၈ လမ်းထောင့်ရှိ ဟိုတယ်(မန္တလေး)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းဝင်များ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင်မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့အထိမ်းအမှတ် အမှာစကားပြောကြားပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၁၇ ခုနှစ်အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့ သသဏ်လွှာအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ကိုယ်စားလှယ်က ဖတ်ကြားပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုရရှိသူများအား ဆုများချီးမြှင့်သည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းအား ပြသသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များသည် ၂၀၁၇ ခုနှစ် သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ် ပြခန်းများအား ကြည့်ရှုအားပေးကြသည်။

၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့ဆောင်ပုဒ်မှာ 'ထိတွေ့ဘေးဒဏ်လျော့ချမှုလုံခြုံစိတ်ချ တို့ဘဝ' ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ဆူနာမီဘေး၊ ငလျင်ဘေး၊ လေဘေး၊ ရေကြီးမှုစသည့် သဘာဝဘေးများကြုံတွေ့ခံစားခဲ့ကြရာ သဘာဝဘေးများမှ အကာအကွယ်ဖြစ်စေပြီး ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေးအတွက် တည်ဆောက်မှုပိုင်းဆိုင်ရာများ၊ လူမှုရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်သတိပေးစနစ်များ၊ လူတိုင်းရယူအသုံးချနိုင်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

## ပုဗ္ဗသီရိမြို့နယ်အတွင်းရှိမုန့်အရောင်းဆိုင်များနှင့် လုပ်ငန်းရှင်များအား ထုတ်ကုန်လုံခြုံစိတ်ချမှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းမှစတင်၍ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်များမှ မုန့်အရောင်းဆိုင်များနှင့် မုန့်လုပ်ငန်းရှင်များအား ထုတ်ကုန်လုံခြုံစိတ်ချမှု ရှိ၊ မရှိ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးအဖွဲ့တွင် ဥတ္တရခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးငြိမ်းဦးဆောင်၍ ဌာနဆိုင်ရာ အဖွဲ့ဝင်များ ပူးပေါင်းကာ ကျည်တောင်ကန်ရပ်ကွက်ရှိ မုန့်မျိုးစုံအရောင်းဆိုင်များတွင် ထုတ်ကုန်လုံခြုံစိတ်ချမှုရှိစေရေးအတွက် မုန့်ထုပ်များတွင် ထုတ်လုပ်သည့် ရက်စွဲ၊ သက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်း စသည့်အချက်များ ဖော်ပြထားခြင်း ရှိ-မရှိ၊ သက်တန်းလွန်မုန့်များ ရောင်းချနေမှု ရှိ-မရှိ၊ လက္ကားဖြန့်ချိနေသော မုန့်အရောင်းဆိုင်များနှင့်လည်း တွေ့ဆုံ၍ ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်နိုင်ရန် နေရပ်လိပ်စာစုံစမ်းမေးမြန်းမှုများလည်း ပြုလုပ်ခဲ့သည်။

ဆက်လက်၍ ဇဝနဒီပရပ်ကွက်၊ သုခဒီပရပ်ကွက်နှင့် ဝဏ္ဏဒီပရပ်ကွက်များမှ မုန့်မျိုးစုံလုပ်ငန်းများသို့သွားရောက်၍ သက်ဆိုင်ရာလုပ်ငန်းလိုင်စင် ရှိ-မရှိ၊ ကုန်ပစ္စည်းထုန်လုပ်ရာတွင် ပါဝင်ရမည့်အချက်များ ထည့်သွင်းဖော်ပြခြင်း ရှိ-မရှိ၊ လုပ်ငန်းဆောင်ရွက်ရာတွင် သန့်ရှင်းသပ်ရပ်မှု ရှိ-မရှိ စစ်ဆေးခဲ့ရာ လုပ်ငန်းလိုင်စင်များ သက်တမ်းကုန်လွန်နေခြင်း၊ လုပ်ငန်းလိုင်စင်မရှိခြင်း၊ ထုတ်လုပ်သည့်ရက်စွဲ၊ သက်တမ်းကုန်ရက်စွဲများ ဖော်ပြထားမှု မရှိခြင်း၊ သန့်ရှင်းသပ်ရပ်မှုအားနည်းခြင်း စသည့်အချက်များ တွေ့ရှိရသည့်အတွက် နောက်တစ်ကြိမ်တွေ့ရှိပါက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူခံရမည်ကို သိရှိပါကြောင်း အဖွဲ့ဝင်များရှေ့မှောက်တွင် ဝန်ခံကတိလက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ရွှေရဲရင့်**

## ခရီးသွားဧည့်သည့်များ သွားလာမှုအဆင်ပြေစေရေး ပုဂံနန်းမြင့်မျှော်စင်အနီးရှိလမ်းအား ကတ္တရာထပ်ပိုးလွှာပြန်လည်ခင်း

**ညောင်ဦး အောက်တိုဘာ ၁၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လမ်းဦးစီးဌာနမှ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်လည်ပတ်ကြသည့် ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးခရီးသွားဧည့်သည်များနှင့် ဒေသခံပြည်သူများ သွားလာရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် ရည်ရွယ်၍ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးအရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၅၇ ဒသမ ၇၇သန်းဖြင့် ပုဂံနန်းမြင့် မျှော်စင်အနီး ကတ္တရာလမ်းအား နဂိုမူလရှိ ၁၈ ပေ လမ်းအကျယ်ကို လမ်းအရှည် သုည ကီလိုမီတာမှ ၂ ကီလိုမီတာအတွင်း လမ်းအရှည် ၁၀၅၉ ဒသမ ၁၉ မီတာ ကတ္တရာထပ်ပိုးလွှာခင်း၍ လမ်းပြုပြင်ဆောင်ရွက်ခြင်း လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် လမ်းဦးစီးဌာနမှ သိရသည်။

"ကျွန်မတို့ ညောင်ဦးမြို့နယ် လမ်းဦးစီးဌာနမှ ယခု ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသသို့ လာရောက်လည်ပတ်ကြသည့် ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးခရီးသွား ဧည့်သည်တွေ ယာဉ်အန္တရာယ်ကင်းစွာ သွားလာလည်ပတ်နိုင်ရေးအတွက် ပုဂံနန်းမြင့်မျှော်စင်အနီး ကတ္တရာလမ်းအား နဂိုမူလရှိ လမ်းအကျယ် ၁၈ ပေကို လမ်းအရှည် သုည ကီလိုမီတာမှ ၂ ကီလိုမီတာအတွင်း လမ်းအရှည် ၁၀၅၉ ဒသမ ၁၉ မီတာ ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများကို စက်တင်ဘာ ပထမပတ်က စတင်ဆောင်ရွက်ပေးခဲ့ရာ အခုအခါ လမ်းပြုပြင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပါတယ်။ လမ်းပြုပြင်ခြင်းလုပ်ငန်း ပြီးစီးသွားပြီဖြစ်တဲ့အတွက် ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသသို့ လာရောက်လည်ပတ်မည့် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည်တွေ ပုဂံနန်းမြင့်မျှော်စင်အနီးက ကတ္တရာလမ်းကို သွားလာအသုံးပြုရာမှာ ယာဉ်အန္တရာယ်ကင်းရှင်းစွာနဲ့ သွားလာလည်ပတ်နိုင်ပါပြီ" ဟု ညောင်ဦးမြို့နယ် လမ်းဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ ဒေါ်ထက်ထက်အောင်က ပြောသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရေစီးရေလာကောင်းမွန်ရေးကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အောက်တိုဘာ ၈ ရက်မှစတင်၍ မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုများကြောင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်၊ ကော်မတီဝင် ဒေါ်စံပယ်ထွေးနှင့်တာဝန်ရှိသူများသည် အောက်တိုဘာ ၂ ရက် မွန်းလွဲပိုင်းက ပုဗ္ဗသီရိ မြို့နယ်အတွင်းရှိ ရေထုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ကွေ့ကြီးချောင်းရေ စီးဆင်းမှု အခြေအနေနှင့် ဥတ္တရခရိုင်ရုံးများအနီးရှိ ရေမြောင်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လျှိုပိတ် ဆည်များဖြစ်ကြသည့် သရက်ရှင်းဆည်၊ တင်းဝါးဆည်နှင့် ဥတ္တရဆည်များသို့ ရေဝင်ရောက်မှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းနောက် မြို့တော်ဝန် ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများသည် ဥတ္တရမြို့နယ်အတွင်းရှိ စက်စက်ယိုချောင်းရိုးတစ်လျှောက်နှင့် စက်စက်ယိုဆည်အားစစ်ဆေး၍ ဆည်ရေထွက်ပေါက်နေရာအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**(ရွှေကုက္ကို)**



## တပ်ကုန်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

**တပ်ကုန်း အောက်တိုဘာ ၁၃**

နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်သည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစနေထွန်း၊ ဆည်မြောင်း၊ မြေစာရင်း၊ ကျေးလက်ဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ ထန်းတောကြီးကျေးရွာအုပ်စုအတွင်းရှိ ကျေးလက်နေပြည်သူများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆွေးနွေးရန် အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက ထန်းတောကြီးကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်က မိတ်ဆက် ရှင်းလင်းဆွေးနွေးပြီးနောက် ထန်းတောကြီးကျေးရွာ၊ မူလသံခဲတောင်ကျေးရွာမှ ဒေသခံပြည်သူများက ကျေးရွာလျှပ်စစ်မီးလင်းရေးနှင့်ကျေးရွာအတွင်း လိုအပ်နေသေးသည့် လုပ်ငန်းများတင်ပြကြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**



## မန္တလေးမြို့တွင် ငြိမ်းချမ်းရေးဂီတပွဲတော်သီချင်းဆိုပြိုင်ပွဲ Level-2 ရွေးချယ်ပွဲကျင်းပမည်

**မန္တလေး အောက်တိုဘာ ၁၃**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုထောက်ခံသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာနကကြီးမှူး၍ MRTV, Forever Group နှင့် ရွှေသံလွင်မီဒီယာ SKY NET တို့မှဂုဏ်ယူစွာတင်ဆက်သည့် ငြိမ်းချမ်းရေးဂီတပွဲတော်၂၀၁၇ (Peace Music Festival 2017) သီချင်းဆိုပြိုင်ပွဲကို မြို့နေရာ ၁၁ နေရာ သတ်မှတ်ကာ ပထမအဆင့် Level-1 ပြိုင်ပွဲများကျင်းပပြီးစီးပြီဖြစ်ရာ Level-2 ရွေးချယ်ပွဲကို မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၌ မကြာမီအချိန်အတွင်း ကျင်းပတော့မည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တွင် ကျင်းပမည့် ငြိမ်းချမ်းရေးဂီတပွဲတော်သီချင်းဆိုပြိုင်ပွဲ Level-2 ပွဲစဉ်တွင် ပွဲစဉ် လေးပွဲဖြင့် သီဆိုယှဉ်ပြိုင်ကြမည်ဖြစ်ရာ မြန်မာသံစဉ်ဖြင့်သီဆိုမည့်သူ ၁၀ ဦး၊ ခေတ်ပေါ်သံစဉ်ဖြင့်သီဆိုမည့်သူ ၂၆ ဦး စုစုပေါင်း ၃၆ ဦးတို့က မိမိကြိုက်နှစ်သက်ရာဝတ်စားဆင်ယဉ်မှုနှင့်အတူ အောက်တိုဘာ ၂၁၊ ၂၂၊ ၂၈ နှင့် ၂၉ ရက်တို့တွင် သီဆိုယှဉ်ပြိုင်ကြရန် Level-1 မှရွေးချယ်ခံထားသည့် ပထမ၊ ဒုတိယ၊ တတိယရရှိသူများအတွက် ပွဲစဉ်အလိုက်၊ ယှဉ်ပြိုင်မည့်ရက်အလိုက်၊ သီဆိုမည့်သံစဉ်အလိုက် ပါဝင်ယှဉ်ပြိုင်မည့်သူများ၏ အမည်စာရင်းများကို အသီးသီးခွဲဝေသတ်မှတ်ပေးထားပြီးဖြစ်သည်။

ငြိမ်းချမ်းရေးဂီတပွဲတော် Level-1 သီချင်းဆိုပြိုင်ပွဲများကို ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့မှစတင်ကာ နောက်ဆုံးတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ သီချင်းသီဆိုယှဉ်ပြိုင်သည့်ပွဲများကို MRTV ရုပ်သံမှ တိုက်ရိုက်ထုတ်လွှင့်ပေးလျက်ရှိသကဲ့သို့ Level-3 အဆင့် သီဆိုယှဉ်ပြိုင်ပွဲများကိုလည်း တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ သီချင်းဆိုပြိုင်ပွဲ နောက်ဆုံးအဆင့် Level-3 တွင် ပထမဆုကျပ်သိန်း ၃၀၀၊ ဒုတိယဆုကျပ်သိန်း ၂၀၀၊ တတိယဆု ကျပ်သိန်း ၁၀၀ နှင့် နှစ်သိမ့်ဆု ခုနစ်ဆုအတွက် ကျပ်သိန်း ၃၀ စီချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ငြိမ်းချမ်းရေးဂီတပွဲတော်ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများထံမှ သိရသည်။ **ချင်းတွင်းသား**



# ၂၀၁၇ ခုနှစ်အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ကျင်းပ

**တောင်ကြီး အောက်တိုဘာ ၁၃**

၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနားကို အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ရှမ်းပြည်နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဘေးဖြစ်ပွားမှုပေါင်း (၂၄၄) ကြိမ်၊ ဘေးသင့်အိမ်ထောင်စုပေါင်း ၁၆၀၀၀ ကျော်နှင့် လူဦးရေ ၈၀၀၀၀ ကျော် ဘေးသင့်ဒဏ်ခံစားရသည့်အတွက် ရှမ်းပြည်နယ်သမိုင်းတစ်လျှောက်တွင် ဘေးအန္တရာယ်အများဆုံး ကြုံတွေ့ခဲ့ရသည့် နှစ်တစ်နှစ်ဖြစ်ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ရှမ်းပြည်နယ်အတွင်း ဘေးအန္တရာယ်ပေါင်း (၁၆၃) ကြိမ်ဖြစ်ပွားခဲ့ပြီး အိမ်ထောင်စု ၆၂၇၇ စု၊ လူဦးရေ ၃၄၁၉၇ ဦး ဘေးသင့် ခံစားရသဖြင့် ဘေးဖြစ်ပွားမှုကြောင့် လူ ၄၂ ဦးသေဆုံးခဲ့ရသည့်အပြင် ပြည်သူလူထု၏ သဘာဝဘေးများအပေါ် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းအားပိုမိုမြင့်မားလာစေရန် ဖြစ်ပွားလာနိုင်သမျှ ဘေးအန္တရာယ်များအတွက် အသင့်ဖြစ်နေရန်နှင့် ရင်ဆိုင်တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်ကြိုတင်ကာကွယ်မှုလုပ်ငန်းစဉ်များကို ထိရောက်ကျယ်ပြန့်စွာ ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အဖွင့်အမှာစကား၌ ထည့်သွင်းပြောကြားသွားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် UNICEF ရုံးမှ တာဝန်ခံအရာရှိ ဒေါ်ခင်မိုးအေးက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာအားဖတ်ကြားပြီး ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်စာစီစာကုံး၊ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသော အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူတို့က ဆုများချီးမြှင့်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ကြွရောက်လာသော ဧည့်သည်တော်များမှ ခန်းမအတွင်း ခင်းကျင်းပြသထားသော ဆုရကျောင်းသား ကျောင်းသူများ၏ လက်ရာများနှင့် သဘာဝဘေး အသိပညာပေးပြခန်းခင်းကျင်းထားရှိမှုအား လှည့်လည် ကြည့်ရှုအားပေးကြကြောင်းသိရသည်။ အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ရှမ်းပြည်နယ်သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့မှ အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ UN, INGO, NGO နှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ပဉ္စမအကြိမ်အိမ်ရာနှင့် နေထိုင်မှုပြပွဲ ၂၀၁၇ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၃**

အိမ်ရာနှင့် အဆောက်အအုံများကို ပြည်သူများ အနေဖြင့် လွတ်လပ်စွာစိတ်ကြိုက်ရွေးချယ်ခွင့် ရရှိစေရေးတို့အပြင် လူဦးရေတိုးပွားလာသည့် အလျောက် လူမှုဘဝနေထိုင်မှုပုံစံများလည်း ပြောင်းလဲလာခဲ့ရာ လိုအပ်သော နေအိမ်အဆောက်အအုံများအပြင် လူနေမှုဘဝမြင့်မားစေသော တိုက်ခန်းများနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ အရည်အသွေးမြင့်မားသော ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများကို တစ်နေရာတည်းတွင် တစုတဝေး တည်းစိတ်တိုင်းကျ မျက်ဝါးထင်ထင် လေ့လာ သိရှိနိုင်ရန်အတွက် ပဉ္စမအကြိမ်အိမ်ရာနှင့် နေထိုင်မှုပြပွဲ ၂၀၁၇ (The 5th Housing & Living 2017) ပြပွဲဖွင့်ပွဲကို အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပသည်။

အိမ်ရာနှင့်နေထိုင်မှုပြပွဲ ဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး (ရန်ကုန်မြို့တော်ဝန်) ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြခန်းများကို ကြည့်ရှုအားပေးသည်။

ပြပွဲတွင် ပြည်တွင်းပြည်ပမှ ကွန်ဒိုတိုက်ခန်းများ၊ အိမ်ရာအရောင်းပြခန်းများနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ ကွန်ကရစ်လုပ်ငန်းများ၊ အိမ်အမိုးပြားများ၊ အိမ်သုတ်ဆေးများ၊ ကြမ်းခင်းများ၊ ရေချိုးခန်းသုံးပစ္စည်းများ၊ ကြွေပြား ကျောက်ပြားများ၊ ခေတ်မီပရိဘောဂပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ တံခါးများ၊ မျက်နှာကျက်များ၊ အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းများ၊ အိမ်ခြံမြေဆိုင်ရာ ဘဏ်လုပ်ငန်းများ၊ အိမ်ခြံမြေဆိုင်ရာအာမခံ လုပ်ငန်းများပါဝင်သည့် ပြပွဲဖြစ်ပြီး တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာ တိုက်ခန်းများကို ဘဏ်များဖြင့် ချိတ်ဆက်ကာ အထူးဈေးနှုန်းများဖြင့် ကြိုတင်ငွေ အနည်းငယ်ပေးသွင်းရုံဖြင့် အရစ်ကျငွေပေးချေခြင်း အစီအစဉ်များဖြင့် ရောင်းချမည်ဖြစ်သည်။

ပြပွဲရက်များအတွင်း လာရောက်လေ့လာသူများ အသိပညာဗဟုသုတများရရှိစေရန် ဟောပြောကြပြီး အောက်တိုဘာ ၁၄ ရက်တွင် ဦးကျော်ကျော်လှိုင် (Chairman-Smart Group)၊ ဦးစိုင်းခွန်နောင် (Chairman-ရန်ကုန်တိုင်း အိမ်ခြံမြေလုပ်ငန်းရှင်များအသင်း)၊ ဦးမျိုးမြင့် (Chairman-MKT Construction)တို့ကလည်းကောင်း၊ အောက်တိုဘာ ၁၅ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးသိန်းမြင့်ဝေက ဆွေးနွေးဟောပြောကြမည်ဖြစ်ပြီး နေ့စဉ် ညနေ ၆ နာရီအထိ ပြသမည်ဖြစ်သည်။

**(ကြေးမုံ)**



# တန်ဖိုးနည်း VR Headset ကို Facebook မှမိတ်ဆက်

ကွန်ပျူတာနှင့် စမတ်ဖုန်းများဖြင့် ချိတ်ဆက်အသုံးပြုရန်မလိုဘဲ သီးခြားအသုံးပြုနိုင်သည့် တန်ဖိုးနည်း VR Headset တစ်မျိုးကို Facebook မှ ပိုင်ဆိုင်သော Oculus Company က မိတ်ဆက်ပေးလိုက်သည်။ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင်ကျင်းပခဲ့သော အဆိုပါ မိတ်ဆက်ပွဲတွင် Facebook ၏ အမှုဆောင်အရာရှိချုပ် မာ့ခ်ဇူကာဘတ် က အသုံးပြုရလွယ်ကူသည့် VR Headset ပုံစံမျိုး Oculus Go တွင် မြင်တွေ့ရမည်ဟု ပြောကြားခဲ့သည်။

စရိတ်သက်သာစေရန် လျှပ်ရှားထိန်းချုပ်မှုခလုပ်များ ဖယ်ရှားထားပြီး အသံပတ်လည်ပြေးစနစ်များနှင့် Lenses အသစ်များကို တပ်ဆင်ပေးထားမည်ဟုသိရသည်။ ဝတ်ဆင်သုံးပြုသည့်အခါ ပေါ့ပါးပြီးသက်သောင့်သက်သာရှိစေရန် ဖန်တီးပေးထားပြီး ဦးခေါင်းလှည့်လည်အသုံးပြုနိုင်သော်လည်း လွပ်လပ်သည့် လှုပ်ရှားမှုမျိုးပြုလုပ်နိုင်လိမ့်မည်မဟုတ်ဟု သိရသည်။ လာမည့်နှစ် အစောပိုင်းတွင် ထုတ်လုပ်ဖြန့်ချိပေးနိုင်ရန် ရည်ရွယ်ထားပြီး တန်ဖိုးအားဖြင့် ၁၉၉ ဒေါ်လာသာ ကျသင့်မည်ဟု ဆိုသည်။


ALEX

# Full View မျက်နှာပြင်ပါဝင်သော Honor 7X ကို Huawei မှစတင်မိတ်ဆက်

အောက်တိုဘာ ၁၇ ရက် နောက်ပိုင်း တရုတ်နိုင်ငံတွင် စတင်ရောင်းချတော့မည့် Honor 7X ကို Huawei မှ စတင်မိတ်ဆက်ပေးလိုက်ပြီဖြစ်ကြောင်းသိရသည်။ Huawei ၏ ပထမဆုံး Full View 18:9 မျက်နှာပြင်ပါဝင်သော Honor စီးရီးစမတ်ဖုန်းအမျိုးအစားဖြစ်သည်။ ၅ ဒသမ ၉၃ လက်မ မျက်နှာပြင်အကျယ်ရှိပြီး ၇ ဒသမ ၆ မီလီမီတာသာ အထူရှိကာ မျက်နှာပြင်ကို 2.5D ဖန်သားဖြင့် ကာကွယ်ပေးထားသည်ဟုသိရသည်။

Qcta-Core HiSilicon Kirin 659 ပရိုဆက်ဆာကို တပ်ဆင်ပေးထားကာ Android 7.0 လည်ပတ်မှုစနစ်ပါဝင်ပြီး ရုပ်ထွက်အရည်အသွေးပိုင်းအတွက် Mali-T830 MP2 ပါဝင်သောကြောင့် ဖုန်းအတွင်းလုပ်ဆောင်မှုနှင့် အရည်အသွေးကောင်းမွန်သော စမတ်ဖုန်းအမျိုးအစားတစ်ခုဖြစ်သည်ဟု သိရသည်။ RAM ပါဝင်မှု 4GB နှင့် သိုလှောင်သိမ်းဆည်းမှုအတွက် 32GB, 64GB နှင့် 128GB ဟူ၍ သုံးမျိုးရွေးချယ်နိုင်သည်ဟု သိရပြီး Micro SD 256 GB ကို ထပ်မံထည့်သွင်းအသုံးပြုနိုင်မည်ဟုသိရသည်။

16MP+2MP ရှိသော ကင်မရာ နှစ်လုံး ဖုန်း၏ကျောဘက်တွင်တပ်ဆင်ပေးထားပြီး အရှေ့ဘက်ကင်မရာမှာ 8 MP ပါဝင်သည်။ လက်ဗွေဖတ်စနစ်မှာ ဖုန်း၏ ကျောဘက်တွင်ပါဝင်ပြီး 3340 mAh ဘက်ထရီပမာဏပါဝင်ကာတန်ဖိုးမှာ 32GB အမျိုးအစားအတွက် ဒေါ်လာ ၂၀၀၊ 64GB အမျိုးအစားအတွက် ဒေါ်လာ ၂၆၀ နှင့် 128GB အမျိုးအစားအတွက် ဒေါ်လာ ၃၀၀ အသီးသီးသတ်မှတ်ထားပြီး ရရှိနိုင်သောအရောင်များမှာ အနက်ရောင်၊ အပြာရောင်နှင့် ရွှေရောင်တို့ဖြစ်သည်ဟု သိရသည်။



ALEX

# ဖလမ်း၌ ချင်းရိုးရာနှစ်သစ်ကူး(Fang Er)ပွဲတော် အခမ်းအနားကျင်းပ

**ဖလမ်း အောက်တိုဘာ ၁၃**

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ချင်းရိုးရာ နှစ်သစ်ကူး (Fang Er) ပွဲတော်အခမ်းအနားကို အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီခွဲက ဖလမ်းမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်စိုးက အမှာစကားပြောကြားကာ ဆလိုင်းသွက်ဆန်းက ချင်းရိုးရာနှစ်သစ်ကူး (Fang Er) ပွဲတော်၏ သမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် နှစ်သစ်ကောင်းချီးမင်္ဂလာရရှိနိုင်ရေးအတွက် သိက္ခာတော်ရဆရာတော် ဒေါက်တာဟရမ်းအွဲက ဆုတောင်းပေးသည်။

ချင်းနှစ်သစ်ကူး (Fang Er) ပွဲတော် အထိမ်းအမှတ် အားကစားပြိုင်ပွဲအသီးသီးတွင် ဆုရရှိကြသော အသင်းများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်စိုးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ဖလမ်းလူငယ်များက ဖလမ်းမြို့နယ်အတွင်း မျိုးနွယ်စုများ၏ ရိုးရာအကများဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

ချင်းရိုးရာနှစ်သစ်ကူးပွဲတော်ကို အိမ်တွင်း၊ ရွာတွင်းရှိ နတ်ဆိုးများနှင့် မကောင်းဆိုးရွားများ နှင်ထုတ်ခြင်း၊ နှစ်သစ်အတွက် ဖျားနာခြင်း၊ သေဆုံးခြင်းနှင့် အခြားကပ်ဆိုးများမှ ကင်းဝေးပြီး ကျန်းမာချမ်းသာစွာ နေထိုင်နိုင်ရေး၊ နှစ်သစ်မှာ မိုးကောင်းပြီး စိုက်ပျိုးသီးနှံအထွက်ကောင်းစေရန်၊ ဥစ္စာနေပေါကြွယ်ဝစေရန်၊ ရပ်ရွာအေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်နိုင်စေရန် စသည်တို့အတွက် ယဇ်ပူဇော်ကာ ဆုတောင်း ခြင်းများ ပြုလုပ်သည့် ပွဲတော်လည်းဖြစ်သည်။

ရိုးရာနှစ်သစ်ကူးပွဲတော်ကို နေရာဒေသ၊ မျိုးနွယ်စုအလိုက် အခေါ်အဝေါ်၊ ပွဲတော်ကျင်းပချိန်၊ ကျင်းပပုံ တို့သည် အနည်းနဲ့အများ ကွဲပြားနေသော်လည်း ပွဲတော်၏ အနှစ်သာရနှင့် အထိမ်းအမှတ် လက္ခဏာမှာ အတူတူပင်ဖြစ်သည်။ ပွဲတော်ကို နှစ်စဉ်လကိုအခြေခံပြီး သီတင်းကျွတ်လပြည့်နေ့နှင့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့များတွင် ကျင်းပလေ့ရှိသည်။ ချင်းရိုးရာပွဲတော်ကို ဟားခါးနှင့် ထန်တလန်မြို့နယ်များက ထအို (Tho) ဟုလည်းကောင်း၊ ဖလမ်းမြို့နယ်က ဖန်အဲရ်(Fang Er) ဟုလည်းကောင်း၊ တီးတိန်နှင့် တွန်းဇံမြို့များနယ်က ခွာဒို (Khua Do) ဟုလည်းကောင်း အသီးသီးခေါ်ဝေါ်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူငယ်များနှင့် ဒေသခံပြည်သူများတက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# လက်တွေ့အသုံးချဆေးနည်းတိုများ(၃၆)

ကြည်လွင်မြင့်(မုဒြာ)

**ဆရာရှင့် ကျွန်မသမီးလေးက ၁၂ ရက်သားလေးပဲ ရှိပါသေးတယ်။ နေ့တိုင်းလိုလို ကြို့ထိုးနေတာ ဘာလုပ်ရမလည်းဆရာ။ ဆေးညွှန်းလေးပေးပါရှင့်။**

မိခင်နို့ရည်ကုန်နေတဲ့အချိန်မှာ ကလေးက နို့ဆက်စို့နေရင် လေဝင်ပြီး ကြို့ထိုးတတ်ပါတယ်။ နို့ကို ငါးမိနစ်ခြား တစ်ဖက်ချင်းပြောင်းတိုက်ပါ။ နို့စို့ပြီးရင် အနီးပတ်ပြီး ပခုံးပေါ်မှောက်လျက် ချီလေထုတ်ပေးရပါတယ်။ မုန်ညင်းဆီကို ကလေးရင်ညွှန့်ချိုင့်လေးမှာ လိမ်းပေးပါ။ (တစ်နည်း) ကွမ်းရွက်မီးကင် ဆီသုတ်ပြီး ကလေးရင်ညွှန့်မှာကပ်ပေးရင် ကြို့ထိုးရပ်နိုင်ပါတယ်။

**ဆရာ ခင်ဗျာ၊ ကျွန်တော့်ခြေသလုံးမှာ ပွေးကွက်လိုယားနာတွေပေါက်နေပါတယ်။ အရေပြားလိမ်းဆေး တစ်မျိုးလိမ်းတာ မပျောက်ဘဲ ပိုပွားလာပါတယ်။ ပွေးလို၊ အနာကွက်လို အနာနှုတ်ခမ်းပတ်ချာလည်မှာ နီရဲနေပါတယ်။ ဆေးနည်းလေးတွေ ညွှန်ပြပေးပါ ခင်ဗျာ။**

မြန်မာစာ ဦးထွန်းသန်း (ပါမောက္ခ-ငြိမ်း) | ပထဝီ ဒေါက်တာမြင့် (ရန်ကုန်တက္ကသိုလ်)
အင်္ဂလိပ်စာ UTA (ရန်ကုန်တက္ကသိုလ်) | သမိုင်း ဝင်းစုမေ (သမိုင်းဌာန)
သင်္ချာ Dr.TW(Maths.) | သိပ္ပံ ဒေါက်တာနီ



Victoria Hospital
Quality Care

HEART TO HEART PROGRAM

HVC
Heart & Vascular Centre

ဗိတိုရိယဆေးရုံကြီးမှ နှလုံးနှင့်သွေးကြောအထူးကုဆရာဝန်ကြီးနှင့်

အခမဲ့ တိုင်ပင်ဆွေးနွေးခြင်း

နောက်ဆုံး စာရင်းပေးသွင်းရမည့် ရက် (၂၄-၁၀-၂၀၁၇)

အခမဲ့ တိုင်ပင်ဆွေးနွေးမည့်ရက် (၂၅၊ ၂၆၊ ၂၇၊ ၃၀၊ ၃၁) အောက်တိုဘာလ၊ ၂၀၁၇။

အယောက်(၁၀၀)သာ

လူနာစာရင်းပေးသွင်းလိုပါက - ၀၉ ၇၇၈ ၉၀၀ ၆၀၃၊ ၀၉ ၄၄၅ ၆၆၂ ၉၃၅



ရင်ခုန်ဝရ တန်ဆောင်တိုင်ပွဲတော်

SPECIAL SALES

Panasonic

1st Oct ~ 30th Nov 2017

**Refrigerator**
NR-BL348
NR-BL308
NR-BL268
5% DISCOUNT + FREE GIFT

**Microwave Oven**
NN-CT655
19% DISCOUNT + FREE GIFT
NN-GT353/ 35H
5% DISCOUNT + FREE GIFT

**Cooking Appliances**
• Juicer
• Blender
• Toaster
• Coffee Maker
Up to 8% DISCOUNT + FREE GIFT
(Selected Model Only)

**Washing Machine**
NA-F115A1
NA-F100A1
3% DISCOUNT + FREE GIFT

**Rice Cooker**
SR-ZS185
SR-JN105
Up to 9% DISCOUNT + FREE GIFT

**Vacuum Cleaner**
MC-CG370
6% DISCOUNT

**Home Shower**
DH-3JP2
5% DISCOUNT

Roadshow - 6 - 9 October Sein Gay Har (Pyay Road) | 12 - 15 October Capital (Tharkayta) | 4 - 6 November Ocean (Shwe Gon Dine) | 10 - 13 November Ocean (St. John) (City Mall)

# ဖွံ့ဖြိုးတိုးတက်မှုများရရှိပြီး ဘေးအန္တရာယ်များကျရောက်မှုကြောင့် ဆုံးရှုံးရမည်ဆိုလျှင် များစွာနစ်နာ



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ
အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနားတွင် ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၃**

အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန- ၂ ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သံအမတ်ကြီးများ၊ စစ်သံမှူးများ၊ လူမှုရေးအဖွဲ့အစည်းများမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ကို မြန်မာနိုင်ငံတွင် (၈)ကြိမ်မြောက် ကျင်းပနိုင်ခြင်းဖြစ်သည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိကြောင်း။

သတင်းအချက်အလက်နှင့် နည်းပညာတိုးတက်လာမှုများကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပေါ်နေသည့်ဘေးအန္တရာယ်များကို နေ့စဉ်မြင်တွေ့ကြားသိနေကြရမည်ဖြစ်ပါကြောင်း၊ စာရင်းဇယားများအရ ယခုနှစ်၊ ပထမနှစ်ဝက်အတွင်း ကမ္ဘာ့နိုင်ငံပေါင်း ၇၃ နိုင်ငံတွင် သဘာဝဘေးအန္တရာယ် ၁၄၉ ခု ဖြစ်ပွားခဲ့သည်ကိုတွေ့ရကြောင်း၊ အဆိုပါဘေးအန္တရာယ်များကြောင့် လူပေါင်း ၃၁၆၂ ဦးသေဆုံးခဲ့ရပြီး လူဦးရေ သန်း ၈၀ ခန့် ဘေးသင့်ခဲ့ရသည့်အပြင် စီးပွားရေးအရထိခိုက်ဆုံးရှုံးမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၄ ဘီလီယံခန့်ရှိခဲ့ကြောင်း၊ လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုအတွင်း ပြန်ကြည့်မည်ဆိုလျှင် ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ်များကြောင့် လူပေါင်း ၁ ဒသမ ၃၅ သန်းခန့်အသက်ဆုံးရှုံးခဲ့ရသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ကို ၁၉၈၉ ခုနှစ်မှစတင် သတ်မှတ်ခဲ့ပြီး နှစ်စဉ် **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် မိုင်းသုန်ကျေးရွာတွင် ပျူပုတီးစေ့နှင့် ဓားလှံလက်နက်များ တူးဖော်တွေ့ရှိ

**မန္တလေး အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် မိုင်းသုန်ကျေးရွာတွင် ပျူပုတီးစေ့(ဒေသအခေါ်) ချင်းပုတီးစေ့ ဓားလှံလက်နက်၊ အဲမောင်းများ တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ ရှေးဟောင်းပစ္စည်းများကို ယင်းကျေးရွာနှင့် တစ်မိုင်ခန့်အကွာ ကျောက်မြို့တောင်ခြေ၌ တူးဖော်တွေ့ရှိခဲ့ကြောင်း မိုင်းသုန်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးနွားမောင်က ပြောသည်။

"ပြီးခဲ့တဲ့လက ဒီရွာက ဦးရဲဝင်းပိုင်တဲ့ လယ်ကွင်းအစပ်နားကနေ တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ ဒီပစ္စည်းတွေက ကျွန်တော်တို့ဒေသ ယုံကြည်ချက်အရ ချင်းတွေရဲ့ အသုံးအဆောင်ပစ္စည်းတွေလို့ ယူဆပါတယ်။ အခု သက်ဆိုင်ရာဌာနတွေနဲ့ တာဝန်ရှိသူတွေကို အကြောင်းကြားထားပါတယ်"ဟု ၎င်းက ပြောသည်။

ယင်းပစ္စည်းများကို လွန်ခဲ့သည့် ၁၅ နှစ်ခန့်ကတည်းက အဆိုပါကျေးရွာပတ်ဝန်းကျင် လယ်ကွင်းများတွင် လယ်ထွန်စဉ် မကြာခဏတွေ့ရှိခဲ့ရသော်လည်း ဒေသခံများက ရှေးဟောင်းပစ္စည်းများဟု **စာမျက်နှာ ၉ ကော်လံ ၁ သို့ ○**





## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း (၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် အောက်တိုဘာ ၁၃**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း (၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)(MICC-1)တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနား ကျင်းပပုံများကို ယင်းနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် MRTV နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး MRTV Facebook Page တွင်လည်း Live Streaming ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၁၃**

ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ နောက် ၇၂ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**



# တိုင်းရင်းသားရေးရာ
Affair of National Races

ကြေးမုံ
အထူးကဏ္ဍ

ပ

အောက်တိုဘာ ၁၄၊ ၂၀၁၇

တိုင်းရင်းသားခရီးသွား

ယခင်တစ်ပတ်မှအဆက် »»

## ကန္တာရဝတီ ငွေတောင်ပြည်

■ ရာမည


ဓာတ်ပုံ - ကိုထက်

ထို့ပြင် ကမ္ဘာ့အလယ်တွင် အံ့ဖွယ်တစ်ရပ်အဖြစ် ရှိနေသည့် ကယန်းတိုင်းရင်းသူတို့၏ လည်တိုင်၊ လက်ကောက်ဝတ်မှ တံတောင်ဆစ်အထိနှင့် ခြေမျက်စိမှ ဒူးဆစ်အထိ ခန္ဓာကိုယ်အစိတ်အပိုင်းများတွင် ကြေး၊ ငွေများ ရစ်ခွေလျက် အလှဆင်ဝတ်စားမှုကို လေ့လာကြည့်ရှုနိုင်ရန် ငွေတောင်ဆည်မှ တစ်နာရီခန့်ခရီးဆက်လျှင် ကယန်းလူမျိုးတို့နေထိုင်ရာ ပန်ပက်ကျေးရွာသစ်သို့ ရောက်ရှိသည်။

ကယန်းတိုင်းရင်းသူတို့သည် အသက် ငါးနှစ်အရွယ်မှ စ၍ ကြေးခွေပတ်လေ့ရှိပြီး စတင်ခွေပတ်ချိန်တွင် နှစ်ခွေ၊ သုံးခွေပတ်ကာ အသက် ၁၀ နှစ်ကျော်လျှင် ယခင်ငါးနှစ်အရွယ်က ရစ်ပတ်ခဲ့သောကြေးခွေများကိုဖြုတ်ပြီး ၁၀ ခွေအထိ ရစ်ပတ်သည်။ အသက် ၂၀ ကျော်လျှင် ကြေးခွေ ၁၅ ရစ်မှ အရစ် ၂၀ အထိ ခွေပတ်ပြန်သည်။ လည်တိုင်အတိုင်း ရစ်ပတ်ထားသောကြေးခွေများ တည်ငြိမ်စေရန် လည်ပင်းအောက်ခံ ပခုံးနှစ်ဖက်ပေါ်တွင် သီးခြားရစ်ပတ်ထားသည့် ကြေးခွေများလည်းရှိပြန်သည်။ ကယန်းတိုင်းရင်းသူတို့၏ လည်တိုင်တွင်ရစ်ပတ်ထားသော ကြေးခွေတို့သည် တစ်ကွင်းစီစွပ်ထားသည်မဟုတ်ဘဲ ကြေးချောင်းအရှည်ကို ကွိုင်ကဲ့သို့ ရစ်ထားခြင်းဖြစ်သည်။

ကြေးခွေ၏အရွယ်အစားမှာ အမျိုးသမီးတစ်ဦး၏ သာမန်လက်သန်းအရွယ်ထက် အနည်းငယ်သေးသည်။ ကယန်းတိုင်းရင်းသူတို့၏လည်ပင်းတွင် ကြေးခွေသာမက ငွေပြား၊ ဘော်ပြား၊ ဒင်္ဂါးပြားတို့ကို တွဲလဲဆွဲ၍ အလှဆင်ကြသည်။ ထိုသို့ တစ်ကိုယ်လုံးဆင်မြန်းထားသည့် ကြေးခွေ၊ ငွေကွင်းများကို ချိန်တွယ်ကြည့်လျှင် အလေးချိန်အားဖြင့် ပေါင် ၆၀ ထက်မနည်း (၁၇ ပိဿာခန့်)ရှိသည်ဟု သိရသည်။

တချို့သော ကယန်းတိုင်းရင်းသူလေးများသည် ခေတ်နှင့်အညီ ပေါ့ပါးလွတ်လပ်စွာဝတ်ဆင်နေကြသော်လည်း ကျေးလက်တွင်နေထိုင်ကြသော ကယန်းတိုင်းရင်းသူအများစုမှာ မိရိုးဖလာရိုးရာယဉ်ကျေးမှုမပျောက်ပျက်စေရန် ထိန်းသိမ်းသည့်အနေဖြင့် ကြေးခွေပတ်ဆင်မြန်းမှုကို မြတ်နိုးစွာဝတ်ဆင်လျက်ရှိနေကြဆဲပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လူဦးရေနည်းပါးရုံသာမက လူသိနည်းပါးလှသော ကယန်းတိုင်းရင်းသူတို့ကို တစ်ခါမြင်ဖူးရုံဖြင့် တစ်သက်မမေ့နိုင်စရာဖြစ်ကာ ဆန်းကြယ်လှပသည့် ဆင်ယင်ထုံးဖွဲ့မှုကား အံ့သြ၍မကုန်နိုင်ပေ။

ကယန်းလူမျိုးများသည် ဝါးပင်မှ လူ့အသုံးအဆောင်ပစ္စည်းများ၊ ကလေးကစားစရာများပြုလုပ်သည့် လက်မှုပညာ ကျွမ်းကျင်ကြသည်။ ရိုးရာအထည်များကိုလည်း ကိုယ်တိုင်ရက်လုပ်ဝတ်ဆင်ကြသည်။ တောင်ယာစပါးနှင့် အခြားသီးနှံများစိုက်ပျိုးကြသည့်အပြင် အမဲလိုက်ခြင်း၊ ပျားဖွပ်ခြင်းတို့ကိုလည်း လုပ်ကိုင်ကြသည်။ ကယန်းတို့၏ ရိုးရာချက်လုပ်သော ခေါင်ရည်သည် ကျော်ကြားပြီး ဝါးပိုးကောင်ဟင်းနှင့် ခါချဉ်ဥကြော်တို့ကလည်း မစားဖူးသူများအတွက် ခံတွင်းတွေ့စေနိုင်သည်ဟု သိရသည်။

ဒဏ္ဍာရီပုံပြင်များတွင် လူခန္ဓာကိုယ်နှင့် ငှက်တောင်ပံပါသော

အထူးကဏ္ဍ [ခ] သို့ »»


ဓာတ်ပုံ - စိုင်း(သီပေါ)

## ရှမ်းတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု
# ရှမ်းအိုးစည်

■ စိုင်း(သီပေါ)

ရှမ်းတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုတူရိယာတေးဂီတတွင် ရှမ်းအိုးစည်တီးဝိုင်းသည် အဓိကဖြစ်သကဲ့သို့ ရှမ်းရိုးရာယဉ်ကျေးမှု၏ကျက်သရေမင်္ဂလာတစ်ပါးလည်းဖြစ်သည်။ အလှူအတန်း၊ ပွဲလမ်းသဘင်များနှင့် ဘာသာရေးပွဲတော်များတွင် တီးခတ်ကြသည်။

ရှမ်းပြည်နယ်အတွင်းရှိကျေးရွာများတွင် ရှမ်းအိုးစည်တစ်စုံစီရှိကြပြီး ရွာကြီးရွာမများတွင် အနည်းဆုံး လေးငါးစုံစီရှိကြသည်။ စီးပွားရေးပြည့်စုံသူ ရှမ်းတိုင်းရင်းသားများသည် ကိုယ်ပိုင်ရှမ်းအိုးစည်တစ်စုံ ဝယ်ယူဆောင်ထားကြသည်။ ရှမ်းအိုးစည်တီးခတ်ရာတွင် အနှေးတီး၊ အမြန်တီး စသည်ဖြင့် တီးကွက်လေးငါးကွက်ရှိကြောင်း၊ တိုးနယားအက၊ ကိန္နရီကိန္နရာအက၊ ဓားသိုင်းအကများတွင် တီးခတ်ကြကြောင်း၊ ယခင် မောင်းတစ်လုံး လူတစ်ယောက်တီးခတ်ရာမှ ယခု မောင်းတွဲဆိုင်းဖြင့် တီးခတ်ကြကြောင်း၊ ရှေးယခင်က ရှမ်းအိုးစည်တစ်စုံကို ရွှေတစ်ကျပ်သားဖြင့် ဝယ်ယူကြောင်း၊ ယခုလက်ရှိ ရှမ်းအိုးစည်ကို ခံတက်သားဖြင့်ပြုလုပ်ကြောင်း၊ အိုးစည်အကြီးထုလုပ်ခမှာ ကျပ်တစ်သိန်းကျော်ဖြစ်ပြီး အိုးစည်အသေးမှာ ကျပ်တစ်သိန်းခန့်ကုန်ကျကြောင်း၊ တိုးနယားတစ်စုံလျှင်ကျပ်နှစ်သိန်းကျော်ရှိကြောင်း၊ ရှမ်းအိုးစည်တစ်စုံ၊ မောင်းဆိုင်းအတွဲ၊ လင်းကွင်းအပါအဝင် အပြီးအစီး ငွေကျပ်ခြောက်သိန်းကျော်ရှိကြောင်း ဒေသခံရှမ်းတူရိယာပညာရှင်တစ်ဦးက ပြောသည်။

# ရဝမ်ထုံးတမ်းဓလေ့များ

ရဝမ်လူမျိုးတို့၏ ထုံးတမ်းဓလေ့များစွာတို့မှာ တစ်စတစ်စနှင့် သိနားလည်သူနည်းပါးလာသည်။ ရှေးမီနောက်မီ လူကြီးပိုင်းအချို့သာသိရှိကြ၍ ၎င်းတို့ပြောကြားခဲ့သည်မှာ ဤသို့ဖြစ်သည်။

## မိန်းမတောင်းခြင်း

မိန်းမတောင်းလျှင် ကြားမှအောင်သွယ်လူကြီး နှစ်ဦးကိုစေလွှတ်၍ စေ့စပ်ရသည်။ သိက္ခမ်းသူများ မဟုတ်လျှင် ပထမတောင်းရမ်းစဉ်ကပင် ကွမ်းဖိုးပစ္စည်းတင်ရသည်။ သတ်မှတ်ထားသော တောင်းရမ်း အထိမ်းအမှတ်ပစ္စည်းအစုံအလင်ပါရသည်။ မိန်းကလေးရှင်က သဘောတူလျှင် တင်တောင်းသည့် ပစ္စည်းများကိုလက်ခံပြီး ပါလာသောအစားအစာများကို စားသောက်ရသည်။ ထိုအစားအစာများကို တောင်းရမ်းသည့်လူကြီးဘက်ကမစားရဘဲ မိန်းကလေးဘက်မှ လူကြီးများသာစားသောက်ကြရသည်။ ထို့နောက် လက်ထပ်မင်္ဂလာရက်ကို သတ်မှတ်ကြသည်။ ပစ္စည်းမျိုးစုံနှင့် ငွေသားတို့ကို တင်တောင်းကြရသည်။

## မင်္ဂလာလက်ထပ်ပွဲ

မင်္ဂလာနေ့၌ သတို့သားအိမ်တွင် လက်ထပ်ပွဲကျင်းပရသည်။ သတို့သားဘက်မှ လူကြီးနှစ်ယောက်နှင့် မိန်းကလေးနှစ်ယောက်တို့က သတို့သမီးအိမ်သို့သွား၍ ကြိုရသည်။ ကွမ်းဖိုးပစ္စည်းများပါ ယူသွားရသည်။ သတို့သမီးလိုက်မသွားမီ မိဘများက ဆိုဆုံးမကြသည်။ သမီးကိုမချစ်၍ လင်ပေးစားခြင်းမဟုတ်၊ ထုံးစံရှိ၍ ပေးစားရခြင်းဖြစ်သည် စသည်ဖြင့် နားချပြောဆိုသည်။ အချို့မိန်းကလေးများမှာ တစ်ရက်နှင့် ပြောမရဘဲ ပေနေတတ်သည်။ အချို့သွားရန်ငြင်းပယ်ပြီး ငိုယိုတတ်သည်ဟု သိရသည်။

သတို့သမီးသည် သတို့သားအိမ်သို့သွားသောအခါ အပျိုရံ နှစ်ယောက်၊ မိဘကထည့်ပေးလိုက်သော အဝတ်အစားအပြည့်အစုံကိုထမ်းရန် မိန်းကလေးတစ်ယောက်နှင့် မိဘဆွေမျိုးများပါ လူပေါင်း လေးငါးဆယ်ခြံရံ၍ လိုက်ပါသွားကြသည်။ ပစ္စည်းဥစ္စာတတ်နိုင်မှုအပေါ် မူတည်၍ လက်ဖွဲ့ပစ္စည်းများ ပေးလိုက်သည်။ နံနက်ပိုင်း သတို့သားရွာမဝင်မီ စောင့်ကြိုနေသော သတို့သားဘက်မှ ဆွေမျိုးများနှင့် ရွာခံတို့က သတို့သမီးအဖွဲ့အား အစားအစာ၊ အရက်တို့နှင့် ဧည့်ခံကျွေးမွေးကြသည်။ သတို့သမီးနှင့် ပါလာသူတို့က ခဲဖိုးတောင်းကြသည်။ သတို့သားဘက်က တစ်ခုခုပေးရသည်။ မပေးလျှင် သတို့သမီးကို ရွာထဲပေးမဝင်ချေ။ သတို့သားအိမ်မဝင်မီ ဓလေ့ထုံးစံအမျိုးမျိုးကို ကျော်ဖြတ်ရသည်။

သတို့သမီး သတို့သားအိမ်ရောက်လျှင် ခန်းမကြီးတွင်နေရာယူပြီး မင်္ဂလာဆုတောင်းကြသည်။ ထို့နောက် တစ်နေကုန်တစ်နေခန်း စားသောက်ပျော်ပါးကြသည်မှာ မိုးလင်းသည်အထိရှိတတ်သည်။ နောက်တစ်နေ့ သတို့သမီး၏ မိဘဆွေမျိုးများပြန်သွားကြမှပင် အခန်းအပ်ကြသည်။ မပြန်မီ သတို့သမီး မိဘများကျေနပ်သည်အထိ ပစ္စည်းများအပ်ရသည်။ လင်မယားဖြစ်ပြီး တစ်လခန့်ကြာသောအခါ အစားအသောက် ပစ္စည်းများယူဆောင်၍ မိန်းမဘက်မှမိဘများကို ကန်တော့ကြရသည်။ ညားခါစ ဇနီးမောင်နှံမှာ ယောက်ျား၏မိဘအိမ်၌ပင် အခန်းသပ်သပ်နှင့် နေထိုင်ကြပြီးနောက် သားသမီးမွေးပြီးမှ အိမ်ထောင်ခွဲကြသည်။ မိဘများက ခွင့်ပြုမှသာခွဲရသည်။ နောက်ပိုင်းတွင် သတို့သမီးကို တတ်နိုင်သလောက်သာ တင်တောင်းကြရသည်။ မတင်နိုင်လျှင်လည်းရသည်။ မိဘများ သဘောတူသည့်အပြင် ကာယကံရှင်လည်း နှစ်သက်မှရသည်။

ရှေးက ရဝမ်လူမျိုးတို့သည် အသက် (၂၀) နှင့် (၂၅) နှစ်ကြား လက်ထပ်ကြသည်။ နောက်ပိုင်းတွင် ထို့ထက်ငယ်၍လည်း လက်ထပ်ကြသည်ဟုသိရသည်။ အမျိုးအနွယ်မတူလျှင် မိန်းကလေးအမျိုးအနွယ် ဓလေ့ထုံးစံကို ယောက်ျားလေးက ယူရသည်။

wdkif;&if;om;a&;&mowif;



# ၂၀၁၈ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် နန်းယွန်းမြို့တွင် ကျင်းပမည်

■ ဝင်းဦး(ဇေယျာဝတိုင်း)

**နန်းယွန်း အောက်တိုဘာ ၁၃**

မြန်မာနိုင်ငံ အနောက်မြောက်ဒေသရှိ တိုင်းရင်းသားမျိုးနွယ်စုတစ်ခုဖြစ်သော နာဂလူမျိုးများ၏ ၂၀၁၈ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း နန်းယွန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိမ်းမောင်ထံမှ သိရသည်။

“နာဂမျိုးနွယ်တွေမှာက ရာသီအလိုက် ပွဲတွေ တောင်ယာခုတ်မယ့်အချိန်၊ စပါးစိုက်တဲ့အချိန်၊ စပါးပင်တွေကြီးလာတဲ့အချိန်၊ စပါးနှံတွေ ထွက်ခါနီးအချိန်၊ ရိတ်သိမ်းချိန်၊ ရိတ်သိမ်းပြီးချိန်မှာ ကောက်သိမ်းပွဲဆိုပြီး ပွဲတော်တွေလုပ်တာရှိပါတယ်။ အရင်က ရာသီအလိုက် ပုံမှန်ပွဲတွေရှိတယ်။ ဟိုတုန်းက အဲဒီလိုပွဲတော်တွေကို ကိုယ့်ကျေးရွာတွေမှာပဲ လုပ်ကြတယ်။ စုပေါင်းပြီးလုပ်တာမရှိဘူး။ အခုနောက်ပိုင်းမှာတော့ အဲဒီပွဲတော်တွေကို တစ်ရွာတစ်ခုလောက်တော့ လုပ်နေတာရှိတယ်။ ရိုးရာမပျက်အောင်ရယ်၊ အသိအမှတ်ပြုတဲ့သဘောလောက်ပဲ လုပ်ကြတော့တယ်။ အခုလို ပွဲတော်ကျင်းပနိုင်တဲ့အတွက် မြို့နယ်ဖွံ့ဖြိုးသွားတယ်လို့မဆိုနိုင်ပေမယ့် ရပ်နီးရပ်ဝေးက နာဂမျိုးနွယ်စုတွေနဲ့ တာဝန်ရှိသူတွေ၊ ပြည်သူလူထုတွေ၊ အခြားလူမျိုးတွေက ကျွန်တော်တို့ဒေသရဲ့ လူနေမှုအဆင့်အတန်းတွေ၊ တိုးတက်မှုအခြေအနေလေးတွေကို မြင်တွေ့သွားမှာပါ”ဟု နန်းယွန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစိမ်းမောင်က ပြောသည်။

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လေရှီးမြို့၊ လဟယ်မြို့နှင့် နန်းယွန်းမြို့နယ်တို့ပါဝင်လျက်ရှိပြီး နန်းယွန်းမြို့နယ်သည် အိမ်ထောင်စု ၈၃၉၉ စု၊ လူဦးရေ ၅၅၅၃၅ ဦးရှိကာ အများစုသည် တန်ရှန်းမျိုးနွယ်စုများဖြစ်ကြောင်းနှင့် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အား နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပါဝင်သော လဟယ်မြို့၊ လေရှီးမြို့နှင့် နန်းယွန်းမြို့နယ်တို့တွင် အလှည့်ကျကျင်းပခဲ့ရာ နန်းယွန်းမြို့တွင် ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၃ ခုနှစ်တွင် ကျင်းပခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် တတိယအကြိမ်မြောက် ကျင်းပခွင့်ရခြင်းဖြစ်ကြောင်း သိရသည်။ ■

အထူးကဏ္ဍ [က] မှ »»

ကိန္နရီငှက်မလေး ဒွေးမယ်နော်ဇာတ်လမ်းလေးရှိသည်။ ထိုပုံပြင်တွင် ငွေတောင်ပြည်မှ ကိန္နရီညီအစ်မခုနစ်ဖော်တို့သည် ငွေတောင်ကြီး၏တောင်ခြေအနီး တောအုပ်ကြီးအတွင်းမှ ရေကန်ဆီသို့ နေ့စဉ်ပျံသန်းကြပြီး ထိုရေကန်ကြီးထဲတွင် မြူးထူးပျော်ပါးရေဆော့ကစားလေ့ရှိကြသည်။

တစ်နေ့တွင် တက္ကသိုလ်မှပညာသင်ပြီး ပြန်လာသော သုဓနုမင်းသားသည် ထိုတောအုပ်အတွင်းမှဖြတ်သန်းစဉ် ရေကန်ကြီးထဲ ရေဆော့ကစားနေသည့် ကိန္နရီညီအစ်မခုနစ်ဖော်ကို တွေ့ရှိသွားသည်။ လူသူမနီးသော တောအုပ်ကြီးအတွင်းမှ ရေကန်ကြီးထဲတွင် ပျိုမျစ်နုနယ်သော မိန်းမပျိုကလေးများကို တွေ့ရသည့်အတွက် သုဓနုမင်းသားသည် အလွန်အံ့အားသင့်သွားပြီး လူလော၊ နတ်လော ခွဲခြားသိစေရန်အတွက် နဂါးကျော့ကွင်းဖြင့် ထောင်ဖမ်းသည်။

ညီအစ်မ ခုနစ်ဖော်အနက် အငယ်ဆုံးနှင့် ချောမောလှပဆုံး ဒွေးမယ်နော်လေးကို ကျော့ကွင်းဖြင့်ဖမ်းမိပြီး သူ၏တိုင်းပြည်သို့ ခေါ်သွားသည်။ သုဓနုမင်းသားသည် ဒွေးမယ်နော်ကို မေတ္တာသက်ဝင်ချစ်ခင်စုံမက်သဖြင့် လက်ထပ်ထိမ်းမြားကာ နန်းတော်တွင် စည်းစိမ်အပြည့်အဝ၊ အခြွေအရံပြည့်စုံစွာထားသော်လည်း ဒွေးမယ်နော်လေးသည် မပျော်ပိုက်ဘဲ ဌာနေဖြစ်သော ငွေတောင်ပြည်ကို အမြဲတမ်းလွမ်းနေလေ့ရှိသည်ဟူသော လွမ်းမောဖွယ်ဒဏ္ဍာရီပုံပြင်ကို ကြားဖူးကြမည်ဖြစ်သည်။


ထီးပွင့်ကန်ကို တွေ့ရစဉ်။ ဓာတ်ပုံ - ကိုထက်

ဤသို့ ဒဏ္ဍာရီရှိခဲ့သည့် ဒွေးမယ်နော်ညီအစ်မ ခုနစ်ဖော်တို့စံပျော်ရာနေရာ ကန်ခုနစ်ဆင့်သည် လွိုင်ကော်မြို့မှ ၁၄ မိုင်ခန့်အကွာ ဒီးမော့ဆိုမြို့နယ်တွင်တည်ရှိပြီး တောင်ခြေတစ်လျှောက် သဘာဝအတိုင်း အဆင့်ဆင့်တည်ရှိနေသော ရေကန်များဖြစ်သည်။ ထိုဒေသတွင် ရွှေတောင်၊ ငွေတောင်၊ ပတ္တမြားတောင် စသော တောင်ခုနစ်လုံးရှိရာ ငွေတောင်ကြီးအနီး တည်ထားသောရွာဖြစ်သဖြင့် ငွေတောင်ရွာဟုခေါ်ဆိုပြီး ကယားလူမျိုးများက ငွေတောင်ကို ဒီးမော့ဆိုဟု ခေါ်ဆိုကြသည်။ လှပသည့်ကန်ခုနစ်ဆင့်နေရာ၌ ပြည်တွင်း၊ ပြည်ပခရီးသွားများ အပန်းဖြေအနားယူနိုင်မည့် အပန်းဖြေစခန်းအဖြစ် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ကယားပြည်နယ်၏ အထင်ကရအပန်းဖြေလေ့လာစရာ သဘာဝရေကန်တစ်ခုဖြစ်သည့် ထီးပွင့်ကန်သည် ဒီးမော့ဆိုမြို့နယ်အတွင်း တည်ရှိ၍ အလျား ၂၂၇ ပေ၊ အနံ ၁၁၅ ပေရှိပြီး မီးတောင်ဟောင်းတစ်ခု၏ ထိပ်ဝဖြစ်ကာ ကန်ရေပြင်ပေါ်သို့ ထီးပွင့်သဏ္ဌာန်သဲနုန်းမြေများထိုးထွက်လေ့ရှိသည့် ထူးခြားမှုနှင့် ဒွေးမယ်နော်ညီအစ်မတို့ ရေကစားရာ ရေကန်ဖြစ်သည်ဟူသော ရှေးစကားများအရ ထင်ရှားကျော်ကြားသည်။

ထီးပွင့်ကန်အနီး သဘာဝအတိုင်း ရေများထွက်နေသော ဒွေးမယ်နော်နှင့် သုဓနုမင်းသားတို့ သစ္စာပြုကြသည့် သစ္စာရေကန်နှင့် နတ်ရေတွင်းတို့လည်း ထူးခြားစွာတည်ရှိသည်။ ထီးပွင့်ကန်သည် လေ့လာအပန်းဖြေစရာ နေရာတစ်ခုဖြစ်သည့်အပြင် ထီးပွင့်ကန်အနီးရှိ သစ္စာကန်သဘာဝရေထွက်ပေါက်မှ တစ်နှစ်ပတ်လုံးထွက်ပေါ်လျက်ရှိသော ရေသည် အနီးဝန်းကျင်ကျေးရွာအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေဖူလုံစွာပေးဝေနိုင်သည်။

ထီးပွင့်ကန်နှင့် ကန်ခုနစ်ဆင့်တို့သည် သဘာဝအတိုင်းဖြစ်ပေါ်နေသည့် သာယာလှပသော ရေကန်ငယ်များဖြစ်ကြပြီး လွိုင်ကော်-မော်ချီးလမ်းမှ ကန်ခုနစ်ဆင့်အထိ ထီးပွင့်ကန်အနီးမှ ဖြတ်သန်းလျက် မော်တော်ကားလမ်း ဖောက်လုပ်ထားသဖြင့် အပန်းဖြေလေ့လာသူများ လွယ်ကူစွာ လာရောက်အပန်းဖြေနိုင်သည်။

ဆက်လက်ဖော်ပြပါမည်။

ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

အထူးကဏ္ဍ [ ဃ ] မှ »»

ပေါက်ရောက်ပင်များအနေဖြင့်လည်း ဝက်သစ်ချမျိုးနွယ်များ၊ သစ်အယ်၊ မိုင်းသော၊ ချယ်ရီမျိုးရင်းများ၊ သစ်ခွ၊ တောင်ဇလပ်၊ ထင်းရှူး၊ မကောက်၊ ကုန်းပျဉ်းမ၊ မျောက်ငို၊ သဖန်း၊ သစ်ကြမ်းပိုး၊ ကရဝေး၊ ဘုံမဲဇာ၊ ကတွတ်၊ ကျောက်ထင်းရှူး(Yew)၊ တောင်ပိန္နဲ စသည့် တောင်ပေါ်အမြဲစိမ်းတောတွင်ပေါက်ရောက်သည့် အပင်မျိုးစိတ်ပေါင်း ၁၀၂၄ ပင်ကို လေ့လာနိုင်ပါသည်။ ထို့ပြင် ဆေးဖက်ဝင်ပရဆေးပင်များကိုလည်း တွေ့ကြရမည်ဖြစ်သည်။

ဤခေါ်နူးစုမ်တွင် ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်ခြင်းမရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင်မျှတစွာရေရှည်တည်တံ့စေရန် ရည်ရွယ်၍ ၁၉၃၆ ခုနှစ်တွင် သစ်တောနည်းဥပဒေ (၁၉) အရ မိုယ်းကြိုးဝိုင်းအဖြစ် ကာကွယ်ထိန်းသိမ်းခဲ့ပါသည်။ ၁၉၉၅ ခုနှစ်မှစတင်၍ အုပ်ချုပ်ရေးမှူးရုံးကို ကန်ပက်လက်မြို့တွင် ဖွင့်လှစ်၍ ဥယျာဉ်ထိန်းသိမ်းရေးလုပ်ငန်းများကို စတင်၍ဆောင်ရွက်ခဲ့သည်။

၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၀/၉၇)ဖြင့် အမျိုးသားဥယျာဉ်အဖြစ်ရည်ရွယ်ကြောင်း ကြေညာခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၆၄/၂၀၁၀)ဖြင့် အတည်ပြုသတ်မှတ်ခဲ့ပါသည်။

၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် "အာဆီယံအမွေအနှစ်ဥယျာဉ်"အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ခြင်းခံခဲ့ရပြီး ဆက်လက်၍ "ကမ္ဘာ့အမွေအနှစ်" စာရင်းဝင်ဥယျာဉ်အဖြစ်လည်း ဦးစားပေးအဆင့် (၁) တွင် အဆိုပြုသတ်မှတ်ထားပါသည်။

သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန နတ်မတောင်အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူးရုံးကို ကန်ပက်လက်မြို့တွင် ဖွင့်လှစ်ထားရှိပြီး အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများသည် နတ်မတောင်အမျိုးသားဥယျာဉ် ဖွံ့ဖြိုးတိုးတက်သာယာလှပစေရန်အတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ နေ့ညမပြတ်ဆောင်ရွက်လျက်ရှိနေပါသည်။



နတ်မတောင်တွင်သာ တွေ့ရှိနိုင်သော ရှားပါးငှက်မျိုးစိတ် မျက်ခုံးမွေးဖြူငှက်ပြာခြောက်ငှက်။ ဓာတ်ပုံ - မောင်မောင်ချစ်ဦး(မုံရွာ)

နတ်မတောင်(ခေါ်နူးစုမ်) ဥယျာဉ်အတွင်းနှင့် ဥယျာဉ်ပြင်ပတွင် ချင်းတိုင်းရင်းသားများနေထိုင်ကြသော ကျေးရွာပေါင်း ၂၅ ရွာရှိပြီး အဆိုပါကျေးရွာများတွင် ဒေသခံချင်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ချင်းရိုးရာအသုံးအဆောင်ပစ္စည်းများနှင့် ချင်းရိုးရာလက်မှုလုပ်ငန်းများကိုလည်း တွေ့ရှိလေ့လာနိုင်သည်။

ထို့ပြင် ချင်းပြည်နယ်တောင်ပိုင်းဒေသများတွင်သာတွေ့ရှိနိုင်သည့် ချင်းအမျိုးသမီးများ၏ မျက်နှာပါးပြင်တွင် ပါးမည်း(ပါးရဲ)ထိုးထားသည်ကို ရှားရှားပါးပါးတွေ့ရှိနိုင်သည်။ ရှားရှားပါးပါးဟူ၍ သုံးစွဲရခြင်းမှာ ထိုပါးမည်း(ပါးရဲ)ထိုးထားသည့် ချင်းအမျိုးသမီးကြီးများမှာ အသက် (၅၀)နှစ်အထက်အရွယ်များတွင်သာ တွေ့ရှိနိုင်ပြီး အသက် (၅၀) အောက် အရွယ်များတွင် လုံးဝပင်မတွေ့ရှိတော့ပေ။ (၁၉၉၀ ပြည့်နှစ်မှစ၍ ပါးမည်းထိုးခြင်းဓလေ့ပျောက်ကွယ်သွားပြီဟု လေ့လာသိရှိရပါသည်။) အကယ်၍သာ အဆိုပါ ပါးမည်း(ပါးရဲ)ထိုးထားသော ချင်းအမျိုးသမီးကြီးများသာ မရှိတော့လျှင် ပါးမည်း(ပါးရဲ)ကို တွေ့ရှိလေ့လာနိုင်တော့မည်မဟုတ်ပါ။ ယခုပင် ပါးမည်း(ပါးရဲ)ထိုးထားသော ချင်းအမျိုးသမီးကြီးများ ရှားပါးစပြု၍လာနေပြီဖြစ်သည်။ ထို့ကြောင့် ပါးမည်း(ပါးရဲ)ထိုးထားသော ချင်းအမျိုးသမီးကြီးများကို ရှားရှားပါးပါးတွေ့ရှိနိုင်သည်ဟု သုံးစွဲခဲ့ခြင်းပင်ဖြစ်ပါသည်။

(ရှားပါး၍ ပျောက်ကွယ်လုနီးပါးမျှဖြစ်နေသော ပါးမည်း(ပါးရဲ)များကို တစုတဝေးတည်း တွေ့ရှိလေ့လာနိုင်ရန် စီစဉ်ပေးမည်ဆိုပါက ဗဟုသုတလေ့လာသူများအတွက် များစွာမှပင် အသုံးတည့်၊ အဆင်ပြေမည်ဟု ယူဆရပါသဖြင့် စီစဉ်ဆောင်ရွက်နိုင်ပါရန် အကြံပြုအပ်ပါသည်။)

နတ်မတောင် (ဝါ) ခေါ်နူးစုမ် (ဝါ) ဝိတိုရိယတောင်ဒေသသည် မြန်မာနိုင်ငံတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအတွက် ဝင်ရောက်လေ့လာကြည့်ရှုနိုင်သော "သဘာဝနယ်မြေ ၂၁ ခု"တွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ သဘာဝအခြေခံခရီးသွားဒေသအဖြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသအတွင်း အခြားဝင်ငွေတိုးအခွင့်အလမ်းများရရှိလာနိုင်သည့်အပြင် နိုင်ငံတော်အတွက်လည်း တစ်ဖက်တစ်လမ်းမှ နိုင်ငံခြားဝင်ငွေများ ရရှိလာနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ဒေသခံများပါ ဝင်ငွေရရှိလာမည်ဖြစ်ပေရာ စီးပွားရေး၊ လူမှုရေး၊ ပညာရေးများသာမက ဗဟုသုတများပါ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

ထို့ပြင် ပြည်တွင်းမှခရီးသွားတိုင်းရင်းသားများအနေဖြင့်လည်း နတ်မတောင် (ဝါ) ခေါ်နူးစုမ်ဒေသသို့ လာရောက်ကြခြင်းဖြင့် တောင်ပေါ်မြေပြန့်တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်မှုကို ပိုမိုရရှိခိုင်မြဲစေမည်ပင် ဖြစ်ပါသည်။

သွားရေးလာရေးအတွက်လည်း လမ်းပန်းဆက်သွယ်မှုကောင်းသည်။ ရန်ကုန်မြို့မှဖြစ်စေ၊ မန္တလေးမြို့မှဖြစ်စေ၊ ပုဂံ-ပခုက္ကူ ကားလမ်းအတိုင်းသွား၍ရသည်။ မန္တလေးမြို့မှဖြစ်စေ၊ ပခုက္ကူမြို့မှဖြစ်စေ ကန်ပက်လက်မြို့သို့ တိုက်ရိုက်လိုင်းကားရှိသည်။ တချို့လည်း ကိုယ်ပိုင်ဆိုင်ကယ်များဖြင့် လာကြပါသည်။

ခေါ်နူးစုမ် (ဝါ) နတ်မတောင်သို့လာသူများ အားလုံးနီးပါးသည် ကန်ပက်လက်မြို့သို့သာ လာရောက်ကြပြီး ကန်ပက်လက်တွင် အခြေပြု၍ ခေါ်နူးစုမ် (ဝါ) နတ်မတောင်သို့ တက်ရောက်ကြပါသည်။ ကန်ပက်လက်မြို့နှင့် ခေါ်နူးစုမ် (ဝါ) နတ်မတောင်ထိပ်သည် ၁၃ မိုင်မျှဝေးသည်။ ကန်ပက်လက်မြို့မှ နတ်မတောင် (ဝါ) ခေါ်နူးစုမ်ထိပ်သို့ ခြေကျင်တက်သူများ (သုတေသီအချို့မှလွဲ၍)မရှိကြဘဲ ကား၊ ဆိုင်ကယ်များဖြင့်သာ တက်ကြပါသည်။

ကိုယ်ပိုင်ကား၊ ဆိုင်ကယ်မပါရှိသော်လည်း ကန်ပက်လက်မြို့တွင် ကားဖြစ်စေ၊ ဆိုင်ကယ်ဖြစ်စေ အချိန်မရွေးငှားရမ်းနိုင်ပါသည်။ ထို့ပြင် ကန်ပက်လက်မြို့သည် တောင်ပေါ်မြို့ငယ်လေးဖြစ်သော်လည်း ပြည်တွင်း၊ ပြည်ပခရီးသွားများ အလာများ၍ တည်းခိုရန်ဟိုတယ်များ၊ ရိုးရိုးတည်းခိုခန်းများ ပေါများသလို စားရေးသောက်ရေးအတွက်လည်း စားသောက်ဆိုင်၊ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်များရှိ၍ ပူပန်စရာမလိုပါပေ။ ထို့ပြင် ချင်းပြည်နယ်တောင်ပိုင်း ကန်ပက်လက်မြို့မှနေ၍ မိမိနေရပ်သို့ပြန်ပါကလည်း အမှတ်တရလက်ဆောင်အဖြစ် ဇလပ်ဝိုင်၊ ချင်းရိုးရာယဉ်ကျေးမှုအမှတ်တရပစ္စည်းများ ဝယ်ယူရရှိနိုင်ပါသည်။

လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့ခြင်း၊ အဖြူရောင်ဒေသဖြစ်ခြင်းနှင့် ဒေသခံ ချင်းတိုင်းရင်းသားတို့၏ ရိုးသားမှု၊ လှိုက်လှဲပျူငှာစွာ ဆက်ဆံမှုတို့ကလည်း ခရီးသွားများအတွက် ပျော်ရွှင်ချမ်းမြေ့ စိတ်ကျေနပ်မှုအပြည့်အဝ ဖြစ်စေပါသည်။

ထို့ကြောင့် ချင်းပြည်နယ်တောင်ပိုင်းရှိ ခေါ်နူးစုမ် (ဝါ) နတ်မတောင်သို့လာကြသော ပြည်တွင်း၊ ပြည်ပခရီးသွားများ ဗဟုသုတရှာမှီးကြသူများ၊ သုတေသီများသည် ခေါ်နူးစုမ်တောင်ပေါ်ဒေသရှိ သဘာဝရှုခင်းများ၊ တောင်ပေါ်မြက်ခင်းတောနှင့် တောင်ဇလပ်ပန်းများ၏ အလှအပများကို လေ့လာခံစားနိုင်ခြင်း၊ သုတေသနပြုနိုင်ခြင်း၊ ခေါ်နူးစုမ် (ဝါ) နတ်မတောင်ထိပ် တောင်တက်ခရီးကို ခြေကျင်ခရီးတက်ရောက်နိုင်ခြင်း၊ ခေါ်နူးစုမ် (ဝါ) နတ်မတောင်၏ ဒေသမျိုးရင်းစိတ်ဖြစ်သော မျက်ခုံးမွေးဖြူငှက်ပြာခြောက်နှင့် အခြားသော ငှက်မျိုးစိတ်များအားလေ့လာနိုင်ခြင်း၊ ဒေသရင်း သစ်ခွမျိုး ၁၀၉ မျိုးအား လေ့လာသုတေသနပြုနိုင်ခြင်း၊ ဒေသခံချင်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို လေ့လာနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများအား လေ့လာနိုင်ခြင်းနှင့် သုတေသနပြုနိုင်ခြင်း၊ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၀၅၀၀ အမြင့်ရှိ ခေါ်နူးစုမ်(ဝါ)နတ်မတောင်ထိပ်တွင် တည်ထားကိုးကွယ်တော်မူသော ဇိနမာရ်အောင် ဆုတောင်းပြည့်စေတီတော်နှင့် ငြိမ်းအေးချမ်းသာ ရုပ်ပွားတော်မြတ်ကြီးတို့အား ဖူးမြော်ကြည်ညိုနိုင်ခြင်း စသည့် အခွင့်အလမ်းများကို ရရှိခံစားနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ရာ သဘာဝအလှအပများ၊ ချင်းရိုးရာယဉ်ကျေးမှုများပြည့်လျှံနေသော ချင်းပြည်နယ်တောင်ပိုင်းရှိ ခေါ်နူးစုမ် (ဝါ) နတ်မတောင်သို့ တစ်ခါတစ်ခေါက်အရောက်လာခဲ့ကြပါဟူ၍ ဖိတ်ခေါ်လိုက်ရပါသည်။ ■

တိုင်းရင်းသားသတင်း

# တိုင်းရင်းသားစာပေသင်ကြားရန် နေ့စားလပေးခန့်နိုင်ရေး လျှောက်လွှာခေါ်ယူ

■ ထွဋ်ထွဋ်(ရေး)

**ရေး အောက်တိုဘာ ၁၃**

မွန်ပြည်နယ် ရေးမြို့နယ် အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာစာပေသင်ကြားပေးနိုင်ရေးအတွက် နေ့စားလပေးဝန်ထမ်းအဖြစ် ခန့်ထားရန် လျှောက်လွှာများခေါ်ယူနိုင်ရေး အောက်တိုဘာ ၁၁ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယပညာရေးမှူးဦးစိုးဝင်းက တိုင်းရင်းသားဘာသာစာပေသင်ကြားရေးကို နိုင်ငံတော်က တိုင်းရင်းသားစာပေယဉ်ကျေးမှုအမွေအနှစ်၊ ယဉ်ကျေးမှုဘာသာစကားများမပျောက်မပျက်စေရန် အနာဂတ်မျိုးဆက်သစ်လူငယ်များ ဆက်လက် ထိန်းသိမ်းသွားရန် အစိုးရစာသင်ကျောင်းများတွင် အချိန်ပိုင်းထည့်သွင်းသင်ကြားပေးနေကြောင်း ပြောကြားသည်။

ရေးမြို့နယ်တွင် အစိုးရစာသင်ကျောင်း ၉၃ ကျောင်းမှာ မွန်တိုင်းရင်းသားဘာသာ သင်ကြားရေး ဆရာ ဆရာမ ၁၄၃ ဦးနှင့် ကရင်ဘာသာသင် ဆရာ ဆရာမ ၆၃ ဦးရှိကာ မွန်ဘာသာသင်ယူနေသည့် ကျောင်းသား ကျောင်းသူပေါင်း မူလတန်းအဆင့်တွင် ၄၇၀၀ နီးပါးနှင့် ကရင်ဘာသာသင်ယူနေသူ ၁၅၀၀ ခန့်ကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ စတင်သင်ကြားပေးလျက်ရှိကြောင်း ဒုတိယပညာရေးမှူး ဦးစိုးဝင်းက ပြောသည်။

ယခုအခါ နိုင်ငံတော်က တိုင်းရင်းသားဘာသာစာပေသင်ကြားရေး နေ့စားလပေးခန့်နိုင်ရေးတွင် အချက်အလက်များနှင့်အညီ လာရောက်လျှောက်ထားရမည်ဟု ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားခဲ့ကာ ကန့်သတ်ချက်များထဲမှ တိုင်းရင်းသားဘာသာစာပေ နားလည်တတ်ကျွမ်းသူများကို ဦးစားပေးစေလိုကြောင်း မြို့နယ်မွန်စာပေယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်စိုးက ပြောသည်။

လက်ရှိ တိုင်းရင်းသားဘာသာသင်ကြားရေး နေ့စားလပေး ဆရာ ဆရာမများ စတင်ခေါ်ယူလျက်ရှိပြီး လျှောက်လွှာများကို အောက်တိုဘာ ၁၈ ရက်အထိ နောက်ဆုံးထား လာရောက်လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။ ■

အထူးကဏ္ဍ [ ဃ ] မှ »»

**မေး။ ။ ကြက်ကချင်ချက်အကြောင်း အသေးစိတ်ပြောပြပေးပါလား။**

**ဖြေ။** ။ ကြက်ကချင်ချက် ချက်မယ်ဆိုရင်တော့ အိမ်မွေးကြက် ၇၀ သားခန့်တစ်ကောင်ကို အမွေးအမှင်ကင်းစင်အောင် ဦးစွာလုပ်ရပါမယ်။ ပြီးတော့ ဆားနဲ့ပွတ်ပြီး မီးမြှိုက်ပေးရပါမယ်။ အဲဒီလိုလုပ်ပေးခြင်းဖြင့် အရသာပိုကောင်းစေပါတယ်။ ပြီးရင် ဝမ်းတွင်းကလီစာတွေထုတ်ယူပြီး ရေစင်ကြယ်အောင် ဆေးရပါမယ်။ ရေဆေးလို့စင်သွားရင်တော့ ကြက်တစ်ကောင်လုံးကို ဝမ်းတွင်းကလီစာတွေအပါအဝင် အနေတော် နုတ်နုတ်စင်းရပါမယ်။ ပြီးရင်တော့ ဟင်းခတ်ပစ္စည်းတွေဖြစ်တဲ့ ချင်း၊ ကြက်သွန် ဖြူ/နီ၊ မကျန်(ကချင်ငရုတ်ကောင်း)၊ သစ်ကြမ်းပိုး၊ ဖက်ဖယ်၊ ပင်စိမ်း၊ ရှမ်းနံနံ၊ မြန်မာနံနံ စတဲ့ ဟင်းခတ်အမွှေးအကြိုင်တွေ သင့်တင့်အောင် ထည့်ရပါမယ်။ အရောင်အတွက် နနွင်းမှုန့်အနည်းငယ်ထည့်ရမယ်။ အချဉ်ဓာတ်အတွက်ကတော့ ရာသီအလိုက်ပေါ်တဲ့ ကင်ပွန်းချဉ်၊ ချဉ်ပေါင်ရွက်၊ မန်ကျည်းရွက် စသည်ဖြင့် ထည့်ပေးရမယ်။ ချဉ်တဲ့အရွက်လုံးဝမရရင်တော့ မက်လင်ချဉ်ခြောက် ထည့်ပေးရပါတယ်။

ခရုဆန်လှော်ဟင်း။ ဓာတ်ပုံ - ဌေးအောင်



ပြီးရင်တော့ ဆား၊ ဟင်းခတ်မှုန့် လိုအပ်သလောက်ထည့်၊ အသားမြုပ်ရုံ ရေထည့်ကာ မီးအပူပေးပြီး အသားနူးတဲ့အထိ ချက်ပြုတ်ရပါမယ်။ စားသုံးသူကမှာကြားခဲ့ရင်တော့ ဆီကို အနည်းငယ်ထည့်ပေးနိုင်ပါတယ်။ နံနံပင်မရှိခဲ့ရင်တော့ နံနံစေ့ကိုထောင်းပြီး ထည့်ပေးနိုင်ပါတယ်။ အသားနူးတဲ့အထိ ချက်ပြုတ်ပြီးရင်တော့ အရသာရှိပြီး စားသုံးရန်အသင့်ဖြစ်တဲ့ ကြက်ကချင်ချက်ကို အသင့်စားသုံးနိုင်ပြီဖြစ်ပါတယ်။

**မေး။ ။ မိုးလွတ်အသုပ်ပြုလုပ်ပုံလေးလည်း သိပါရစေ။**

**ဖြေ။** ။ မိုးလွတ်အသုပ်(ဝက်/အမဲ)ကတော့ ဝက်သား၊ အမဲသား မိုးခိုသားအခြောက်ကို မီးဖုတ်၊ အမျှင်လေးတွေဖြစ်အောင် ပြုလုပ်ပေးရပါမယ်။ ငရုတ်ဆုံနဲ့ ထောင်းလည်းရပါတယ်။ ပြီးရင်တော့ ကြက်သွန်ဖြူ/နီ ပါးပါးလှီးထားတာရယ်၊ ဆား၊ ဟင်းခတ်မှုန့်နဲ့ရောပြီး နယ်ရပါမယ်။ ပြီးရင်တော့ သံပုရာသီးညှစ်ပေးရမယ်။ နောက်ဆုံးကတော့ နံနံပင်ကို အသုပ်ပေါ်ကနေ အုပ်ထားပေးပြီးရင်တော့ မိုးလွတ်အသုပ်(ဝက်/အမဲ) ကောင်းကောင်းတစ်ပွဲကို ရပါပြီ။

**မေး။ ။ ခရုဆန်လှော်ကလည်း ထူးထူးဆန်းဆန်းလေးဖြစ်လို့ ပြောပြပေးပါဦး။**

**ဖြေ။** ။ ခရုဆန်လှော်မှာတော့ အဓိကအရေးကြီးတာက ကျောက်ခရုလို့ခေါ်တဲ့ ခရုဖင်ရှည်ပါ။ ကျောက်ခရုကိုရရင်တော့ ရှေးဦးစွာ ရေစိမ်ထားရပါမယ်။ နောက်တစ်နေ့ဆန်လှော်ဟင်းမချက်မီ သဲနဲ့ ရေညှိတွေ ရွှံ့နုန်းတွေစင်တဲ့အထိ ရေကို လေးငါးခါဆေးရပါမယ်။ ရေဆေးလို့စင်ကြယ်သွားပြီဆိုရင်တော့ ဆားနဲ့နယ်ပြီး ဆန်ခါထဲမှာ ရေစစ်ထားရပါမယ်။ ပြီးရင်တော့ ရေစင်သွားတဲ့ ခရုတွေကို ဒန်အိုးထဲမှာ ဆီအနည်းငယ်၊ ကြက်သွန်ဖြူ/နီထောင်း၊ ဆား၊ ဟင်းခတ်မှုန့်ထည့်ပြီး ဆီသတ်ရပါမယ်။ ဆီပြန်ပြီး အိုးကပ်လာရင် ရေနွေးထည့်၊ ဆန်လှော်ထည့်ပြီး မွှေပေးနေရမယ်။ ခရုကျက်တဲ့အထိ နာရီဝက်၊ တစ်နာရီကြာအောင် ချက်ရပါမယ်။ ခရုကျက်ပြီဆိုရင်တော့ ဖက်ဖယ်၊ နံနံတို့ကို ရိုးရာဓလေ့အတိုင်း အပင်လိုက်ပစ်ထည့်လိုက်ရင်တော့ ရနံ့မွှေးကြိုင်ပြီး ခံတွင်းမြိန်စေမယ့် ခရုဆန်လှော်ဟင်းတစ်ခွက်ရပါပြီ။ *ဆက်လက်ဖော်ပြပါမည်။*

တိုင်းရင်းသားခရီးသွား

# ခေါ်နူးစုမ်သို့တစ်ခေါက်

မောင်မောင်ချစ်ဦး(မုံရွာ)


ဓာတ်ပုံ - taungzalattmay.blogspot.com

ခေါ်နူးစုမ်။ လှပလိုက်သည့်နာမည်လေး ဖြစ်သလို ခေါ်၍လည်း အရသာရှိလှသော အမည်လေးပင်ဖြစ်ပါသည်။ "ခေါ်နူးစုမ်" ဆိုသည်မှာ ချင်းတိုင်းရင်းသားတို့၏ ဘာသာစကားဖြစ်ပြီး "ခေါ်"ဆိုသည်မှာ မြန်မာလို "ဒေသ"၊ "နူး"ဆိုသည်မှာ မြန်မာလို "မိခင်" ဖြစ်၍ "စုမ်"သည် မြန်မာလို "တောင်"ဖြစ်ပါသည်။ မြန်မာလို ဆီလျော်အောင်ဘာသာပြန်ရပါက "မိခင်တောင်"(သို့မဟုတ်)"တောင်များ၏ မိခင်" (သို့မဟုတ်) မြေကမ္ဘာရဲ့မိခင် နတ်သမီး"ဟူ၍ ဖြစ်ပါသည်။

"ခေါ်နူးစုမ်" တည်ရှိသည်က ချင်းပြည်နယ်တောင်ပိုင်းရှိ ကန်ပက်လက်မြို့နယ်၊ မတူပီမြို့နယ်နှင့် မင်းတပ်မြို့နယ်များအကြား ဖိုခုံလောက်အတွင်း၌ပင် ဖြစ်ပါသည်။ အမှန်တကယ်ဆိုလျှင် ခေါ်နူးစုမ်ဟူသည့် အမည်ကား ချင်းတိုင်းရင်းသားလူမျိုးတို့၏ အစဉ်အဆက် ခေါ်ဝေါ်ပြောဆိုခဲ့သည့်အမည်ဖြစ်သော်လည်း တရားဝင်အမည်နာမကား "နတ်မတောင်"ဟူ၍ ဖြစ်ပါသည်။ အမည်နှင့် ပတ်သက်၍ ရှင်းလင်းချင်ပါသည်။

၎င်းတောင်၏ပတ်ဝန်းကျင်တွင် နေထိုင်နေကြသော ဒေသခံချင်းတိုင်းရင်းသားများသည် ရှေးအခါကတည်းကပင် "ခေါ်နူးစုမ်" ဟူ၍ ပြောဆိုခေါ်ဝေါ်ခဲ့ကြပါသည်။ သို့သော် မြန်မာမင်းများလက်ထက်တွင် ၎င်းတောင်ကို "ဇေယျပဗ္ဗတတောင်"ဟူ၍ ခေါ်ဝေါ်ကာ အမည်ပါသော ကမ္ပည်းကို တောင်ထိပ်ပေါ်တွင် စိုက်ထူခဲ့ပါသည်။ ထိုမှတစ်ဖန် နယ်ချဲ့အင်္ဂလိပ်တို့ အုပ်စိုးစဉ်ကာလတွင်တော့ "ဇေယျပဗ္ဗတတောင်"အမည်ကို ပယ်ဖျက်ကာ ဇေယျပဗ္ဗတတောင်အမည်ပါ ကမ္ပည်းကို ဖယ်ရှား၍ ၎င်းတို့၏ ဝိတိုရိယဘုရင်မကြီးကို ဂုဏ်ပြုသောအားဖြင့် ဝိတိုရိယတောင်ဟူ၍ ခေါ်တွင်ခဲ့သည်။

သို့သော် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကာလတွင် အင်္ဂလိပ်တို့ မှည့်ခေါ်သတ်မှတ်ခဲ့သော "ဝိတိုရိယတောင်"အမည်ကို ပယ်ဖျက်၍ "နတ်မတောင်"ဟူ၍ အမည်သစ်ကိုပြောင်းလဲသတ်မှတ်ခေါ်တွင်စေခဲ့ရာမှ "နတ်မတောင်" ဟူသည့်အမည်ဖြင့် ထင်ရှားလျက်ရှိ၍နေပါသည်။

သို့သော် ၎င်းတောင်ကို အချို့က "ခေါ်နူးစုမ်"ဟူ၍လည်းကောင်း၊ အချို့က "ဝိတိုရိယတောင်"ဟူ၍လည်းကောင်း၊ အချို့က "နတ်မတောင်"ဟူ၍လည်းကောင်း အမျိုးမျိုးခေါ်ဝေါ်လျက်ပင်ရှိနေပါသည်။

၎င်းတောင် (ခေါ်နူးစုမ်ဟူ၍သာ သုံးစွဲသွားပါမည်)သည် အမြင့်ပေ ၁၀၅၀၀ ရှိပြီး မြန်မာနိုင်ငံတွင် တတိယအမြင့်ဆုံးသော တောင်ဖြစ်သော်လည်း မြေသားဖုံးလွှမ်းသော တောင်အမျိုးအစားများထဲတွင်မူ အရှေ့တောင်အာရှ၌ အမြင့်ဆုံးသောတောင်ပင်ဖြစ်ပါသည်။ သစ်တောသစ်ပင်များဖြင့် ပြည့်လျှံစိမ်းလန်းစိုပြည်နေပြီး တောင်ထိပ်၌ အစဉ်အမြဲဆိုသလို မြူခိုးများ သိုင်းခြုံလျက်ရှိသည်ကလည်း ထူးခြားမှုပင် ဖြစ်ပါသည်။

တောတောင်ထူထပ်၍ စိမ်းလန်းစိုပြည်သဖြင့် တောရိုင်းတိရစ္ဆာန်များဖြစ်ကြသည့် ပြောင်၊ တောဆိတ်၊ တောင်ဆိတ်၊ တောခွေး၊ မျောက်လွှဲကျော် မျောက်မျိုးရင်းများ၊ ချေ၊ ဆတ်၊ တောဝက်၊ ခွေးအ၊ ကျားသစ်၊ အင်းကျား၊ သစ်ကြောင်၊ ကြောင်ကတိုး၊ ဝံကြောင်၊ ကြောင်မင်း၊ သင်းခွေချပ်၊ ခွေးတူဝက်တူ၊ တောကြောင်အမျိုးမျိုး၊ ဆတ်ခလောက်၊ ဖျံအမွေးနု၊ မြွေပါနှင့် လင်းနို့ သတ္တဝါများ ကျက်စားနေထိုင်ကြသည်။ ထို့ပြင် မျိုးသုဉ်းလုနီးပါးမျှဖြစ်နေသော "မျက်ခုံးမွေးဖြူငှက်ပြာခြောက်"ငှက်ကိုလည်း တွေ့ရှိလေ့လာနိုင်ပါသည်။ အထူးကဏ္ဍ [၈] သို့ »»

ကချင်တိုင်းရင်းသားရိုးရာအစားအစာ

## ခံတွင်းလည်းမြိန် ကျန်းမာရေးအတွက်လည်း အထောက်အကူပြုစေမည့် ကချင်ရိုးရာအစားအစာများ

■ နိုင်ထွန်း(TGI)

ကျွန်တော်ငယ်စဉ်ကပင် ရင်းနှီးကျွမ်းဝင်ခဲ့သည့် ကချင်ပြည်နယ် ကချင်လူမျိုးတို့နှင့်ပတ်သက်သည့် သီချင်းလေးရှိသည်။ ဒေါ်ကေဂျာနူး သီဆိုထားပြီး နောက်ပိုင်းအဆိုရှင်များစွာသီဆိုခဲ့သည့် "ကချင်မြေကို လာပါ၊ တကယ်ပျော်တယ်နော" သီချင်းလေးပင်ဖြစ်သည်။ ထို့အပြင် ကချင်လူမျိုးများ၏ ရိုးရာအစားအစာများကိုလည်း ခုံမင်နှစ်သက်နေမိသည်။ ထို့ကြောင့် တစ်ချိန်ချိန် ကချင်ပြည်နယ်ကိုသွားရန် စိတ်ကူးမိနေပေသည်။ ပြီးခဲ့သည့်ရက်ပိုင်းက မြစ်ကြီးနားမြို့မှ သူငယ်ချင်းမိတ်ဆွေဖြစ်သူ ဦးခင်မောင်မြင့်က ဖိတ်ကြားသဖြင့် အနားလည်းယူ၊ စားချင်တာလည်းစား၊ အလည်ခရီးလည်းဖြစ်ရန် မြစ်ကြီးနားမြို့သို့ ရောက်ဖြစ်ခဲ့ပေသည်။ ကျွန်တော်က နောက်တစ်နေ့တွင် ကချင်ရိုးရာအစားအစာများ စားချင်ကြောင်း ပြောကြားခဲ့ရာ ဧရာဝတီမြစ်ကမ်းနံဘေးရှိ စားသောက်ဆိုင်တစ်ခုကို လိုက်ပို့ခဲ့လေသည်။ ထိုဆိုင်တွင် ရိုးရာအစားအစာဖြစ်သည့် ဆီပါ၊ ကြက်ကချင်ချက်၊ ငါးကင်တို့ဖြင့် တည်ခင်းကျွေးမွေးခဲ့သည်။ ရိုးရာအစားအစာဖြစ်သည့်အတိုင်း စားကောင်းသဖြင့် ဆိုင်ပိုင်ရှင်နှင့် တွေ့ဆုံခွင့်တောင်းခဲ့သည်။ ပြီးနောက် ရိုးရာအစားအစာများ စား၍ကောင်းပါကြောင်း၊ အခြားသော ဟင်းအမယ်များလည်း ဘာရှိသေးလဲသိချင်တာရယ်၊ အပန်းမကြီးပါက ချက်ပြုတ်နည်းလေးတွေသိချင်လို့ပြောတော့ ဆိုင်ပိုင်ရှင်အမျိုးသမီးက ပြောပြပေးနိုင်ပါကြောင်း၊ ၎င်း၏အစ်မဖြစ်သူနှင့်အတူ ဖွင့်လှစ်ထားသည့်အတွက် အစ်မဖြစ်သူနှင့်အတူ ဖြေကြားပေးမည်ဖြစ်ကြောင်း ပြောပြခဲ့ပေသည်။ သို့နှင့် နောက်တစ်နေ့ ၎င်းတို့ညီအစ်မက ချိန်းဆိုသည့်အချိန်တွင် သွားရောက်ပြီး ရိုးရာအစားအစာများအကြောင်း မေးမြန်းဖြစ်ခဲ့ပါသည်။

**မေး။ ။ ရိုးရာဆိုင်ဖြစ်ပေါ်လာပုံလေးနှင့် လူကြိုက်အများဆုံးအစားအသောက်လေးတွေသိပါရစေ။**


ကချင်ရိုးရာအစားအစာ ဆီပါ။ ဓာတ်ပုံ - ငွေအောင်

ဖြေ။ ။ ရိုးရာစားသောက်ဆိုင်ကို ၁၉၉၈ ခုနှစ်မှာ စတင်ဖွင့်လှစ်ဖြစ်ခဲ့တာပါ။ ယခင် မိဘတွေရှိစဉ် ၁၉၆၉ ခုနှစ်လောက်ကတည်းက ရိုးရာအစားအသောက်ကို စတင်ရောင်းချလာခဲ့တာပါ။ မိဘတွေမရှိတော့တဲ့နောက်ပိုင်းမှာလည်း ညီအစ်မတွေစုပေါင်းပြီး ဆက်လက်လုပ်ဆောင်ခဲ့ပြီး အခုလို ဆိုင်ဖွင့်နိုင်တဲ့အထိ ဖြစ်လာတာပါ။

**မေး။ ။ ကချင်ရိုးရာအစားအစာအမည်တွေနဲ့ စားသုံးမှုများတဲ့ အမယ်လေးတွေ ပြောပြပေးပါ။**

ဖြေ။ ။ ကချင်ရိုးရာအစားအစာတွေမှာ စားသုံးမှုအများဆုံးကတော့ ရာသီထွက် အရွက်မျိုးစုံကိုချက်ပြုတ်ထားတဲ့ ဆီပါ၊ မိုးလွတ်သုပ်(ဝက်၊ အမဲ)၊ ကြက်ဆံလျှော်၊ ကြက်ကချင်ချက်၊ ငါးပေါင်း၊ ငါးကင်နှင့် မှိုတုန်တုန်သုပ်တွေပဲ ဖြစ်ပါတယ်။

**မေး။ ။ ကချင်ရိုးရာအစားအစာတွေနဲ့ပတ်သက်ပြီး ထူးခြားမှုလေးတွေ ပြောပြပေးပါ။**

ဖြေ။ ။ ကချင်ရိုးရာအစားအစာတွေမှာ လတ်ဆတ်တဲ့အသီးအနှံတွေကို ဆီမပါဘဲ ဖက်နဲ့ထုပ်ပေါင်းခြင်း၊ မီးအုံးခြင်း၊ ပြုတ်ခြင်း စတဲ့နည်းတွေနဲ့ ချက်ပြုတ်တဲ့အတွက် ကျန်းမာရေးအတွက် အထောက်အကူပြုတယ်။ ခန္ဓာကိုယ်အတွက်လိုအပ်တဲ့ ဓာတ်သတ္တုတွေရရှိနိုင်စေတဲ့ အကျိုးကျေးဇူးတွေရရှိပါတယ်။

**မေး။ ။ လူကြိုက်အများဆုံးဟင်းအမယ်တွေနဲ့ ပါဝင်တဲ့ပစ္စည်း၊ ချက်ပြုတ်ပုံလေးတွေ သိပါရစေ။**

ဖြေ။ ။ ကချင်ပြည်နယ်ကို ရောက်လာရင်တော့ ဆီပါ၊ ကြက်ဆံလျှော်နဲ့ ကြက်ကချင်ချက်တွေကို အများအားဖြင့် မှာယူစားသုံးကြပါတယ်။ ဆီပါ ကတော့ လတ်ဆတ်တဲ့အသီးအရွက်တွေကို ဆီမပါဘဲ ချက်ပြုတ်ထားတဲ့ ဟင်းအမယ်ဖြစ်ပါတယ်။ ရာသီပေါ်သီးနှံတွေကို ချက်ပြုတ်တာဖြစ်တဲ့အတွက် နွေ၊ မိုး၊ ဆောင်း ပါတဲ့အသီးအရွက်အမယ်တွေမတူပါဘူး။ ဘိုးဘွားစဉ်ဆက် စားသုံးကြတာဖြစ်ပြီး ဆီမပါတဲ့အတွက် ကျန်းမာရေးအတွက် အထူးကောင်းပါတယ်။ ခုခေတ်မှာတော့ စားသုံးသူအကြိုက် ဆီနဲ့ မြေပဲဆန်ထည့်ပြီး ချက်ပြုတ်တာလေးတွေရှိပါတယ်။ ကြက်ဆံလျှော်ကတော့ ဒေသကြက်ကို ဆန်လှော်နဲ့ အဆာပလာတွေဖြစ်တဲ့ ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ နံနံ(ရှမ်း၊ မြန်မာ)၊ ပင်စိမ်းတို့နဲ့ချက်ရပါတယ်။ မပျစ်မကျဲလေးပေါ့၊ ပျစ်သွားရင်တော့ ဆလူဖြစ်သွားတယ်လို့ပြောပါတယ်။ ဆလူဆိုရင်တော့ အသီးအရွက်၊ အသားငါးထည့်လည်း ရပါတယ်။ လူကြီးတွေနဲ့နိုင်ငံခြားသားတွေ ပိုကြိုက်ပါတယ်။ အထူးကဏ္ဍ [၈] သို့ »»

ရွှေကြေးစည် မှ ကျိုက်ထီးရိုး (နေ့စဉ်)

▲ တောင်ကြီး၊ ပင်းတယ ... [illegible]

▲ (ပုဂံ၊ ပုပ္ပါး၊ ...) [illegible]

▲ [illegible]

▲ [illegible]

Nov 1, 2

ဖုန်း-၀၁-၂၄၀၈၆၀၊ ၀၁-၃၇၂၂၉၀ ... [illegible]

နိုင်ငံတကာခရီး 09450666544, 09767676340, 09450068123

1.11.2017

[illegible]


**အများသိစေရန် ကြေညာချက်**

[illegible]

ဌာနမှူး အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**တန်ရှုတ်နိုင်ကြောင်းကြော်ငြာ**

[illegible]

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**တန်ရှုတ်နိုင်ကြောင်းကြော်ငြာ**

[illegible]

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စာအုပ်စာပေလှူမိတ်ဆွေ

## တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အစွန်ဌာန၏ "ဒဂုံ(မြို့သစ်)ဆိပ်ကမ်းမြို့နယ်ငါးပိ၊ငါးခြောက်၊ ငံပြာရည်နှင့် အနံ့လုပ်ငန်း စီမံကိန်းဧရိယာတွင် 66/11kV 10MVA ဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ 66kV မဟာဓာတ်အားလိုင်း (၃၅) မိုင်ခန့် တည်ဆောက်ခြင်းလုပ်ငန်း" ကိုတိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါတင်သွင်း နိုင်ရန်ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါတင်သွင်းသူများ လိုက်နာရန်ညွှန်ကြားချက် (Instructions to Tenderers ) နှင့်အညီ တင်သွင်းရန်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို (၁၆-၁၀-၂၀၁၇)ရက်နေ့မှ (၂၆-၁၀-၂၀၁၇)ရက်နေ့အထိ ဗိုလ်တထောင်မြို့နယ်၊ ၄၆လမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(၁၂)ထပ်ရုံး အစွန်ဌာနတွင်ဝယ်ယူနိုင်ပါကြောင်း (၁၇-၁၁-၂၀၁၇)ရက်နေ့ ညနေ ၁၅:၃၀ နာရီနောက်ဆုံးထားပြန်လည်တင်သွင်းရန် ဖြစ်ပါကြောင်း၊ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါကြောင်းနှင့် အသေးစိတ်အချက် အလက်များသိရှိလိုပါက ဖော်ပြပါရုံးသို့လည်းကောင်း၊ တယ်လီဖုန်းနံပါတ်(၀၉-၂၆၅၄၀၈၅၀၃)သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း ဖော်ပြအပ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အမှတ်-၂/၁၈၃၉၊ ရွှေဟင်္သာဘုရားလမ်း၊ ရွှေဟင်္သာရပ်ကွက်၊ တောင်ငူမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် နေထိုင်သူ ဒေါ်သန့်ကြည်ပြာအောင်(ဘ) ဦးသိန်းအောင် [၇/တငန(နိုင်)၁၁၆၃၃၁]နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပင်လုံလမ်းမကြီး၊ (၂၉)ရပ်ကွက်၊ အမှတ်(၂၁/၂၂)တွင် ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော Hotel Bo Bo Min၏ တာဝန်ရှိသူ လက်ထောက်အထွေထွေမန်နေဂျာ ဦးမျိုးသော်လတ်[၁၂/ကမတ(နိုင်)၀၁၀၇၇၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်သန့်ကြည်ပြာအောင်သည် Hotel Bo Bo Min တွင် အစားအသောက်နှင့် အဖျော်ယမကာဌာနတွင် လက်ထောက်မန်နေဂျာရာထူးဖြင့် တာဝန်ယူဆောင်ရွက်နေစဉ် ထို Hotel တွင် မင်္ဂလာပွဲကျင်းပရန်အတွက် လာရောက်ပေးသွင်းထားသော ကြိုတင်ငွေ-၁၈၀၀၀၀၀(ကျပ်တစ်ဆယ့်ရှစ်သိန်းတိတိ)ကိုလက်ခံပြီး Hotel တာဝန်ရှိသူထံသို့ အဆိုပါငွေများကို အပ်နှံခြင်းမရှိဘဲ မိမိကိုယ်ကျိုးအတွက် အလွဲအသုံးပြုခဲ့ပါသည်။ ဒေါ်သန့်ကြည်ပြာအောင်မှ မိမိကိုယ်ကျိုးအတွက်အသုံးပြုခဲ့သောငွေ၁၈၀၀၀၀၀ိ/-(ကျပ်တစ်ဆယ့်ရှစ်သိန်းတိတိ) ကိုပေးဆပ်ရန် တာဝန်ရှိကြောင်းဝန်ခံ၍ ၃၀-၉-၂၀၁၇ရက်တွင် နောက်ဆုံးထား၍ ပေးဆပ်မည်ဖြစ်ပါကြောင်း၊ ၈-၆-၂၀၁၇ရက်က "ငွေပေးဆပ်ခြင်းဝန်ခံသည့်စာချုပ်"ကို ဦးမျိုးသော်လတ်၊ ဦးစိုးမြင့်နှင့် တာဝန်ရှိသူများ ရှေ့မှောက်၌ ဝန်ခံချုပ်ဆိုပေးခဲ့ပါသည်။ သို့ရာတွင် ဒေါ်သန့်ကြည်ပြာအောင်သည် ၃၀-၉-၂၀၁၇ရက်က ငွေ-၁၈၀၀၀၀၀ိ/ကို ပေးဆပ်ရန် လုံးဝပျက်ကွက်ခဲ့ပါသည်။ သို့ဖြစ်၍ ဒေါ်သန့်ကြည်ပြာအောင်အနေဖြင့် ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း Hotel မှ တာဝန်ရှိသူများထံသို့ ငွေ-၁၈၀၀၀၀၀ိ/-ကို တစ်လုံးတစ်ခဲတည်းပေးဆပ်ရန်နှင့် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်မော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၇၅)**
**ဒေါ်ခင်ပြည့်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၄၈)**
**အမှတ်-၇၀၃၊ တိုက်-၆/၈၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၀၈၇၂၄၉၊ ၀၉-၄၂၅၀၁၇၁၉၃**

## (၃၅)ကြိမ်မြောက် ဘုံကထိန်လျှာသင်္ကန်းဆက်ကပ်ပွဲ

အမှတ်-၇၀၊ သာသနာ့ရိပ်သာလမ်း၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ် "ရွှေမင်းဝံသာသနာ့ရိပ်သာ"တွင် ပုရိမဝါမှ ထတော်မူကြသော သံဃာတော်များအား (၃၅)ကြိမ်မြောက် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘုံကထိန်လျှာ သင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲကို (၁၃၇၉ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ရက်) ၁၅-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့)၊ နံနက် ၈နာရီတွင် လှူဒါန်းဆက်ကပ်မည်ဖြစ်ပါ၍ အလှူရှင်များ ကိုယ်တိုင်ကပ်လှူနိုင်ရန် "မဟာဓမ္မဗိမာန်တော်" အပေါ်ထပ်တွင် စီစဉ်ထားရှိပါသည်။

**ရွှေမင်းဝံသာသနာ့ရိပ်သာဂေါပကအဖွဲ့နှင့်**
**ပုညသီအမျိုးသမီးဝေယျာဝစ္စအဖွဲ့**
**ဖုန်း-၅၄၂၈၇၆၊ ၅၄၈၇၃၇**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦဦးစီးဌာန
## တည်ဆောက်ရေး(၃)
## အဆောက်အဦအထူးအဖွဲ့(၁၃)၊ မော်လမြိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ တည်ဆောက်ရေး(၃)၊ အဆောက်အဦအထူးအဖွဲ့(၁၃)မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် မွန်ပြည်နယ်တရားလွှတ်တော် ပေ(၂၄၀×၂၄၀)၊ RCC (၃)ထပ်ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် Press Pile လုပ်ငန်းများဆောင်ရွက်ရန်ရှိပါသည်။ Press Pile လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ရွေးချယ်လိုပါသဖြင့် ပေးသွင်းလိုသူများ တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

| | |
|---|---|
| ၁။ တင်ဒါလျှောက်လွှာရယူနိုင်သည့်ရက် | - ၁၂-၁၀-၂၀၁၇ရက် |
| ၂။ တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ | - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ အဆောက်အဦဦးစီးဌာန၊ မွန်ပြည်နယ် (သစ်တောရုံးလမ်း၊ စစ်ကဲကုန်းရပ်) |
| ၃။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် Profile များစစ်မည့်ရက်/အချိန် | - ၆-၁၁-၂၀၁၇ရက်(တနင်္လာနေ့)၊ မွန်းလွဲ ၁း၀၀နာရီ |
| ၄။ တင်ဒါဖွင့်မည့်ရက်နှင့်အချိန် | - ၁၀-၁၁-၂၀၁၇ရက်(သောကြာနေ့)၊ မွန်းလွဲ ၁း၀၀နာရီ |
| ၅။ တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ | - ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ |

၆။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁၂-၁၀-၂၀၁၇ ရက်မှစတင်၍ ရုံးချိန်အတွင်း ဖုန်း-၀၉-၅၀၈၂၆၁၉၊ ၀၉-၂၅၅၈၀၃၆၂၉သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ရွှေသဏ္ဍာ ချက်အမှန်**

[illegible]

# မီး သတိပြု

## Taxi အိမ်ပေးငှားရန်ရှိသည်

စပေါ် ၃သိန်း တစ်ရက် ၉၀၀၀ိ/- Suzuki Auto 660CC ကမာရွတ်၊ လှိုင်၊ ဗဟန်း၊ စမ်းချောင်း၊ ရန်ကင်း၊ အလုံမြို့နယ်များတွင် နေထိုင်သူ ဦးစားပေးမည်။

**ဆက်သွယ်ရန်ဖုန်း**
**၀၉-၇၉၉၇၂၁၁၂၉၊**
**၀၉-၇၉၉၇၂၁၁၀၉**
**နံနက် ၉နာရီမှ ညနေ ၅နာရီ အတွင်းသာ ဆက်ပါရန်။**

